www.burmeseclassic.com

# ဒုတိယကမ္ဘာစစ်မှတ်တမ်း

သန်းဝင်းလှိုင်(ဗ)







Design - YèThuAung (AMK)

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မိမိလှိုင် (မြဲ-၀၉၇၅၄)
အမှတ် (၁၂၉/၂)၊ မီးရထားလမ်းသွယ် (၄)၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဒေါ်မိမိလှိုင် (မြဲ-၀၃၉၈၉)
အမှတ် (၂၃)၊ သစ်ရာပင်လမ်း
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
မိုးကျော်စာပေ
အမှတ် (၃၈၅) (၃၈၇)၊ ဗိုလ်ချုပ်လမ်း
(ရွှေဘုံသာလမ်းနှင့် ၂၉ လမ်းကြား)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀ ၂၉၀၉၁၊ ၀၉ ၇၃၂ ၄၅၂၈၇

အကြိမ် - ပထမအကြိမ်
ထုတ်ဝေသည့်လ - ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၈၀၀ (ကျပ်)

သန်းဝင်းလှိုင် ၉၂၀
ဒုတိယကမ္ဘာစစ်မှတ်တမ်း/သန်းဝင်းလှိုင်၊ ရန်ကုန်။
မိုးကျော်စာပေ၊ ပထမအကြိမ်၊ ၂၀၁၃
၁၂၈-စာ၊ ၁၀ × ၁၈ စင်တီ
(၁) ဒုတိယကမ္ဘာစစ်မှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယကမ္ဘာစစ်မှတ်တမ်း

(V)

## သန်းဝင်းလှိုင်

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ယခုခေတ် လူသားတိုင်း ကြောက်မက်ဖွယ် ကောင်းလှသော ပထမကမ္ဘာစစ် (၁၉၁၄-၁၈)နှင့် ဒုတိယကမ္ဘာစစ် (၁၉၃၉-၄၅)ကြီးနှစ်ခုကို သင်ခန်းစာယူကာ နျူကလီးယား လက်နက်များကို ကိုယ်စီကိုင်ထားသည့် နိုင်ငံကြီးများကိုကြည့်၍ တတိယကမ္ဘာစစ်ကြီး ဖြစ်လာမည်ကို စိုးရိမ်နေကြသည်။ မှန်၏။ ယခုအကြိမ် စစ်ကြီးဖြစ်လျှင် လူသားမျိုးနွယ်များ ကွယ်ပျောက်လုမတတ် ဖြစ်သွားနိုင်သည့် နျူကလီးယား စစ်ပွဲကြီး ဖြစ်လာမည်မှာ မလွဲကေန်ပင်ဖြစ်သည်။ ထို့ကြောင့် တတိယကမ္ဘာစစ်ကြီး ရှောင်လွှဲနိုင်ရေးအတွက် ငြိမ်းချမ်းရေး တေးသံကို လူသားတိုင်းလိုပင် သီကျူးနေကြရပေသည်။

BURMESE CLASSIC

နိုင်ငံများက လက်ခံထားသည်မှာ စစ်၏အနိဋ္ဌာရုံ အကြောင်းခံကို သိရှိနားလည်ထားလျှင် စစ်ကိုဟန့်တားနိုင်လိမ့်မည် ဟူ၍ ဖြစ်သည်။ ထို့ကြောင့်လည်း ငွေကြေးမြောက်မြားစွာ အကုန်အကျခံကာ စစ်၏ခါးသီးသော ဆိုးကျိုးများကို လူသားတိုင်း သိရှိနားလည်ရေးအတွက် လှုံ့ဆော်စည်းရုံး ဆော်ဩလျက်ရှိသည်။

စစ်ဖြစ်သည့်အကြောင်းရင်းများကို မလေ့လာမီ 'စစ်'ဟူသော ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို ဆန်းစစ်ကြည့်သင့်ပေသည်။ စစ်၏ အဓိပ္ပာယ်ကား ကျယ်ဝန်းလှ၏။ ကမ္ဘာဦးတည်စမှ ယနေ့အောင် စစ်ဘေးဒဏ်ကို ကြုံရဆဲဖြစ်သည်။ နောင်တွင်လည်း ကမ္ဘာတည်သရွေ့ စစ်ဘေး၊ စစ်ဒဏ်ကို လူသားတို့ ကြုံရဦးမည်ကား မလွဲပေ။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


– နိဒါန်း

၁။ အခန်း (၁) ၁၅

ဒုတိယကမ္ဘာစစ်နောက်ခံသမိုင်း

၂။ အခန်း (၂) ၃၁

နာဇီပါတီနှင့် ဟစ်တလာ

၃။ အခန်း (၃) ၃၉

နာဇီပါတီ

၄။ အခန်း (၄) ၅၃

မူဆိုလီနီနှင့် ဟစ်တလာကို လက်တွဲခြင်း

၅။ အခန်း (၅) ၆၁

အီတလီ၏ ကျူးကျော်မှု

၆။ အခန်း (၆) ၇၅

ဒုတိယကမ္ဘာစစ်ကြီး စတင်ပေါ်ပေါက်ချက်

၇။ အခန်း (၇) ၈၅

အလာမိန်းတိုက်ပွဲ

၈။ အခန်း (၈) ၁၁၁

ဟစ်တလာ၏ နောက်ဆုံးနေ့


www.burmeseclassic.com

www.burmeseclassic.com



## ၁။ စစ်အဓိပ္ပာယ်

စစ်ပါရဂူကြီးများက စစ်ကို အဓိပ္ပါယ်အမျိုးမျိုးဖွင့်ဆိုကြလေသည်။ သူအများနားလည်ကြသည်မှာ စစ်ဟူသည် လက်နက်စွဲကိုင်၍ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တိုက်ခိုက်ခြင်းဟူ၍ ဖြစ်သည်။ အဘိဓာန်ကျမ်းများ၌ ဘိုင်းပြည်အချင်းချင်း လက်နက်အားကိုးဖြင့် တိုက်ခိုက်ခြင်း၊ ပဋိပက္ခဖြစ်ခြင်းဟူ၍ ဖွင့်ဆိုထားပေသည်။ အမှန်စင်စစ် စစ်၏ အဓိပ္ပါယ်မှာ ကျယ်ဝန်းလှပေသည်။ စစ်ပါရဂူကြီးများ၏ အဆိုကို အားလုံးခြုံ၍ ကောက်နုတ်ချက်ချမည်ဆိုပါက စစ်ဟူသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်ဖြစ်ပေသည်။

(က) နိုင်ငံရေး ရည်ရွယ်ချက်အပေါ်၌ အခြေပြုသော ပဋိပက္ခမျိုးဖြစ်ခြင်း၊

(ခ) အစမ္ဗအင်အား၊ စစ်လက်နက် အင်အားကို အသုံးချကာ တိုက်ခိုက်ကြသော ရန်ဘက်အုပ်စု၊ သို့မဟုတ် ရန်ဘက်နိုင်ငံများဖြစ်ခြင်း။

(ဂ) အရွယ်ပမာအားဖြင့်လည်း အများက နိုင်ငံရေးအုပ်စု တစ်ခုဟု သတ်မှတ်နိုင်လောက်သည့် အုပ်စု သို့မဟုတ် နိုင်ငံများ၊ နိုင်ငံစုများ ရန်ဖက်များအဖြစ် ပါဝင်ကြရခြင်း၊

(ဃ) ထိုပဋိပက္ခသည် အချိန်အားဖြင့် အတန်ကြာကြာ ဆက်လက်ဖြစ်ရခြင်း၊

(င) တိုက်ခိုက်သည့် ရည်ရွယ်ချက်အနေဖြင့်လည်း တစ်ဖက်ရန်သူအုပ်စုအား အပြီးသတ်၍ ငြင်းရန်ဖြစ်ရခြင်းဟူ၍ ဖြစ်သည်။

တရုတ်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌကြီးမော်စီတုန်းကမူ-

"စစ်ဆိုသည်မှာ ပုဂ္ဂလိကပိုင် ဥစ္စာဓနများနှင့် လူတန်းစားများ ပေါ်ပေါက်လာသည့် အချိန်ကစတည်းက ဖြစ်ပွားလာခဲ့သည်။ စစ်ဆိုသည်မှာ လူတန်းစားအချင်းချင်း၊ အမျိုးသားအချင်းချင်း၊ နိုင်ငံအချင်းချင်း နိုင်ငံရေးအုပ်စုအချင်းချင်း ဖြစ်ပွားကြသည့် ပဋိပက္ခများ အဆင့်တစ်ခုအထိ တိုးပွားလာသောအခါ ဖြေရှင်းသည့် အမြင့်ဆုံးတိုက်ပွဲသဏ္ဍာန်ဖြစ်သည်" ဟူ၍ သူ၏

www.burmeseclassic.com

www.burmeseclassic.com



"တရုတ်တော်လှန်ရေးပြဿနာများ" (၁၉၃၆-၁၂) အတွဲ ၁ ၌ ရေးသားထားလေသည်။



ဥက္ကဋ္ဌကြီးမော်။

ထို့အပြင် ရေရှည်စစ် (၁၉၃၈-၅)အတွဲ ၂ ၌ "စစ်ဆိုတာ နိုင်ငံရေးရဲ့ အသက်ဖြစ်တယ်" ဒီ အဓိပ္ပာယ်အရဆိုရင် စစ်ဆိုတာ နိုင်ငံရေးပဲဖြစ်တယ်။ ကိုယ်၌က နိုင်ငံရေး အပြုအမူဖြစ်တယ်။ ရှေးခေတ်ကစပြီး နိုင်ငံရေးသဘော မပါတဲ့ စစ်ပွဲဆိုလို့ မရှိဖူးဘူး။

ဒါပေမယ့်၊ စစ်မှာ ကိုယ်ပိုင် ထူးခြားချက် ရှိတယ်။ ဒီ အဓိပ္ပာယ်အရဆိုရင် စစ်ဟာ ယေဘူယျ နိုင်ငံရေးမဟုတ်ဘူး စစ်ဆိုတာ နိုင်ငံရေးကို ထူးခြားတဲ့နည်းနဲ့ ဆက်လက်လုပ်ခြင်း ဖြစ်တယ်။ နိုင်ငံရေးဟာ အဆင့်တစ်ခုခုအထိ တိုးပွားလာပြီး မူလနည်းနဲ့ ရှေ့ကို တိုးမသွားနိုင်တဲ့အခါ၊ နိုင်ငံရေး လမ်းပေါ်က အတားအဆီးတွေကို ဖယ်ရှားပစ်ဖို့အတွက် စစ်ဖြစ်ရတော့တယ်။ ... အတားအဆီးတွေကို ဖယ်ရှားပစ်ပြီး၊ နိုင်ငံရေး ရည်ရွယ်ချက် အထမြောက်တာနဲ့ စစ်လည်း အဆုံးသတ်သွားလိမ့်မယ်။ ဒါပေမယ့် အတားအဆီးတွေကို ကုန်စင်အောင် ဖယ်ရှားမပစ်ရသေးရင်တော့၊ ရည်ရွယ်ချက် အထမြောက်တဲ့အထိ စစ်ကို ဆက်လက်ဆင်နွှဲနေ

www.burmeseclassic.com

www.burmeseclassic.com



ရှိုးမှာပဲ။ ... ဒါကြောင့် နိုင်ငံရေးဟာ သွေးမထွက်တဲ့စစ် ဖြစ်တယ်။ စစ်ဟာ သွေးထွက်တဲ့ နိုင်ငံရေးဖြစ်တယ်လို့ ဆိုနိုင်တယ်။

သမိုင်းတစ်လျှောက်က စစ်ပွဲတွေကို နှစ်မျိုးနှစ်စားခွဲခြားနိုင်တယ်။ တစ်မျိုးက တရားတဲ့စစ်ပွဲ၊ နောက်တစ်မျိုးက မတရားတဲ့စစ်ပွဲဖြစ်တယ်။ တိုးတက်တဲ့ စစ်ပွဲမှန်သမျှဟာ တရားတဲ့စစ်ပွဲဖြစ်ပြီး၊ တိုးတက်မှုကို တားဆီးနှောင့်ယှက်တဲ့ စစ်ပွဲမှန်သမျှဟာ မတရားတဲ့စစ်ပွဲဖြစ်တယ်။ ကျုပ်တို့ကွန်မြူနစ်များဟာ တိုးတက်မှုကို တားဆီးနှောင့်ယှက်တဲ့ မတရားတဲ့ စစ်ပွဲမှန်သမျှကို ဆန့်ကျင်တယ်။ ဒါပေမယ့် တိုးတက်တဲ့တရားတဲ့ စစ်ပွဲများကိုတော့ မဆန့်ကျင်ဘူး။ တရားတဲ့ စစ်ပွဲတွေကို ကျုပ်တို့ကွန်မြူနစ်များက မဆန့်ကျင်ရုံမက၊ တက်တက်ကြွကြွတောင် ပါဝင်ဆင်နွှဲကြသေးတယ်။ မတရားတဲ့ စစ်ပွဲဆိုရင် ဥပမာ ပထမကမ္ဘာစစ်ကြီး ဆိုပါတော့ စစ်တိုက်ကြတဲ့ နှစ်ဖက်စလုံးပဲ နယ်ချဲ့အကျိုးစီးပွားအတွက် တိုက်ကြတာဖြစ်လို့၊ ဒီစစ်ကြီးကို တစ်ကမ္ဘာလုံးရှိ ကွန်မြူနစ်များက ပြတ်ပြတ်သားသား ဆန့်ကျင်ကြတယ်။ ဆန့်ကျင်တဲ့နည်းလမ်းကတော့ စစ်မဖြစ်ခင်မှာဆိုရင် စစ်မဖြစ်အောင် အင်တိုက်အားတိုက် တားဆီးတယ်။ စစ်ဖြစ်လာတဲ့ နေရာဆိုရင် တတ်နိုင်ရင် စစ်ကိုစစ်နဲ့ ဆန့်ကျင်တယ်။ မတရားတဲ့ စစ်ကိုတရားတဲ့စစ်နဲ့ ဆန့်ကျင်တယ်။

ကျုပ်တို့ဟာ စစ်ကို သုတ်သင်ပစ်လိုသူများ ဖြစ်ကြတယ်။ ကျုပ်တို့စစ်ကိုမလိုလားပါဘူး။ ဒါပေမယ့် စစ်တိုက်တဲ့ နည်းနဲ့သာ စစ်ကို သုတ်သင်ပစ်နိုင်တယ်။ သေနတ်ကို မလိုလားရင် သေနတ်ကိုပဲ စွဲကိုင်ရမယ်' ဟူ၍ ရေးသားထားလေသည်။ ဘင်ဂျမင်ဖရန်ကလင်က 'မဆိုးတဲ့ စစ်နဲ့ မကောင်းတဲ့ ငြိမ်းချမ်းရေးဆိုတာ မရှိပါဘူး' ဟူ၍ ဆိုခဲ့သည်။

ကမ္ဘာ့နိုင်ငံပေါင်းချုပ် အသင်းကြီးက ဦးဆောင်ကျင်းပခဲ့သော 'စစ်ဖြစ်ပွားစေသော အကြောင်းရင်းများကို စူးစမ်းလေ့လာသည့် ကွန်ဖရင့်'မှ ၁၉၂၅ ခုနှစ်တွင် ထုတ်ပြန်ကြေညာချက်အရ စစ်များဖြစ်ပွားသော အခြေခံအကြောင်းရင်းမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လူတို့၏ ဗီဇများကြောင့်ဖြစ်ကြောင်းကို အသေးစိတ်အချက်အလက် ၂၅၀ကျော်ဖြင့် ဖော်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com


ပါမောက္ခ ချားလ်ဟောဒ်ဂျစ်ကလည်း လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ မဟာဗျူဟာရေး စသည့်အကြောင်းရင်း (၂၁)ခုခန့်ကြောင့်သာ စစ်ဖြစ်ပွားခဲ့သည်ဟူ၍ သူ၏ 'အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး' စာအုပ်တွင် ဖော်ပြထားသည်။

'တော်နာ' (Tell. A. Tuaner) ဆိုသူကမူ စီးပွားရေး၊ ထီးနန်းရေး၊ ဘာသာရေး၊ လူတို့၏ တွေးခေါ်မှုစသောအကြောင်းရင်း ၄၀ ကျော်တို့သည် စစ်ဖြစ်ပွားစေသည့် အဓိကအကြောင်းရင်းဖြစ်ကြောင်း၊ ယင်း၏ 'စစ်ဖြစ်ရသောအကြောင်းရင်း' ဟူသော စာအုပ်၌ရေးသား ဖော်ပြထားလေသည်။

လောကဗျူဟာကျမ်း၌ စစ်ဖြစ်ရခြင်း အကြောင်းတရား (၁၃)ပါးကို အောက်ပါအတိုင်း ဖော်ပြထားသည်-

(က) နယ်ခြားသတ်မှတ်မှုကြောင့်၊
(ခ) မြေအောက်မြေပေါ်ပစ္စည်းလိုချင်မှုကြောင့်၊
(ဂ) ဆင်ကောင်း၊ မြင်းကောင်းလိုချင်မှုကြောင့်၊
(ဃ) စစ်သုံးလက်နက် လိုချင်မှုကြောင့်၊
(င) သမီးကညာလိုချင်မှုကြောင့်၊
(စ) ကုန်းတိုက် ဥပါယ်ပြုမှုကြောင့်၊
(ဆ) သစ္စာဖောက်ပြန်မှုကြောင့်၊
(ဇ) စေပါးသော ရာဇသံစကားကို အနိမ့်အမြင့် မသိမှုကြောင့်၊
(ဈ) မင်းအစိုးရတို့ တိုင်းပြည် မစောင့်ရှောက်မှုကြောင့်၊
(ည) ဗိုလ်ပါ ရဲမတ်၊ သူရဲ၊ သူဆက်တို့မရှိ၊ နည်းပါးမှုကြောင့်၊
(ဋ) ကုန်သည်တို့ လောဘကြီးမှုကြောင့်၊
(ဌ) ရန်ငြိုးဖွဲ့မှုကြောင့် ၊

စသည်တို့ဖြစ်သည်။

မက်ခီယာဗယ်လီ (Niccolodi Bermardo dei Machia Velli -1469-1577) ကမူ 'စစ်သည် နိုင်ငံရေးလိုအပ်ချက်အရဖြစ်သည်' ဟူ၍ ဆိုခဲ့သည်။

တစ်ဖန် ပရပ်ရှား စစ်ဗိုလ်ချုပ်ကြီးနှင့် စစ်ပါရဂူကလော့ဇ်ဝစ်ဇ် (Karl von Clausewitz-1780-1831) က 'စစ်သည် နိုင်ငံရေးဖြစ်စဉ်ကို သွေဖီခြင်းအလျဉ်းမရှိ၊ နိုင်ငံရေးလမ်းကြောင်းအတိုင်းသာ၊ ဘားရာအတိုင်းသာ

www.burmeseclassic.com

www.burmeseclassic.com



စစ်သည်ဖြစ်ပွား၏။ စစ်ဆင်တိုက်ခိုက်မှု နည်းလမ်းသည် မည်သို့ပင် ဖြစ်စေ ကာမူ ရည်ရွယ်ချက်မှာကား နိုင်ငံရေးဖြစ်စဉ်အတွင်း၌သာ ဖြစ်သည် ဟူ၍ ယင်း၏ 'စစ်သေနင်္ဂဗျူဟာ' (On Wars) စာအုပ်၌ ရေးသားထားလေသည်။



ယင်းတို့၏ အယူအဆ အသီးသီးကိုခြုံ၍ လေ့လာပါက စစ်ဖြစ်ရ သည့်အကြောင်းရင်းများကို အောက်ပါအတိုင်း တွေ့ရမည်ဖြစ်သည်။

အချို့ကမူ လူတို့၏ သန္ဓေဗီဇစိတ်ကြောင့် စစ်ဖြစ်ရသည်ဟုဆို၏။ ၎င်းတို့၏ တွေးခေါ်ပုံမှာ လူသတ္တဝါများသည် မွေးစကပင် တိုက်ခိုက်လို စိတ်ရှိကြ၏။ ရန်းကန်လိုစိတ်၊ အစွမ်းပြလိုစိတ်ရှိကြ၏။ ထို့ကြောင့် တိုင်း ပြည်နှင့် လူမျိုးချီ၍ ယင်းစိတ်ထားကို ထုတ်ဖော်သောအခါ စစ်များဖြစ်ကြ ရသည်ဟူ၏။

အချို့ကလည်း စစ်ဟူသည် လူတို့၏ မကြွေရစိတ်ထားကြောင့် ဖြစ် သည်ဟု ဆိုကြသည်။ တစ်နည်းအားဖြင့် စစ်ဆိုသည်မှာ မကောင်းမှုဖြစ် သောကြောင့် မကောင်းသောသူများကသာ ကျူးလွန်ဆင်နွှဲတတ်ကြောင်း ဖော်ပြကြသည်။ ယင်းကို Movalistic Theory ခေါ် စိတ်မတည်တံ့သော သီအိုရီ ဟုခေါ်ကြသည်။ ယင်းအဆိုသည်လည်း မှန်သည်ဟု မဆိုနိုင်ပေ။ အကြောင်း မူစစ်ဖြစ်သည့် နိုင်ငံတိုင်းသည် မကောင်းမှုဟူသမျှကို တစ်ဖက်နိုင်ငံသူအပေါ် သို့သာ ပုံချတတ်၍ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့ပုဂ္ဂိုလ်များက စစ်ဖြစ်ရသည်မှာ လူတို့၏ ကြောက်ရွံ့စိုးရိမ်စိတ်များကြောင့်ဟု ယူဆကြသည်။ အစိုးရတိုင်းလိုပင် မိမိလူမျိုး၊ မိမိနိုင်ငံလုံခြုံရေးအတွက် စစ်အင်အား ခိုင်မာအောင် လက်နက်တပ်ဆင်ကြသည်။ စစ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားကြသည်။ ထိုအခါ သာမညကိစ္စရပ်ကလေးတစ်ခုကြောင့် ထစ်ကနဲဆိုလျှင် စစ်ဖြစ်ရတော့လေသည်။ ယင်းအဆိုမှာလည်း ရာနှုန်းပြည့်မတိကျလှပေ။ အကြောင်းမူ ယခုအခါ နိုင်ငံတိုင်းလိုလို မိမိတို့၏ နိုင်ငံတော်ဘဏ္ဍာငွေထဲမှ ရာခိုင်နှုန်းမြောက်မြားစွာကို နိုင်ငံတော်ကာကွယ်ရေးအသုံးစရိတ်အတွက် ကျခံသုံးစွဲ၍ စစ်လက်နက်အပြိုင်အဆိုင် တပ်ဆင်လာသည်မှာ မှန်သော်လည်း၊ မိမိနိုင်ငံလုံခြုံရေးကို ထိပါးမည်ထက် တတိယကမ္ဘာစစ်ကြီးဖြစ်လာ ည်ကို အကြောက်ပို၍ ဖြစ်သည်။

အချို့ကလည်း လူဦးရေများပြားလာပြီး အစာရေစာနှင့် နေစရာမလောက်ငှ၍ စစ်ဖြစ်ပွားရသည်ဟု ယူဆကြပြန်သည်။ ယင်းတို့က ဒုတိယကမ္ဘာစစ်ကြီးသည်ပင်လျှင် ဟစ်တလာသည် ဂျာမနီနိုင်ငံ၏ ရိက္ခာပြဿနာကိုဖြေရှင်းရန် ပိုလန်နယ်ကို မျက်စောင်းထိုးရာမှ ဖြစ်ခဲ့သည်ဟုဆိုကြသည်။ တရုတ်ပြည်သည် လူဦးရေ အဆမတန်တိုးတက်များပြားလာသောကြောင့် ပြည်ပနိုင်ငံများကို နယ်ချဲ့ရန် စစ်ရေးတိုးချဲ့လာမှုကို ထောက်ပြကြသည်။ သို့သော် ဤအဆိုဟာလည်း တိကျသည်ဟု မဆိုနိုင်ပေ။

အချို့ကမူ စစ်ဖြစ်ရခြင်းသည် အမှားကို အမှန်ပြင်ဆင်ရန်အတွက်ဟု ဆိုကြသည်။ ယင်းတို့ သာဓကပြသည်ကား ဂျာမန်တို့သည် ဗာဆိုင်းစာချုပ်ကြီး၏ အမှားကိုပြင်ရန် ဒုတိယကမ္ဘာစစ်မီးကို မွှေးခဲ့သည်ဟု ဆိုသည်။ ဂျပန်တို့ စစ်ထဲဝင်လာခြင်းမှာလည်း အင်္ဂလိပ်နှင့် အမေရိကန်တို့က တစ်ဖက်သတ်စီးပွားရေး ပိတ်ဆို့ထားခြင်းကို လမ်းဖွင့်ရန်ဟူ၍ ထောက်ပြကြသည်။

ချားလ်ဒါဝင်၏ သီဝရီဖြစ်သော 'အတော်ဆုံးမှ အသက်ရှင်နေနိုင်ခြင်း' တစ်နည်း 'တော်သူနေ မတော်သူသေ' ဟူသော အချက်သည် စစ်ဖြစ်စေသော အကြောင်းတစ်ရပ်ဖြစ်သည်ဟု လက်ခံကြပြန်သည်။ လူသားနှင့် နွယ်များသည် ကမ္ဘာဦးအစမှစ၍ ရန်းခဲ့ကန်ခဲ့ တိုက်ခိုက်ခဲ့ရသည်။ သက်ရှိသတ္တဝါများသည် ထိုအချိန်မှစ၍ သဘာဝဘေးဒဏ်များနှင့်သော်လည်းကောင်း၊ သက်ရှိအချင်းချင်းသော်လည်းကောင်း စစ်ဖြစ်ကြရာ တိုက်တန်သောသူများက မျိုးဆက်တင်ကျန်ရစ်ခဲ့သည် ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခင်က သုံးစွဲခဲ့သော လက်နက်များသည် မြို့ကိုသာ ဖျက်နိုင်သော်လည်း ယခု တီထွင်ဆန်းသစ်ထားသော နျူကလီးယား လက်နက်၊ ဓာတုဗေဒလက်နက်များ၊ ဇီဝလက်နက်များသည် ကမ္ဘာကိုပါ ဖျက်ဆီးနိုင်သည်ကို သတိပြုသင့်လေသည်။

ယခုအခါ အများစုတညီတညွတ်တည်း လက်ခံထားသည့် အယူ အဆတစ်ခုမှာ စစ်ဖြစ်ရသော အကြောင်းရင်းထဲမှတစ်ခုသည် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားရေးသည် အဓိကဖြစ်သည်။ စီးပွားရေး နယ်မြေ ချဲ့ထွင်ရာမှ လည်းကောင်း၊ စီးပွားရေးဝါဒချင်း မတူ၍လည်းကောင်း၊ စီးပွားရေး ပြိုင်ဆိုင်ရာမှလည်းကောင်း စစ်ပွဲများ ဖြစ်လာခဲ့သည်ဟုဆိုသည်။ ဤကား ကမ္ဘာဦးမှစ၍ ယခုတိုင် ကြုံတွေ့နေရဆဲဖြစ်သည်။

သမိုင်းဦး ဘုံမြေခေတ်၌ လူတို့သည် အစာရေစာ ရှာမှုအတွက်လည်း ကောင်း၊ ကျေးပိုင်၊ ကျွန်ပိုင်ခေတ်တွင် စီးပွားရေးလုပ်ငန်းများ၌ အသုံးချ ရန် ကျေးကျွန်တို့၏ လုပ်အားအတွက် လည်းကောင်း၊ မြေရှင်ပဒေသရာဇ် ခေတ်တွင် ရေမြေ့အရှင်ဖြစ်သော ပဒေသရာဇ်မင်းများသည် မိမိတို့၏ ရေမြေ ပိုင်နက် ချဲ့ထွင်သိမ်းပိုက်ရေးအတွက် လည်းကောင်း၊ အရင်းရှင်ခေတ်တွင် မိမိတို့၏ စီးပွားရေးဈေးကွက် အပြိုင်အဆိုင် ချဲ့ထွင်မှုအတွက် လည်းကောင်း၊ စစ်ခင်းခဲ့ကြလေသည်။

စစ်သမိုင်းကို ပြန်၍ ဆန်းစစ်ပါက အမေရိကန် လွတ်မြောက်ရေး စစ်ပွဲ၏ အဓိကအကြောင်းရင်းသည် မိခင်အင်္ဂလန်ပြည်၏ စီးပွားရေး လွှမ်းမိုး မှုအောက်မှ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့ခြင်းဖြစ်သည်။

စစ်ဖြစ်ရသောအကြောင်းရင်း တစ်ရပ်ကိုတော့ လေ့လာကြည့်ပါက နိုင်ငံများသည် မိမိတို့၏ အမျိုးသား အကျိုးစီးပွားရေး လိုအပ်ချက်ကို ဖြည့်တင်းကြသောအခါ အနုနည်းဖြင့်မရသောအခါ အကြမ်းနည်းဖြစ်သော စစ်ရေးကိုသာ အသုံးပြုကြ၍ ဖြစ်သည်ဟု ယေဘူယျ သတ်မှတ်နိုင်လေ သည်။ အမျိုးသားအကျိုးစီးပွား ဆိုရာ၌ မိမိနိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲလိုမှု၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်လိုမှု စသည်တို့ကို ဆိုလိုသည်။ ဤလိုလားချက်များကို ဖြည့်တင်းရာ၌လည်း ကောင်း၊ ထိန်းသိမ်းရာ၌လည်းကောင်း၊ အခြားနိုင်ငံတစ်နိုင်ငံက ဝင်ရောက်

www.burmeseclassic.com



နှောင့်ယှက်၍သော်လည်းကောင်း၊ အကျိုးစီးပွားချင်း ထိပ်တိုက်ရင်ဆိုင်ခဲ့ရလျှင်လည်းကောင်း၊ နိုင်ငံရေးနည်းဖြင့် ဖြေရှင်း၍ မရသောအခါ စစ်ရေးဖြင့်သာ ဖြေရှင်းကြတော့သည်။ ထို့ကြောင့်လည်း တရုတ်ကွန်မြူနစ်ပါတီဥက္ကဋ္ဌကြီး မော်စီတုန်း (၁၈၉၃-၁၉၇၆)က "စစ်ဆိုတာ နိုင်ငံရေးရဲ့ အသက်ဖြစ်တယ်"ဟူ၍ ပြောခဲ့သလို၊ ရုရှားခေါင်းဆောင်ကြီး လီနင်(၁၈၇၀-၁၉၂၄)ကလည်း "စစ်ပွဲအားလုံးတို့သည် ယင်းတို့ကို ဖြစ်ပွားစေသော နိုင်ငံရေး စနစ်များနှင့် မကင်းကွာကြချေ"ဟူ၍ ပြောကြားခဲ့လေသည်။

မည်သို့ဆိုစေ... စစ်ဟူသည်မှာ သူ့အလိုအလျောက် ပေါ်ပေါက်လာသော အဖြစ်အပျက်မဟုတ်ချေ။ လူတို့ဖန်တီးပြုလုပ်၍သာ ပေါ်ပေါက်လာခဲ့ရသော အဖြစ်အပျက်သာဖြစ်လေသည်။

လူသားတို့သည် လူ့ဘဝ စတင်ခါစမှပင် အုပ်စုချင်း စစ်ခင်းလာခဲ့ကြသည်။ ထိုမှတစ်ဖန် လူမျိုးအချင်းချင်း၊ တိုင်းပြည်အချင်းချင်းစသည်ဖြင့် တစ်စတစ်စ ကျယ်ပြန့်လာခဲ့ရာ နောက်ဆုံးကမ္ဘာစစ်သို့ပင် တိုင်ခဲ့လေသည်။ လူ့ဘောင်လောကကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၅၅၀၀ အတွင်း စစ်ပွဲကြီး၊ ငယ် စုစုပေါင်း ၁၄၀၀၀ ကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ဖြစ်ပွားခဲ့သော စစ်ပွဲများတွင်လည်း အမျိုးမျိုးရှိခဲ့သည်။ လူမျိုးရေး၊ ဘာသာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ရေပြင်မြေပြင် နယ်နမိတ်အပိုင်း အခြားပိုင်ဆိုင်မှုပြဿနာ အစရှိသည်ဖြင့် အကြောင်းအမျိုးမျိုးကြောင့် စစ်ဖြစ်လာခဲ့ကြသည်။

မည်သည့်အကြောင်းကြောင့် ဖြစ်ပွားခဲ့သည် ဖြစ်စေ၊ စစ်ဟူသည် လူသားတို့အား ကောင်းကျိုးပေးခြင်းမရှိဘဲ ဆိုးမွေကိုသာ ထားရစ်ခဲ့လေသည်။ စစ်ကြောင့် လူသားတို့သည် (၁) သတ္ထန္တရကပ် ဓားလှံသေနတ်စသော လက်နက်ကားဖြင့် သေကြေပျက်စီးရခြင်း၊ (၂)ရောဂန္တရကပ်ခေါ် ရောဂါအမျိုးမျိုးဖြင့် သေကြေပျက်စီးရခြင်း၊ (၃) ဒုဗ္ဘိက္ခန္တရကပ်ခေါ် အစားအစာ ငတ်မွတ်ခြင်းအားဖြင့် သေကြေပျက်စီးရခြင်းများ ဖြစ်ပွားခဲ့ရသည်။ ထို့ပြင် လူသားတို့၏ စည်းစိမ်ဥစ္စာရတနာတို့ပါ ပျက်စီးဆုံးရှုံးရသည် သာမက တစ်စစတိုးတက်လျက်ရှိသော လူ့ဘောင်လောကကြီးကိုလည်း တုံ့ဆုတ်သွားစေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)
## ဒုတိယကမ္ဘာစစ် နောက်ခံသမိုင်း

၂၀ ရာစု ပထမ နှစ်ငါးဆယ်အတွင်း ပြိုင်စံကင်းသော ပျက်စီးပြုန်းတီးမှုအထိဖြင့် ကမ္ဘာစစ်ကြီးနှစ်ခု ဖြစ်ပွားခဲ့လေသည်။

၁၉၁၄ ခုနှစ် ဇူလိုင်လ ၂၈ရက်မှ ၁၉၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် အထိ ဖြစ်ပွားခဲ့သော ပထမကမ္ဘာစစ်ပွဲတွင် လူဦးရေသန်းပေါင်း ၁၀၀၀ ပါဝင်သည့် နိုင်ငံပေါင်း ၃၆နိုင်ငံမှ လူပေါင်းသန်း ၇၀ ပါဝင်ဆင်နွှဲ တိုက်ခိုက်ခဲ့ပြီး၊ လူသန်းပေါင်း ၁၀ ကျော် သေကြေပျက်စီးခဲ့ရသည်။ လူပေါင်းသန်း ၂၀၀ မှာ ဒဏ်ရာ အနာတရ ရရှိခဲ့ကြသည်။

ဒုတိယ ကမ္ဘာစစ်တွင်မူ လူဦးရေ သန်းပေါင်း ၁၇၀၀ တို့ ပါဝင်သည့် နိုင်ငံပေါင်း (၆၁) နိုင်ငံမှ လူသားပေါင်း ၁၁၀ ပါဝင် ဆင်နွှဲတိုက်ခိုက်ခဲ့ရပြီး လူသန်း ပေါင်း ၅၀ ကျော် သေကြေ၍ လူသန်းပေါင်း ၃၀၀ ခန့် ထိခိုက် ဒဏ်ရာရရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်သည် တစ်ကမ္ဘာလုံးရှိ နေရာအနှံ့အပြား သို့ ဂယက်ရိုက် ပျံ့နှံ့သွားသော တကယ့်ကမ္ဘာ့စစ်ဖြစ်သည်ဟု ဆို လေသည်။ ၁၉၁၄ မှ ၁၉၁၈ အထိ ဖြစ်ပွားခဲ့သော ပထမကမ္ဘာစစ်မှာ နိုင်ငံအများအပြား

www.burmeseclassic.com





[illegible]

ပါဝင်သည့် စစ်ပွဲကြီးပင် ဖြစ်သော်လည်း ကမ္ဘာစစ်ဟူ၍ စင့်စစ်ခေါ်နိုင်လောက်အောင် ကမ္ဘာတဝန်းရှိ နိုင်ငံတိုင်း၊ လူမျိုးတိုင်းကို ထိခိုက်ခြင်း မရှိခဲ့ချေ။ ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် စတင်ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်ကြီးမှာမူ ကမ္ဘာစစ်ဟူ၍ အမည်ဖေးနိုင်လောက်အောင် နိုင်ငံတကာသို့ ကူးစက်ပျံ့နှံ့သွားခဲ့လေသည်။

ဒုတိယ ကမ္ဘာစစ်၏ စစ်မျက်နှာသည် ဆော်လမွန်ကျွန်းမှ စတာလင်ဂရက်အထိ လည်းကောင်း၊ အလာစကာ ပြည်နယ်မှလစ်ဗျားသဲကန္တာရအထိလည်းကောင်း ကျယ်ပြန့်စွာ တည်ရှိခဲ့သည်။ကြည်း၊ ရေ၊ လေ တိုက်ပွဲ[illegible]သည် ကမ္ဘာပေါ်ရှိ တိုက်ကြီး (၆) တိုက်နှင့် သမုဒ္ဒရာ (၇) စင်းတို့၌ [illegible]းအသည်းမဲမဲ မစဲဘဲဖြစ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားသည့် နေ့ကို နာဇီဂျာမနီက ပိုလန်နိုင်ငံကို ၁၉၃၉ စက်တင်ဘာလ ၁ ရက်နေ့တွင် ဝင်ရောက်တိုက်ခိုက်ပြီးနောက်၊ ၂ ရက်အကြာတွင် ဗြိတိန်၊ ပြင်သစ်တို့က ဂျာမနီနိုင်ငံအား စစ်ကြေညာခဲ့သည်။ စက်တင်ဘာ ၃ရက်နေ့ကို စစ်ကြီးစတင်ဖြစ်ပွားရာနေ့ဟု သမိုင်းဆရာတို့က မှတ်ယူကြသည်။

ဒုတိယကမ္ဘာစစ် ဖြစ်ပွားရသည့် အကြောင်းရင်းမှာ (၁) အရင်းရှင်[illegible]များအချင်းချင်း ပဋိပက္ခဖြစ်ခြင်း၊ (၂) ဖက်ဆစ်[illegible] စစ်အုပ်စုများ

www.burmeseclassic.com



အပြိုင်ဖွဲ့စည်းခြင်း၊ (၃) စစ်လက်နက်များ အပြိုင်အဆိုင် တပ်ဆင်ခြင်းနှင့် (၄) ဖက်ဆစ်တို့၏ ကျူးကျော်မှုတို့အကြောင့် ဖြစ်လေသည်။



ဒုတိယကမ္ဘာစစ်အကြောင်းကို ရေးသားရာ၌ ဂျာမနီ အာဏာရှင် တစ်ယောက်၏အကြောင်းကို ထည့်မရေးက ပြည့်စုံမည်မဟုတ်ချေ။

**ဂျာမနီ အာဏာရှင် ဟစ်တလာ**

ဟစ်တလာကို ဩစတြီး ယားပြည်နှင့် ဘာဗေးရီးယားပြည် နယ်စပ်ရှိ အင်းမြစ်ပေါ်ရှိ ဘရောနောမြို့ကလေး၌ ၁၈၈၉ ခုနှစ် ဧပြီလ ၂၀ ရက်နေ့ ညနေ ၆ နာရီ မိနစ် ၃၀ တွင်မွေးဖွားခဲ့သည်။ ဟစ်တလာ၏ နှစ်ဖက် မိဘများမှာ ဩစတြီးယား ဗီယင်နာမြို့၏ အနောက်မြောက်ဘက် မိုင် ၅၀ မှ ကွာဝေးသော ဝါးဗီယာ တဲလ်မြို့ ကလေးမှ အသက် အနွယ်များ ဖြစ်ကြသည်။ သူတို့၏ မိသားစုနာမည်မှာ မူလက ဟိုက်ဒလာ (Hiedler) ဟု ခေါ်ဝေါ်ကြသည်။ နောင်နှစ်ပေါင်းအတန်ကြာမှ ဟစ်တလာ (Hitler) ဟူ၍ ပြောင်းလဲခေါ်ဝေါ်လာခြင်းဖြစ်သည့်။

ဟစ်တလာ၏ အဘိုးဖြစ်သူ ဂျိုဟန်းဂျော့ ဟိုက်ဒလာမှာ မည်သည့်အခါမှ တစ်နေရာတွင် အတည်တကျနေသည်ဟူ၍ မရှိ။ ကျပန်းကုန်သည်တစ်ယောက်အဖြစ် လှည့်လည်သွားလာ နေထိုင်ခဲ့သူဖြစ်သည်။ ထိုသို့ ခြေသလုံးအိမ်တိုင် လှည့်လည်သွားလာ၍ ရောက်ရာအရပ်တွင် ဖြစ်သလို လုပ်ကိုင်စားသောက်နေရာမှ ၁၈၄၂ ခုနှစ် မေလတွင် စ[illegible]ရိုးအမည်ရှိ ရွာကလေး တစ်ရွာတွင် မာရီယာအန်နာ ဆိုသူ လယ်သူမတစ်ယောက်နှင့်

www.burmeseclassic.com


အကြောင်းပါခဲ့သည်။ မာရီယာအန်နာသည် အပျိုမဟုတ်ပေ။ ထိုအချိန်မတိုင်မီ လွန်ခဲ့သည့်ငါးနှစ်ခန့်က သူလင်ကောင်မပေါ်ဘဲ ကလေးတစ်ယောက် တိတ်တိတ်ပုန်းရခဲ့ဖူး၏။ ဂျော့ဟိုက်ဒလာသည် မာရီယာအန်နာနှင့် လက်ထပ်ပြီးအနောက် အဆိုပါ 'ဒူးမနာသားလေး' အလွိုက်ကို မိမိ၏ အမွေစားအမွေခံသားအဖြစ် တရားဝင်အသိအမှတ် ပြုခဲ့ရ၏။ ဖအေမပေါ်ဘဲ တိတ်တိတ်ပုန်းမွေးလာခဲ့ရသော အလွိုက်စ်အား နောင်အခါ၌ အဖဂျာမနီ နိုင်ငံတော်၏ အဓိပတိ၊ ဖက်ဆစ်အာဏာရှင်ကြီး ဟစ်တလာ၏ ဖခင်ပေတည်း။

အလွိုက်ဟစ်တလာသည် အသက် ၁၃ နှစ်သားအရွယ်တွင် သူဦးလေး၏ နေအိမ်မှ ထွက်လာခဲ့၍ ဗီယင်နာမြို့တွင် ဖိနပ်ချုပ်သမားထံ ဖိနပ်ချုပ်ပညာသင်ခဲ့သည်။ သို့သော်လည်း ထိုအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းမပြုတော့ဘဲ အသက် ၁၈ နှစ်တွင် အကောက်ဌာန၌ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

အလွိုက်စ်ဟစ်တလာသည် ၁၈၆၄ ခုနှစ်တွင် အန်နာဂလာပ်ဆိုသူနှင့် လက်ထပ်ခဲ့သည်။ ထို့နောက် အိမ်ထောင်ရေးအဆင်မပြေသဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲလိုက်သည်။ အလွိုက်စ်သည် ပထမ မယားကြီး ကွယ်လွန်ပြီး နောက်တစ်လအကြာတွင် ဖရန်စစ္စကာမက်ဇက်ဘာဂျာဆိုသူ နောက်အိမ်ထောင်ပြုခဲ့သည်။ အဆိုပါ ဇနီးသည်သည် သမီးကလေးမွေးပြီး၊ တစ်နှစ်မျှမကြာမီ အဆုတ်ရောဂါဖြင့် သေဆုံးသွားခဲ့ပြန်သည်။ ဒုတိယဇနီး သေဆုံးပြီး ၆ လခန့်အကြာတွင် တတိယအိမ်ထောင်ပြုခဲ့ပြန်သည်။ သူ၏ တတိယအိမ်ထောင်မှာ ကလာရာပေါလ်ဇဲလ်ဆိုသူဖြစ်သည်။ အလွိုက်စ်နှင့် ကလာရာတို့သည် ၁၈၈၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် လက်ထပ်ခဲ့သည်။ ကလာရာသည် အလွိုက်နှင့် လက်ထပ်ချိန်က အသက် ၂၃ နှစ်သာရှိသေးသည်။ လက်ထပ်ခြင်း ၅ လအကြာ မေလ ၁၇ ရက်နေ့တွင် ပထမဆုံး ဂတ်စ်တပ်ဆိုသူ သားယောကျ်ားလေး ဖွားမြင်သည်။ ထို့နောက် တစ်ဖန် အိုင်ဒါဆိုသူ မွေးခဲ့ပြန်သည်။ သို့သော် နှစ်ယောက်စလုံး အဖတ်မတင်ဘဲ ဖြစ်ခဲ့ရသည်။ ထို့နောက် ၁၈၈၉၊ ဧပြီလ ၂၀ တွင် သားယောကျ်ားလေးတစ်ယောက် မွေးခဲ့သည်။ ဤသို့ဖြင့် ဟစ်တလာသည် အလွိုက်စ်၏ တတိယဇနီးမှ မွေးသော တတိယမြောက်သားဖြစ်သည်။ အလွိုက်စ်သည်

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ဖြစ်ဟစ်တလာအပြင် နောက်ထပ် သားတစ်ယောက်နှင့် သမီးတစ်ယောက် ထပ်မံရခဲ့သေးသည်။ သို့သော် ဟစ်တလာ၏ ညီအကိုဖွဲ့မှာ ၆ နှစ်သားအရွယ်တွင် သေဆုံးခဲ့ရာ ဟစ်တလာသည် အမိဝမ်းတွင်း တအူတုံဆင်းဟူ၍ 'ပေါလာ'အမည်ရှိ ညီမတစ်ယောက်သာရှိသည်။

ဟစ်တလာသည် ငယ်စဉ်က သူ့ဖခင် ပြောင်းရွှေ့ရာသို့ တစ်မြို့ပြီး တစ်မြို့ လိုက်ပါနေထိုင်ခဲ့ရသည်။ သို့သော် သူ့ဖခင်က သူ့ကို ပညာထူးချွန်စေလိုသောဆန္ဒဖြင့် ရောက်ရာအရပ်တွင် ကျောင်းထားပေးခဲ့သည်။

ဖခင်သေဆုံးပြီးနောက်၊ နောက်တစ်နှစ် ၁၉၀၄ ခုနှစ်တွင် ဟစ်တလာသည် ရီးရဲလ်ကျောင်းတွင် ကျောင်းသားများကို ကောင်းစွာ မလိုက်နာနိုင်သဖြင့် ထိုကျောင်းမှ ထွက်ခဲ့ရပြီး စတီးယားကျောင်းသို့ ပြောင်းရွှေ့သင်ကြားခဲ့ရသည်။ သူသည် အထက်ပါစတီးယားကျောင်းတွင် ပညာသင်ခဲ့ပြီးနောက် ၁၆ နှစ် အရွယ်တွင် ကျောင်းမှထွက်ခဲ့သည်။



ADOLF HITLER

ဟစ်တလာသည် ငယ်စဉ်က ပန်းချီအနုပညာတွင် ဝါသနာထုံခဲ့သည်။ ပန်းချီဆရာအဖြစ် အသက်မွေးမည်ဟူ၍လည်း စိတ်ကူးယဉ်ခဲ့သည်။ ယင်းနောက် ဗီယင်နာမြို့သို့ သွားရောက်၍ အနုပညာသိပ္ပံကျောင်းကြီးသို့ ကျောင်းဝင်ခွင့် လျှောက်ထားကာ လက်တွေ့အစမ်းစာမေးပွဲ ဝင်ရောက်ဖြေဆိုရာ 'အရည်အချင်း ညံ့သေးသည် အစမ်းရေးဆွဲသော ပုံများမှာလည်း ကျေနပ်ဖွယ်ရာမရှိ' ဟူသော မှတ်ချက်ဖြင့် ပယ်ချခြင်းခံလိုက်သည်။ သို့သော် ခေါင်းမာလှသော ဟစ်တလာသည် သူ့အကြံကို လက်မလျှော့သေးဘဲ ဇွဲနပဲကြီးစွာဖြင့် ထပ်မံကြိုးစားဖြစ်သည်။ သူ၏ ဇွဲနပဲ မည်မျှကြီးသနည်းဆိုသော် ထိုအခိုက်အတန့်တွင် လင့်ဇ်မြို့မှ သူ့မိခင်ကြီး ကင်ဆာရောဂါဖြင့် အသည်းအသန်ဖြစ်နေ သည်ကိုပင် ပြန်မကြည့်နိုင်ဘဲ လျစ်လျူရှုထားခဲ့သည်။ နောက်ဆုံး

www.burmeseclassic.com



၁၉၀၇ ဒီဇင်ဘာ ၂၁ရက်နေ့တွင် အဆိုပါ ကင်ဆာရောဂါဖြင့် မိခင်ကြီး ကွယ်လွန်အနိစ္စရောက်တော့မှသာ လင့်ဇ်မြို့သို့ ပြန်ခဲ့သည်။ သို့ သော် ကြာကြာမနေ။ မိခင်ကြီး၏ ဈာပနကိစ္စပြီးသည်နှင့် ဗီယင်နာမြို့သို့ ၁၉၀၈ ဖေဖော်ဝါရီလထဲတွင် ပြန်လာခဲ့သည်။



ဟစ်တလာ၏မိခင် ကလာရာ

သူသည်ဗီယင်နာမြို့တွင် ဖြစ်သလို နေထိုင်စားသောက်ရင်း အနုပညာ သိပ္ပံကျောင်း ကြီးတွင် အနုပညာကျောင်းသားတစ်ယောက် အဖြစ် နေခွင့်ရှိအောင် နောက်တစ်ပတ် ကျောင်း ဝင်ခွင့်ခေါ်မည့်ရက်ကို လက်ချိုး၍ စောင့် နေခဲ့ သည်။ သို့သော် အနုပညာသိပ္ပံကျောင်းကြီးတွင် အနုပညာကျောင်းသားတစ်ယောက်အဖြစ် သင် ကြားရန် အားခဲထားသော ဟစ်တလာ၏ မျှော် လင့်ချက်သည် ပြိုကျခဲ့ရပြန်သည်။ ကျောင်းအုပ် ချုပ်ရေးအဖွဲ့က ဟစ်တလာ အား ကျောင်းဝင်ခွင့် စာမေးပွဲကိုပင် ဝင်ရောက်ဖြေဆိုခွင့်မပြုတော့ဘဲ သူ့လျှောက်လွှာကို တစ်ခါ တည်း ပယ်ချလိုက်လေသည်။

၁၉၀၉ ခုနှစ်မှ ၁၉၁၃ ခုနှစ်အထိ ထိုစဉ်က ဗီယင်နာမြို့တွင် နေထိုင်ခဲ့ရသော အဖြစ်သည် သူ့အတွက် အဆိုးဝါးဆုံးသော အချိန်အခါ ဖြစ်သည်ဟူ၍ နှောင်အခါတွင် ဟစ်တလာက ဤသို့ပြန်ပြောင်း ပြောဆိုခဲ့ သည်။



ဟစ်တလာငယ်စဉ်က

လောကဓံတရား၏ နှိပ်စက်ညှင်းဆဲမှုကို အလူး အလဲခံရသော ဤကန္တာရနှစ်များအတွင်းမှာပင် ဟစ်တ လာ ၏ တွေးခေါ်မြော်မြင်မှုများနှင့် ရည်မှန်းချက်များကို သူ၏ 'ကျွန်ုပ်၏ကြိုးပမ်းမှု' စာအုပ်၌ အောက်ပါအတိုင်း ရေးသားခဲ့တော့သည်။

ဤ ငါးနှစ်တာကာလအတွင်း ကျွန်ုပ်သည် ကျွန်ုပ်၏ နေ့စဉ်စား ရေးသောက်ရေးအတွက် ပထမတွင် ပန်းထမ်း အလုပ်ကြမ်းသမား တစ်ယောက်အဖြစ်ဖြင့်လည်းကောင်း၊ ထို့နောက်

www.burmeseclassic.com



အပေါ်စား ပန်းချီဆရာ တစ်ယောက် အဖြစ်ဖြင့်လည်းကောင်း ရှာဖွေလုပ်ကိုင်စားသောက်ခဲ့ရသည်။



ကျွန်ုပ်သည် ခြေသလုံးအိမ်တိုင်လုပ်ကာ ခြေဦးတည့်ရာ သွားလာ၍ အငတ်ငတ် အပြတ်ပြတ် နေခဲ့ရသည်။ ကျွန်ုပ်ပိုင်သမျှ ဆိုင်သမျှ အဖိုးတန်ပစ္စည်းများမှာလည်း ပေါင်နှံရောင်းချခဲ့ရ၍ ဘာတစ်ခုမှ မကျန်တော့။ ကျွန်ုပ်ဝတ်ထားသော အဝတ်အစားမှာလည်း တစ်နေ့တခြား အရောင်အဆင်းညှစ်လာရုံမက အစုတ်စုတ် အပြတ်ပြတ် ဖြစ်လာခဲ့ရာ တစ်နေ့ထက် တစ်နေ့ ပို၍ဆင်းရဲမွဲတေလာသော လက္ခဏာအသွင်အပြင်ကြောင့် ကျွန်ုပ်၏ဘဝမှာ လူ့အောက်တန်းလွှာ အဖြစ်သို့ ကျရောက်ခဲ့ရသည်' ဟူ၍ ရေးသားထားလေသည်။

မှန်၏။ ထိုစဉ်က ဟစ်တလာဆင်းရဲပုံမှာ ကုန်းကောက်စရာ မရှိအောင်ပင်ဖြစ်ခဲ့သည်။ လမ်းဘေးပလက်ဖောင်းများပေါ်တွင် လည်းကောင်း၊ ပန်းခြံများတွင် လည်းကောင်း အိပ်ခဲ့ရ၍ ဆောင်းတွင်းတွင် ဗိုက်ဒလက်ဘူတာရုံ၏ နောက်ဘက်တွင် ညအိပ်ရန်အတွက် အိပ်စင်ကလေးများ ငှားစားသူ တစ်ဦးထံ ရှိစုမဲ့စုဖြင့် ညစဉ်အိပ်စင်ငှား၍ အိပ်စက်ခဲ့ရသည်။ သို့နောက် ငွေရှင်၊ ကြေးရှင်ကြီးများက ဆောက်လုပ်လှူဒါန်းထားသော ကုသိုလ်ဖြစ်ဟိုတယ်တစ်ခုသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ သူသည် ၁၉၁၀မှ ၁၉၁၃အထိ ထိုဟိုတယ်၌ပင် နေထိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





ဤသို့ ကုသိုလ်ဖြစ် ဟိုတယ်တွင် နေထိုင်စဉ်အတွင်း ဟစ်တလာသည် သူနှင့်ဘ၀တူ လူတစ်ယောက်နှင့် ရင်းနှီးခင်မင်လာခဲ့သည်။ ထိုသူမှာ ရိန်းနိုးလ်ဟန်းနစ်ဖြစ်သည်။ သူတို့နှစ်ယောက်သည် ဝေါ်ချည့်တစ်ခါ၊ ပြတ်ချည်တစ်လှည့် ဆင်းရဲစွာ နေထိုင်လာခဲ့ကြရာမှ ငွေဝင်လမ်းဖြောင့်မည့် နည်းလမ်းများကို ရှာဖွေကြံဆကြသည်။ ထိုအကြံမှာ လောလောဆယ် သူရေးဆွဲထားသော ဆီဆေးပန်းချီကား ...များကို ရေးဟောင်းပန်းချီကားများအဖြစ် လိမ်၍ အစွံထုတ်ရန်ဖြစ်သည်။ လတ်တလော သူရေးဆွဲထားသောပန်းချီကားများကို ဟောင်းနွမ်းသည့်အသွင် ရောက်အောင်ပြုလုပ်၍ ရေးဟောင်းပန်းချီကားအဖြစ် ရေးဟောင်းအနုပညာ ပစ္စည်းများစုဆောင်းသောလူကုံထံများထံ လိမ်လည်ရောင်းစားခဲ့သည်။ ဤနည်းဖြင့် အချိန်တော်ကြာ စားပေါက်ချောင်ခဲ့သည်။ ယင်းနောက် ပို့စကတ်များရေးဆွဲ၍ နှစ်ယောက်သား ခွဲဝေစားသောက်ကြသည်။

**စာပေဝါသနာထုံသော ဟစ်တလာ**

ထို့နောက် ဟစ်တလာသည် ဗီယင်နာမြို့မှ မြူးနစ်သို့ ပြောင်းရွှေ့နေထိုင်သည်။ မြူးနစ်တွင်၊ ဗီယက်နာတွင် နေစဉ်က အချိုးအဆိုင်းဖြစ်သလိုနေ၍ ဖြစ်သလိုစားသည်။ အလုပ်ကိုနေ့စား၊ ညစာအလုပ်မရှိလောက်သာလုပ်၍ စာကိုသာတကုပ်ကုပ်ဖတ်သည်။ အားလပ်ချိန်များတွင် စား

www.burmeseclassic.com



သောက်ဆိုင်များမှ သတင်းစာများကိုသာမက မကြာခဏ ပြည်သူ့စာကြည့်တိုက်ရှာသို့ သွားရောက်ကာ တစ်နေ့ကုန်၊ တစ်နေခန်းထိုင်၍ စာဖတ်သည်။ သူငှားနေသောအိမ်ရှင်ဖရော်ပေါ့ပ်ဆိုသူ အမျိုးသမီးကြီးကမူ သူ့အား စာဖတ်ရာတွင် 'အလွန်လေ့လာကြိုးသည်' ဟူ၍ပင် မှတ်ချက်ချခဲ့သည်။ ဟစ်တလာသည် ဘဝတစ်သက်တာလုံးပင် စာကို အမြဲမပြတ် ဖတ်ခဲ့သူဖြစ်သည်။

ဟစ်တလာ ဖတ်ရှုခဲ့သည့် စာအုပ်များအနက် အများစုမှာ စစ်သမိုင်းနှင့် စစ်ဘုရင် အတ္ထုပ္ပတ္တိများဖြစ်ပြီး၊ အတ္ထုပ္ပတ္တိများတွင် ဂျာမန်နှင့် ပရပ်ရှား သက်ဦးဆံပိုင် မင်းများအကြောင်းဖြစ်၍၊ စစ်သမိုင်းများတွင်မူ နပိုလီယံစစ်ပွဲများနှင့် ပရပ်ရှားဘုရင်တို့၏ စစ်ပွဲမှန်သမျှ တစ်ခုမျှမကျန်ဟု ဆိုရလောက်အောင် ဖတ်ခဲ့ကြောင်းသိရပေသည်။ ဟစ်တလာသည် နာမ်ဝိညာဉ်ပိုင်းဆိုင်ရာများကို စိတ်ဝင်စား၍ အတော်စွဲစွဲမြဲမြဲပင် ဖတ်ရှုခဲ့သည်။ ဟစ်တလာဖတ်ရှုခဲ့သည့် စာအုပ်စုထဲတွင် ဘာသာရေးဆိုင်ရာ စာအုပ်စာတမ်း ၁၃၀ ကျော်မျှရှိပြီး၊ ၎င်းတို့အထဲတွင် အနောက်တိုင်းဂမ္ဘီရ ပညာရပ်များ၊ အရှေ့တိုင်း အဘိဓာန်ဝါဒ အယူအဆများမှသည် ယေရှုခရစ်၏ ဩဝါဒများအထိပါဝင်သည်။

စာဖတ်ခြင်းဆိုင်ရာ ဟစ်တလာ၏ ကိုယ်ပိုင်အယူအဆကို သူ၏ Mein Kampt (ကျွန်ုပ်၏ ကြိုးပမ်းမှုများ) စာအုပ်အခန်း (၂) တွင် 'စာဖတ်ခြင်း အတတ်ပညာ' (The Art of Reading) ခေါင်းစဉ်ဖြင့် ရေးသားချက်တစ်ခုပါရှိသည်။ ၎င်းတွင် သူက စာပေဝါသနာအိုးများနှင့် စပ်လျဉ်း၍ 'စာတွေအတော့မသတ် တရစပ်ဖတ်သူတွေ၊ တစ်အုပ်ပြီး တစ်အုပ် ဘာတစ်ခုမှ မခြွင်းမချန် လုံးစေ့ပတ်စေ့ဖတ်နေကြသူတွေ ကျွန်တော်တွေ့ဖူးပါသည်။ သူတို့မှာ ကျယ်ပြန့်သော ဗဟုသုတရှိတာမှန်သည်။ သို့သော် မိမိစုဆောင်းရရှိသည့် အရာများကို မည်သို့ ခွဲခြားသတ်မှတ်ထားရမည်ဟူသော အသိဉာဏ်မျိုး သူတို့မှာမရှိ' ဟူ၍ မှတ်ချက်ချခဲ့သည်။ သူက 'စာဖတ်ခြင်းဟူသည်၊ သူ့ချည်းသက်သက် အဓိပ္ပာယ်မရှိ။ အကျိုးရလဒ် တစ်စုံတစ်ရာရရှိရေးအတွက်သာ ဖြစ်ရမည်' ဟုဆိုသည်။ 'စာဖတ်ခြင်း အတတ်ပညာကို ကျွမ်းကျင်တတ်မြောက်ထားသော သူတစ်ယောက်သည် ကျမ်းကြီးကျမ်းခိုင်ဖြစ်စေ၊ မဂ္ဂဇင်း ဖြစ်စေ၊ စာအုပ်ငယ်များ၊ လက်ကမ်းစာစောင်များဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



လှန်လှောဖတ်ရှုလိုက်သည်နှင့် တစ်ပြိုင်နက် ဤသည်ကား မိမိ၏ ရည်ရွယ်ချက်ကို အထောက်အကူပြုမည့် အရာ၊ ဤသည်ကား သိထားလျှင် တန်ဖိုးရှိ၍ စွဲမြဲမှတ်သားထားသင့်သည့် အရာ စသည်ဖြင့်မိမိနှင့် သင့်တော်ကိုက်ညီသည်တို့ကို ချက်ချင်းလက်ငင်း ရွေးထုတ်ရယူတတ်စမြဲဖြစ်သည် ဟု ရေးသားခဲ့လေသည်။

ထိုသို့ စာကို တစ်နေ့ကုန် လောဘတကြီး ဖတ်ပြီးနောက် ညနေစောင်းလျှင် ဘီယာဆိုင် တစ်ဆိုင်သို့သွားကာ ဘီယာစုပ်ရင်း နိုင်ငံရေးစကားများကို ထုံးစံအတိုင်း အာပေါင်အာရင်းသန်သန်ဖြင့် ပြောလာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာ မြူးနစ်မြို့တွင် နေထိုင်စဉ်အတွင်း ၁၉၁၄ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် ဂျာမန်တို့၏ ဟက်ပ်စ်ဘာ့ဂ် ထီးမွေနန်းမွေကို ဆက်ခံရမည့် ဘူလ်ဂေးရီးယားပြည့်ရှင် ဖရန့်ဖာဒီနန်မင်းသား (Archduke Frang Fendinand)၊ ၎င်း ကြင်ယာတော်တို့သည် တိုင်းခန်းလှည့်လည်ရင်း ဆာရာယေဗိုမြို့တွင် Black Hand ခေါ် ဆာဗီးယားလျို့ဝှက်အကြမ်းဖက်ဂိုဏ်းဝင် ဆာ့ဗ်အမျိုးသား ကျောင်းသားတစ်ဦးက အလစ်တွင် လုပ်ကြံသတ်ဖြတ်ခဲ့မှုကြောင့် နတ်ရွာစံခဲ့ရသည့်သတင်းကို ကြားသိခဲ့ရသည်။

ထို့နောက် ဩစတြီးယားက ဆားဗီးယားပြည်အား ဇူလိုင်လ ၂၃ ရက်နေ့တွင် ပြင်းထန်သော ရာဇသံတစ်ရပ်ပို့ ဘ ၄၈ နာရီအတွင်း အကြောင်းပြန်ကြားရန် အပူတပြင်း တောင်းဆိုလိုက်၏။ ဆားဗီးယားက ရာဇသံကို လက်ခံတုံ့ပြန်သော်လည်း အချက်အလက်အားလုံးကိုမူ လက်မခံချေ။

ဤသည်ပင်လျှင် ပထမကမ္ဘာစစ်ကြီးကို စတင်ဖြစ်ပွားစေသော မီးပွားကလေး ဖြစ်တော့သည်။

ဩစတြီးယားနှင့် ရုရှားကို့သည် မိမိတို့၏ စစ်တပ်များကို ပြင်ဆင်ရန် စုရုံးတော့သည်။ ဇူလိုင် ၂၈ ရက်နေ့တွင် ဩစတြီးယားက ဆားဗီးယားတို စစ်ကြေညာလေသည်။ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျာမနီက ရုရှားအား စစ်ကြေညာလိုက်၏။ ဩဂုတ်လ ၃ ရက်နေ့တွင် ဂျာမနီက ပြင်သစ်ကိုလည်း စစ်ကြေညာပြန်၏။ ဂျာမန်စစ်တပ်များသည် ဘယ်လ်ဂျီယန်ပြည်သို့ ချဉ်းနင်းဝင်ရောက်သော ဩဂုတ်လ ၄ ရက်တွင် ဘယ်လ်ဂျီယန်မဟာမိတ်ဖြစ်သော အင်္ဂလန်ပြည်က ဂျာမနီကို စစ်ကြေညာခဲ့ပြန်သည်။

**စစ်သားဘဝ**

ဟစ်တလာသည် စစ်ကြေငြာချက်များကို နားထောင်ပြီး စိတ်ဓာတ်တက်ကြွနေသော ဂျာမန်အမျိုးသား ထောင်ပေါင်းများစွာကဲ့သို့ ဩဂုတ်လ ၃ ရက်နေ့တွင် တတိယမြောက်လူးဝစ်ဘုရင်ထံ စစ်မှုထမ်းရန် လျှောက်လွှာတင်လိုက်သည်။ သူ့လျှောက်လွှာကို ဆိုင်ရာက ခွင့်ပြုကြောင်း ပြန်ကြားစာ မကြာမီမှာပင်ရရှိခဲ့သည်။ ဤအကြောင်းနှင့် ပတ်သက်၍ သူ၏ "ကျွန်ုပ်၏ ကြိုးပမ်းမှု" စာအုပ်၌ ...

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်ုပ်သည် စစ်မှုထမ်းခွင့်ပြုကြောင်း ဆိုင်ရာမှ ပြန်ကြားစာကို ဖွင့်ဖောက်၍ ဖတ်ခဲ့ရစဉ်က ဝမ်းသာလွန်းလှသဖြင့် လက်များပင် တုန်နေသည်။ မည်မျှလောက် ဝမ်းသာအားရ ဖြစ်မိသည်ကို ပါးစပ်က ထုတ်ဖော်ပြောပြ ရန်စကားလုံးပင် ရှာမတွေ့အောင် ဖြစ်ခဲ့ရသည်။ ရက်များမကြာမီ ကျွန်ုပ်သည် စစ်ယူနီဖောင်းအပြည့်အစုံ ဝတ်ဆင်ထားသော စစ်သား တစ်ယောက် ဖြစ်ခဲ့သည်။ ထိုအချိန်မှစ၍ ထိုစစ်ယူနီ ဖောင်းကို ၆နှစ်နီးပါးမျှ မချွတ်ဘဲ ဝတ်ခဲ့သည်' ဟူ၍

ရေးသားထား လေသည်။ သူသည် ဩစတြီးယား အမျိုးအနွယ်ပင် ဖြစ်သော်လည်း ဆိုင်ရာမှ ခွင့်ပြုချက်အရ ဘာဗေးရီးယန်း အရန်ခြေလျင် တပ်မ ၁၆၊ တပ်ရ ၁ တွင် ဝင်ရောက်အမှုထမ်းခဲ့ရသည်။



ပထမတွင် မြူးနစ်မြို့မှာပင် အခြားစစ်သားများနှင့် အတူ ရက် အနည်းငယ်မျှ စစ်ပညာသင်တန်းဆင်းရသည်။ ထို့နောက် လက်ချ်ဖဲလ်မြို့ သို့ရောက်၍ အတန်ကြာ စစ်စခန်းချနေခဲ့ရပြီး၊ အောက်တိုဘာလ ၂၁ ရက်နေ့ တွင် စစ်မြေပြင်သို့ရောက်ရှိသွားခဲ့သည်။

ဟစ်တလာသည် စစ်မြေပြင်တွင် ဗြိတိသျှတပ်များနှင့် ဖြစ်ပွားသော တိုက်ပွဲများနှင့် ထူးချွန်စွာ ထမ်းရွက်ခဲ့သဖြင့် ၁၉၁၄ ခုနှစ် ဒီဇင်ဘာလ ၂

www.burmeseclassic.com

www.burmeseclassic.com



ရက်နေ့တွင် သံမဏိကြက်ခြေခတ် (Iron Cross) ခေါ် တပ်သားကျော်ဆုတံဆိပ် (ဒုတိယအဆင့်) ရရှိခဲ့သည်။ ၁၉၁၅ တွင် ဟစ်တလာပါဝင်သော တပ်မသည် တိုးကွိုင်းဒေသတွင် ခေတ္တတပ်ချခဲ့ပြီး၊ ထိုမှတစ်ဖန် ညူဗီးချက်ပဲလ်အရပ်တွင် ဗြိတိသျှတပ်များနှင့် ရင်ဆိုင် တိုက်ခိုက်ရပြန်သည်။ ထိုတိုက်ပွဲပြီးသည့်နောက် ၁၉၁၆ ခု အောက်တိုဘာလထဲတွင် ဘာပေါမီ ဒေသသို့ ရောက်ရှိ၍ တိုက်ခိုက်ကြပြန်ရာ အောက်တိုဘာလ ၇ ရက်နေ့တွင် ဟစ်တလာသည် ခြေထောက်၌ သေနတ်မှန်၍ ဒဏ်ရာရရှိခဲ့သည်။ သူသည် ဘာလင်ဆေးရုံတွင် တက်ရောက်ကုသပြီးနောက် ၁၉၁၇ မတ်လထဲတွင် စစ်မြေပြင်သို့ တစ်ဖန်ပြန်ရောက်ခဲ့ပြန်သည်။ စစ်မြေပြင်တွင် ဟစ်တလာသည် လူတစ်ယောက်က ပြင်သစ်စစ်သား ၁၅ယောက်ကို အရှင်လက်ရ ဖမ်းဆီးခဲ့သောကြောင့် ၁၉၁၈ ခုနှစ်၊ နှစ်ဦးပိုင်းတွင် ဘာမန်စစ်သည်များ ရခဲလှသော သံမဏိကြက်ခြေခတ် ပထမဆင့် ရရှိခဲ့သည့်အပြင် တပ်ကြပ်အဆင့်သို့ တိုးမြှင့်ခံခဲ့ရသည်။



ယင်းနောက် ဟစ်တလာပါဝင်သော ဂျာမန်တပ်မသည် ၁၉၁၈ ခုနှစ် အောက်တိုဘာလထဲတွင် ယာပရက်စ် ဒေသ၏ တောင်ဘက် ဝါးဝစ် အရပ်သို့ တပ်ချရောက်ရှိခဲ့ပြန်သည်။ အောက်တိုဘာလ ၁၃ ရက်နေ့ ညတွင်

www.burmeseclassic.com

www.burmeseclassic.com



ထိုဒေသမှ ဂျာမန်တပ်များကို ဗြိတိသျှတပ်များက ဝင်ရောက်တိုက်ခိုက်ကြသည်။ တိုက်ပွဲမှာ ပြင်းထန်၍ ဗြိတိသျှ တပ်များက ဓာတ်ငွေ့များ သုံးစွဲတိုက်ခိုက်မှုကြောင့် ဟစ်တလာသည် ဓာတ်ငွေ့မိပြီး သတိလစ်သွားခဲ့သည်။ ချက်ချင်းပင်သူ့ကို နောက်ပိုင်းစစ်ဆေးရုံသို့ သယ်သွားကြသည်။ နောက်တစ်နေ့ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ဟစ်တလာမှာ ကိုယ်တစ်ပိုင်းသေကာ မျက်လုံးများမှာလည်း ဓာတ်ငွေ့မိထားသဖြင့် ဘာမှမမြင်ရတော့ဘဲ 'ကန်း' သွားခဲ့သည်။ ဤတွင်မှ စစ်ဘက်ဆိုင်ရာဆရာဝန်ကြီးများက သူ့ကို အရေးတကြီးမီးရထားဖြင့် တင်ဆောင်ကာ ပါစီဝေါ့ဒေသမှ စစ်ဆေးရုံသို့ အမြန်ပို့လိုက်ကြသည်။ တစ်လနီးပါး တက်ရောက်သွားပြီးမှ မျက်လုံးပြန်ကောင်း၍ ကိုယ်တစ်ပိုင်းသေသော ရောဂါလည်း ပျောက်သွားခဲ့သည်။

ဟစ်တလာဆေးရုံတွင် ဆေးကုသ ခံယူနေစဉ်အတွင်း ဂျာမန်တို့စစ်ရှုံး၍ လက်နက်ချသည့် သတင်းကြောင့် သူသည် မျက်ရည်ကျခဲ့ရသည်။

ဟစ်တလာသည် ဂျာမန်တို့လက်နက်ချသည့် ၁၉၁၈ ခုနှစ် နိုဝင်ဘာလ မကုန်မီမှာပင် ဆေးရုံမှဆင်း၍ မြူးနစ်မြို့သို့ ပြန်လာခဲ့သည်။ သူသည် ယခုအချိန်အထိ စစ်တပ်မှ မထွက်ရသေးဘဲ ယူနီဖောင်းကို ဝတ်မြဲဝတ်လျက်ရှိနေခဲ့သည်။ စစ်တပ်မှ အစားအသောက်ရာရှင်နှင့် လစာကို ထုတ်မြဲထုတ်နေခဲ့သည်။ ၁၉၁၈ ဒီဇင်ဘာလတွင်မူ သူသည် ဩစတြီးယားနယ်ပယ်မှ ထရောင်စတိန်မြို့တော်ရှိ စစ်သုံ့ပန်းစခန်းတွင် စခန်းစောင့်အဖြစ် စေတနာ့ဝန်ထမ်း ဆောင်ရွက်ခဲ့သည်။ ၁၉၁၉ ဇန်နဝါရီလကုန်ကာလပတ်တွင် သုံ့ပန်းများအားလုံးကို ပြန်လွှတ်ပြီး ထိုစခန်းကိုလည်း ပိတ်လိုက်မှ ဟစ်တလာသည် မြူးနစ်မြို့သို့ ပြန်လာခဲ့သည်။

များမကြာမီအတွင်း ဟစ်တလာသည် မြူးနစ်မြို့ဆိုင်ရာ ခရိုင်စစ်ဌာနချုပ်လက်အောက်ရှိ နိုင်ငံရေး ဌာနတွင် တာဝန်ပေးအပ်ခြင်း ခံရသည်။ ထိုဌာနတွင် ပုံနှိပ်လုပ်ငန်းနှင့် သတင်းဖြန့်ချိရေးဘက်တွင် တာဝန်ကျခဲ့သည်။ ထိုမှတစ်ဆင့် သူသည် နိုင်ငံရေး နည်းပြ သင်တန်းကို တက်ခဲ့ပြီးနောက် နိုင်ငံရေး နည်းပြအရာရှိတစ်ယောက် ဖြစ်လာခဲ့သည်။

ယခင်က ဗီယင်နာမြို့တွင် မိုးလင်းဆိုင်များ၌လည်းကောင်း၊ မြူးနစ်မြို့တွင် ဘီယာဆိုင်ရာများ၌ လည်းကောင်း၊ နိုင်ငံရေး စကားများကို

www.burmeseclassic.com

www.burmeseclassic.com



အာပေါင်အာရင်းသန်သန် ဒေါ်နှင့် မောနှင့် ပြောလာခဲ့သော ဟစ်တလာသည် ယခုမှပင် မိမိ၏အရည်အသွေးကို ကျစ်ပြည့်တင်းပြည့် ဖော်ထုတ်ပြသခွင့် ရလာခဲ့သည်။

သို့နှင့်ပင် ဟစ်တလာ၏ တာဝန်ကျေပွန်မှုကို အသိအမှတ်ပြုသောအားဖြင့် စက်တင်ဘာလတွင် နိုင်ငံရေး ဌာနချုပ်မှ သူ့အား မြူးနစ်မြို့တွင်ရှိနေသော ဂျာမန်အလုပ်သမားပါတီနှင့် ပတ်သက်၍ ယင်းပါတီသည် စစ်တပ်အတွက် မည်သို့မည်ပုံ အကျိုး ဖြစ်ထွန်းနိုင်မည်ကိုတော့ လေ့လာစုံစမ်းရန် တာဝန်ပေးအပ်လိုက်သည်။

ဂျာမန်အလုပ်သမားပါတီမှာမူလက 'လွတ်လပ်သော အလုပ်သမားကော်မတီ' ဖြစ်သည်။ ဤကော်မတီကို စတင်ဖွဲ့စည်းခဲ့သူမှာ 'အင်တွန်ဒရက်စ်လာ' (Anton Drexler) လာဆိုသူဖြစ်၍၊ မြူးနစ်မြို့ဘွင် တစ်ချိန်က သော့ပြင်ဆရာတစ်ယောက် ဖြစ်သည်။

## လွတ်လပ်သော အလုပ်သမားကော်မတီ

ဒရက်စ်လာသည် လွတ်လပ်သော အလုပ်သမားကော်မတီကို ၁၉၁၈ ခုနှစ် မတ်လ ၇ ရက်နေ့တွင် စတင်ဖွဲ့စည်း၍ ထိုစဉ်က အဖွဲ့ဝင်ပေါင်း ၄၀ ရှိသည်။ သူ၏ နိုင်ငံရေး အယူအဆမှာ လူလတ်တန်းစားများကို အခြေခံသော 'အဖနိုင်ငံတပ်ဦး' ၏ လမ်းစဉ်ကို ပစ်ပယ်၍ အလုပ်သမားလူတန်းစားနှင့် အမျိုးသားရေးဝါဒသမားများကို အခြေခံသော နိုင်ငံရေးဝါဒဖြစ်သည်။

ဝ

www.burmeseclassic.com

## အခန်း (၂)
## ဂျာမန်အလုပ်သမားပါတီ

ဤအခြေခံဖြင့် နိုင်ငံရေးပါတီတစ်ရပ် ရှိဖို့လိုသည်ဟု ယူဆကာ ဒရက်စ်လာသည် သတင်းစာဆရာတစ်ဦးဖြစ်သူ ကားလ်ဟားယား (Kard Harrer) ၊ စီးပွားရေးပညာရှင် တစ်ဦးဖြစ်သူ ဖက်ဒါ (Gottfried Feder) တို့နှင့်ပူးပေါင်း၍ မူလ လွတ်လပ်သော အလုပ်သမားကော်မတီကို တိုးချဲ့ကာ ၁၉၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် 'ဂျာမန် အလုပ်သမား ပါတီ' ကို စတင်တည်ထောင်ခဲ့သည်။

ပါတီ ဖွဲ့စည်းပြီး မကြာမီမှာပင် ဟစ်တလာသည် ယင်းပါတီသို့ ခြေဆုံပစ် ဝင်ရောက်လှုပ်ရှားခဲ့သည်။ ဤသို့ဖြင့် ဟစ်တလာသည် မထင်မရှား မွေးဖွားလာသော ဂျာမန်အလုပ်သမားပါတီ ကလေး၏ ၇ ယောက်မြောက် အလုပ်အမှုဆောင်တစ်ဦး ဖြစ်လာခဲ့သည်။ သို့သော် ထိုပါတီကလေးသည် နောင်အခါ၌ တစ်ကမ္ဘာလုံးက သိမ့်သိမ့်တုန်အောင် ကိုင်လှုပ်နိုင်သည့် နာဇီပါတီအဖြစ် ရှင်သန်ပေါက်ဖွား ကြီးထွားလာခဲ့လေသည်။

ထို့နောက် ၁၉၂၀ပြည့်နှစ် ဖေဖော်ဝါရီလ ၂၄ရက်နေ့တွင် အလုပ်သမားပါတီ၏အမည်ကို ဂျာမန်အမျိုးသား ဆိုရှယ်လစ်အလုပ်သမားပါတီ

www.burmeseclassic.com



(National Socialist German Workers Party) ဟူ၍ အမည်ပြောင်းလဲ၍ အချက်ပေါင်း ၂၅ ချက်ပါဝင်သော ပါတီလုပ်ငန်းစဉ် ကြေညာစာတမ်းကြီးကို ဟစ်တလာကိုယ်တိုင် ဖတ်ကြားတင်ပြခဲ့သည်။

ဤသို့ဖြင့် နောင်အခါ၌ 'နာဇီပါတီ' (Nazi Part) ဟူ၍ ထင်ရှားကျော်ကြားလာသည့် ဂျာမန်အမျိုးသား ဆိုရှယ်လစ် အလုပ်သမားပါတီ၏ အမည်ကို ဂျာမန်အသံထွက်ဖြင့် အတိုကောက် ခေါ်ဝေါ်ရာမှ နောင်အခါ၌ ဂျာမနီတစ်ပြည်လုံးသာမက ကမ္ဘာကပါ 'နာဇီပါတီ' ဟူ၍ ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။

နာဇီပါတီနှင့်တွဲ၍ ဟစ်တလာ၏ အမည်မှာလည်း တဖြေးဖြေး ထင်ရှားလာခဲ့သည်။ သူကိုယ်တိုင်လည်း သူ့အရှိန်အဝါကို ပါတီတွင်း၌ တစ်စတစ်စ ပို၍ကြီးမားလာအောင် လုပ်ဆောင်ခဲ့သည်။

ထိုသို့ ပါတီတွင်း၌ ဟစ်တလာ တစ်နေ့တခြား တွင်ကျယ်လာသည်ကို မလိုလားမရှုစိမ့်နိုင်သောကြောင့် ပါတီဥက္ကဋ္ဌဖြစ်သူ ဟားယားသည် နိုင်ငံရေးနယ်ထဲတွင် ပို၍ တွင်တွင်ကျယ်ကျယ် ခြေလှမ်းကျဲကျဲ လှမ်းနိုင်ရန်အတွက် ၁၉၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့တွင် စစ်တပ်မှ လုံးဝထွက်လိုက်ပြီး၊ ပါတီလုပ်ငန်းများကို အချိန်ပြည့် စတင်လုပ်ကိုင်လာခဲ့သည်။

## နာဇီပါတီနှင့် ဟစ်တလာ

နာဇီပါတီ၌ မိမိ၏ ဩဇာအာဏာ အရှိန်အဝါ ပိုမိုကြီးထွားအောင် လုပ်ဆောင်ရာ၌ ဟစ်တလာသည် ဗိုလ်ကြီးရှမ်း (Capt Ernst Roehm) ဆိုသူ၏ အကူအညီများစွာ ရခဲ့သည်။ ဗိုလ်ကြီးရှမ်းသည် မြူးနစ်မြို့ခရိုင် စစ်ဌာနချုပ်မှ စစ်ဗိုလ်တစ်ယောက်ဖြစ်၍၊ သူသည် ဟစ်တလာထက် စောပြီး နာဇီပါတီသို့ ဝင်ခဲ့သူဖြစ်သည်။ သူသည် 'လွတ်လပ်သောတပ်ဖွဲ့' များ၊ မှန်တိုင်း တပ်ဖွဲ့များကို အထူး အားထားသူ တစ်ဦးဖြစ်သည်။ နိုင်ငံရေး လုပ်ကြံမှုများကိုလည်း လိုလားသူဖြစ်သည်။ သူ့ အယူအဆမှာ ဂျာမန်ဒေသကြီး တစ်ရပ်လုံးက အဖနိုင်ငံနှင့် တပ်မတော်ကို တကယ် လှိုက်လှိုက်လှဲလှဲ ချစ်ခင်မြတ်နိုးခြင်း၊ အားကိုးမရှိဘဲနှင့် ခိုင်မာတောင့်တင်းသော ဂျာမန်အမျိုးသားနိုင်ငံတော်ကြီးကို မတည်ဆောက်နိုင်ဟူ၍ဖြစ်သည်။ ထိုသို့ အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သားရေးစိတ်ဓာတ်နှင့် စစ်ရေးစိတ်ဓာတ်တို့ ပေါင်းစပ်၍ လုပ်ကိုင်နေသော ဝါတီမှန်သမျှ စိတ်ဝင်စားသူ တစ်ယောက်ဖြစ်သည်။



ဗိုလ်ကြီး အင်တွန်ဒရက်စ်လား

ဤသို့ဖြင့် ဗိုလ်ကြီးရှမ်းသည် ဟစ်တလာ တစ်နေ့တခြား တွင်ကျယ်ပြန့်လာနေသော နာဇီပါတီအတွင်းသို့ သူ၏ လွတ်လပ်သော တပ်ဖွဲ့ဝင်ဟောင်းများနှင့် စစ်မှုထမ်းဟောင်းများကို အစုလိုက်၊ အပြုံလိုက် ဝင်ကြရန် ပို့ဆော်တိုက်တွန်းခဲ့သည်။ ထို လွတ်လပ်သော တပ်ဖွဲ့ဝင်ဟောင်းများနှင့် စစ်သားဟောင်းများသည်ပင်လျှင် နောင်အခါ၌ နာဇီပါတီ၏ ကျောရိုးများဖြစ်သော "မုန်တိုင်းတပ်ဖွဲ့ဝင်"များနှင့် "ဂက်စတာပို စုံထောက်များ" ဖြစ်လာကြသည်။

www.burmeseclassic.com


www.burmeseclassic.com



ဟစ်တလာ၏ အရှိန်အဝါ ဩဇာအာဏာ ကြီးမားလာရာ၌ ထိုသို့သော အပြင်အပမှ ကူညီမှုများရှိခဲ့သည်။ မှန်သော်လည်း တကယ့်တကယ်အားဖြင့်ဆိုရသော် ဟစ်တလာကိုယ်တိုင် အရည်အချင်း အစွမ်းအစမရှိဘဲ ပျော့ညံ့နေပါက ပြင်ပအကူအညီ သည်မျှပင်ကြီးမားစေကာမူ အရေးပါရာ ရောက်မည်မဟုတ်ပေ။

ဟစ်တလာသည် နိုင်ငံရေးသမားပီသစွာ 'ကွက်ကျော်'မြင်တတ်သူ ဖြစ်သည်။ လူထုကြီးကို မည်သို့ မည်ပုံ စည်းရုံးရမည်၊ ဝါဒဖြန့်ရမည်ကို ကြိုတင်တွက်ချက် သိရှိထားပြီးဖြစ်သည်။ သူသည် ဘဝ၏ အောက်ခြေမှ တက်လာသူဖြစ်၍ အောက်သက်ကျေပြီးဖြစ်သည်။

သူသည် ပရိသတ်အဖဲကို ခတ်တတ်သည်။ ဘယ်လူတန်းစားရှေ့ မှောက်ရောက်လျှင် ဘယ်စကားလုံးကိုရွေး၍ သုံးရမည်ကိုသိသည်။ ဘယ် ပရိသတ်၏ စိတ်ခတ်ကို ဘယ်အချက်ဖြင့် ထိုးနှက်ရမည်ကို နားလည်သည်။



နာဇီပါတီအလံ။

ထို့ကြောင့် ဟစ်တလာ စကားပြောကောင်းသည်ကို တစ်ခါကကြုံတွေ့ခဲ့ရသော ဒေါက်တာစချာချက်ဆိုသူက "ဒီလူဟာ အင်မတန် ကျွမ်းကျင်တဲ့ ဂီတာသမားတစ်ယောက်က တော်တော်အသံသာယာတဲ့ စန္ဒရားတစ်လုံးကို တီးခတ်သွားသလို၊ လူလတ်တန်းစား အောက်ဆုံးအလွှာတွေရဲ့ နှလုံးကို တီးခတ်နိုင်တဲ့ လူတစ်ယောက်ပါပဲ" ဟူ၍ ပြောကြားခဲ့သည်။

www.burmeseclassic.com



ဤသို့ဖြင့် သူသည် ဂျာမနီနိုင်ငံနှင့် ဂျာမန်လူမျိုးများ အကြောင်းကို ခေတ်အဆက်ဆက်က အခြားအခြားသော နိုင်ငံရေးခေါင်းဆောင်ကြီးများ ထက်ပို၍ သိနားလည်ခဲ့သည်။ သူမကြာခဏ ပြောခဲ့ အဆိုတစ်ရပ်မှာ-



www.burmeseclassic.com

www.burmeseclassic.com



'ခေါင်းဆောင်တစ်ယောက် ဖြစ်ရန်ဆိုသည်မှာ လူထုကြီးကို လှုပ်ရှားရွေ့လျားအောင် ပြုလုပ်နိုင်ရန်ပင် ဖြစ်သည်' ဟူ၍ ဆိုခဲ့သည်။

ဟစ်တလာသည် ပါတီတွင်း၌ တွင်ကျယ်လာသော်လည်း ပါတီတွင်း ပဋိပက္ခကို ရင်ဆိုင်ခဲ့ရသေးသည်။ ၁၉၃၂ ခုနှစ်၊ နွေရာသီတွင် ဟစ်တလာသည် မြူးနစ်မြို့မှ ဘာလင်မြို့သို့ တာဝန်ဖြင့် ခေတ္တသွားရောက်နေစဉ် အတွင်းပါတီကော်မတီအချို့သည် ဟစ်တလာကို ဝိုင်းပယ်ရန် ကြိုးပမ်းလာခဲ့သည်။ သူတို့သည် ဟစ်တလာရှိနေစဉ်က ဟစ်တလာ၏အလုပ်ကို ဘဝင်မကျသော်လည်း မပြောရဲ မဝေဖန်ရဲဘဲရှိသည်။ ထိုသို့ မဝေဖန်ရဲသည်မှာလည်း ဟစ်တလာ ကြိုးစားလုပ်ဆောင်ခဲ့မှုကြောင့် ပါတီသည် နေ့ချင်းညချင်း တိုးတက်ကြီးပွားလာခဲ့သည်ကို လူတိုင်းသိကြသည်။

သို့ဖြစ်ရာ သူတို့သည် ဟစ်တလာရှိစဉ်က ဟစ်တလာ၏ အရှိန်အဝါကို မလှန်နိုင်ဘဲ မှောင်ထဲ၊ ချောင်ထဲတွင် ဝပ်နေခဲ့ကြရာမှ ယခု ဟစ်တလာ ဘာလင်မြို့သို့ တာဝန်ဖြင့် ခရီးထွက်နေခိုက် ဟစ်တလာရှိစဉ်က ပယ်ချခဲ့သော အဆိုများကို ပြန်တင်လာကြသည်။ ထိုအခါမှာ မိမိတို့ နာဇီပါတီနှင့် အခြားဂျာမန် ဆိုရှယ်လစ်ပါတီ နှစ်ခုတို့ပူးပေါင်းရေး အဆိုပင်ဖြစ်သည်။ ထိုဂျာမန် ဆိုရှယ်လစ်ပါတီများမှာ ဘရန်နားနှင့် စထရိုက်များဆိုသူ နှစ်ဦးခေါင်းဆောင်နေကြသည့် ပါတီဖြစ်သည်။

ထိုပါတီများနှင့် ပူးပေါင်းလိုက်ခြင်းဖြင့် ဆိုရှယ်လစ်အင်အားစုများ ညီညွတ်ရေးကို တည်ဆောက်ရာရောက်မည်ဟု ပါတီကော်မတီ အများစုက ယူဆကြသည်။ အချို့ကမူ ပါတီချင်း ပူးပေါင်းလိုက်ပါက လောလောဆယ် သူထင်ရာ သူလုပ်နေသော ဟစ်တလာကိုလည်း ထိန်းချုပ်နိုင်မည်ဟု တွက်ဆခဲ့ကြသည်။

ဟစ်တလာသည် မိမိမြူးနစ်တွင်ရှိစဉ်က ပယ်ချထားခဲ့သော အဆိုများကို မိမိမရှိသည့်နောက်ပိုင်းတွင် ပါတီကော်မတီက ထပ်မံတင်သွင်း၍ ဆုံးဖြတ်ကြသည်ဆိုသော သတင်းကိုကြားလျှင် ကြားချင်းဘာလင် မြို့သို့ ချက်ချင်းပြန်လာခဲ့သည်။

ရောက်လျှင်ရောက်ချင်း ဟစ်တလာသည် 'အပေါ်စီး' ရအောင် ယူလိုက်သည်။ ယင်းမှာ သူသည် ပါတီမှ နုတ်ထွက်စာ တင်လိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



အချို့တော်မတီများမှ ဘာလုပ်ရမှန်းမသိအောင် ခွကျသွားသည်။ အထူးသဖြင့် ပါတီကို ပါတီဝင်အများအပြားဖြင့် ကြီးထွားလာအောင် စည်းရုံးလာခဲ့သည်မှ ဟစ်တလာပင်ဖြစ်သည်။ နောက်ဆုံးပါတီ ဘဏ္ဍာရေး တောင့်တင်းအောင် ရှာဖွေလာခဲ့သူမှာလည်း ဟစ်တလာပင်ဖြစ်သည်။ သို့ဖြစ်ရာ ဟစ်တလာပါတီမှ ယခုလို နုတ်ထွက်သွားလျှင် ပါတီ၏ စည်းရုံးရေး၊ လှုံ့ဆော်ရေး၊ ဘဏ္ဍာရေး အခြေအနေများ ပြိုကျသွားမည်မှာ မုချပင်ဖြစ်သည်။ ထို့ကြောင့် ပါတီကော်မတီသည် ဟစ်တလာ၏ အကျပ်ကိုင်မှုကြောင့် ထစ်ထစ်လျှော့ကာ ဟစ်တလာကို ပါတီမှမထွက်ရန် စေ့စပ်ရေး လုပ်လာကြရသည်။ သူက တစ်ကွက်ရွှေ့လျှင် မိမိကနှစ်ကွက်ရွှေ့၍ နှစ်ကောင်ဆောလိုက်မည်ဟူသော အကြံဖြင့် ဟစ်တလာသည် ယင်းတို့၏ ပျော့ကွက်ကို ချက်ကောင်းယူကာ စေ့စပ်ရေးကိုပို၍ ဈေးကိုင်လိုက်သည်။ ပို၍ မာလိုက်သည်။ မိမိကို ပါတီမှမထွက်စေလိုလျှင် ပါတီကော်မတီကိုလည်း ဖျက်သိမ်းပြီး အငြိမ်းစားပေးပစ်ရမည်ဟူ၍ အရေးဆိုလိုက်သည်။ ဝက်အူတစ်ထစ်ချင်းထစ်၍ ရစ်လိုက်သည်။

ဤသို့ဖြင့် ပါတီတွင် ပဋိပက္ခ နောက်ဆုံးတိုက်ပွဲတွင် ဟစ်တလာသည် အောင်ပွဲဆင်နိုင်ခဲ့သည်။ ပါတီကို စတင်တည်ထောင်ခဲ့သော ဒရက်စ်လာကိုလည်း ပါတီ၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌအဖြစ် အပေါ်ထပ်သို့ ခြေဖြင့်ထန်၍တင်လိုက်ပြီး၊ ပါတီဥက္ကဋ္ဌ တာဝန်ကို လွှဲပြောင်းရယူလိုက်သည်။ ထို့ဖြင့် သူ့အပေါ်တွင် အကန့်အသတ် အချုပ်အချယ်မရှိ လုံးဝအာဏာကုန်လွှဲအပ်မှုကိုပင် ရရှိလိုက်သည်။

၀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)
## နာဇီပါတီ

ဤနေရာ၌ နာဇီပါတီအကြောင်းကို အနည်းငယ်ရှင်းပြလိုက်ပေသည်။ 'နာဇီ' Nationalsogialistische Deutsche Arbeiterpartei NSDAP) ၏ အတိုကောက်ကို မြန်မာလိုအသံလှယ်၍ ခေါ်ဝေါ်သော အမည်ဖြစ်သည်။ အဓိပ္ပာယ် 'ဂျာမန်အမျိုးသား နေရှင်နယ်လစ်ပါတီဟု သမုတ်ခဲ့သော်လည်း ပါတီ၏လမ်းစဉ်မှာ ဆိုရှယ်လစ်လမ်းစဉ်မဟုတ်ချေ။ ၁၉၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ထုတ်ပြန်သော ပါတီကြေညာစာတမ်းအရ ရည်ရွယ်ချက်များမှာ စက်မှုလက်မှု လုပ်ငန်းကြီးများ၌ အလုပ်သမားတို့က အမြဲခွဲဝေခံစားခွင့်ရရှိစေရေး သက်ကြီး အလုပ်သမားတို့၏ အခြေအနေတိုးတက်ရေး၊ တိုးတက်သော လူလတ်တန်းစား ဖန်တီးရေး၊ မြေယာပြုပြင်ရေး၊ ပြည်သူ့ကျန်းမာရေး စသည့် အချက်များ ပါဝင်သော်လည်း ကားလ်မာ့က်စ် (၁၈၁၈- ၁၈၈၃)ချမှတ်ခဲ့သော ဆိုရှယ်လစ်ဝါဒကို ချေမှုန်းတိုက်ဖျက်ရန်သာ ရည်ရွယ်ထားပေသည်။ ထို့ပြင် နာဇီပါတီ၏ ရည်မှန်းချက်တစ်ရပ်မှာ ဂျာမနီနိုင်ငံ၏ စစ်အင်အားကို ကြီးထွား ဖွံ့ဖြိုးစေ၍ ကမ္ဘာကို ဂျာမန်လူမျိုးတို့ကသာလျှင် လွှမ်းမိုးရန်ဖြစ်သည်။ အတိုက်အခံပါတီ

www.burmeseclassic.com



ဟူ၍ မရှိစေရဘဲ နိုင်ငံရေးအာဏာကို ပါတီခေါင်းဆောင်တို့၏ လက်၌သာ ထားပြီးလျှင် အာဏာရှင်စနစ်ကိုသာ ရွေးရှုသောစနစ် ဖြစ်ပေသည်။

ဟစ်တလာကိုယ်တိုင်ကလည်း ၁၉၂၂ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့ တရားပွဲတစ်ခုတွင်–

"တစ်မျိုးသားလုံးရဲ့ အရေးကို ကိုယ့်အရေးလို့ သဘောထားတဲ့ လူတိုင်း ဘယ်သူမဆို တစ်မျိုးသားလုံး သက်သာချောင်ချိရေးကို တစ်စုံ တစ်ရာ အတိုင်းအတာအထိ ဦးစားပေးတဲ့လူလို့ ဆိုရလိမ့်မည်။ ကျုပ်တို့ အမျိုးသားသီချင်းရဲ့ အဓိပ္ပာယ်ကို နားလည်တဲ့လူတိုင်း သူ့မျက်စိထဲမှာ ဒီဂျာမနီပြည်နဲ့ ဂျာမန်လူမျိုးတွေကို ကမ္ဘာပေါ်မှာ ဘယ်တိုင်းပြည်၊ ဘယ်လူမျိုးကမှ မလွှမ်းမိုးနိုင်ဘူးဆိုတဲ့ အသိအမြင် မျိုးရှိနေရင် အဲဒီလူလိုဆိုရှယ်လစ် တစ်ယောက်လို့ ခေါ်ရလိမ့် မယ်" ဟူ၍ ပြောဆိုခဲ့ဖူးသည်။

ဤသို့ဖြင့် သူသည် နာဇီပါတီကို လူတန်းစား တစ်ခု၏ ပါတီအဖြစ် မစည်းရုံးပဲ လူတန်းစားမျိုးစုံ၊ အလွှာမျိုးစုံပါဝင်အောင် စည်းရုံးခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် လက်ရှိအခြေအနေကို မကျေနပ်သူ မှန်သမျှကို စည်းရုံးခဲ့သည်။

သို့ဖြင့် စစ်တပ်မှ ထွက်လာခဲ့ပြီး အလုပ်လက်မဲ့ ဖြစ်ကြသော ရိုးအားရင်းနှင့် ရှုဒေါ့ဟက်စ်တို့သည် လည်းကောင်း၊ စားဝတ်နေရေး မဖူ လုံသဖြင့် ဘဝကို စိတ်နာနေကြသော ဂိုးဘဲလ်နှင့် ရီစင်ဘတ်တို့သည်လည်း ကောင်း နာဇီပါတီဝင်များ ဖြစ်လာကြသည်။ နောင်အခါ၌ ထိုသူများသည် အာဏာရှင် ဟစ်တလာ၏ လက်အောက်၌ လျှမ်းလျှမ်းတောက် တန်ခိုးကြီး ထွားလာကြသော နာဇီ ထိပ်တန်းခေါင်းဆောင်ကြီးများ ဖြစ်လာကြသည်။


ဟစ်တလာသည် ပါတီအရှိန်အဝါ ကြီးမားရေးအတွက် ဝါဒ ဖြန့်ချိရေး လက်နက်တစ်ခုဖြစ်သော ပါတီသတင်းစာ တစ်စောင်ဖြစ်မြောက် ရေးကို ကြိုးပမ်းခဲ့ရာ ၁၉၂၃ခု၊ ဖေဖော်ဝါရီလထဲတွင် ပါတီ၏ ကြေးကြော် သံအဖြစ် နေ့စဉ်သတင်းစာတစ်စောင်ထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် ပါတီကိုဆန့်ကျင်သူများ၊ ပြိုင်ဘက်ပါတီများကို လည်း ရစရာမရှိအောင် စွပ်စွဲတိုက်ခိုက် ရေးသားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





နာဇီအင်အားပြပွဲ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်အတွင်း ပထမကမ္ဘာစစ်ကြီးအပြီး ဂျာမနီနိုင်ငံတော် ပြည်တွင်းရေးအခြေအနေမှာ ၁၅ နှစ်လုံး ဖရိုဖရဲဖြစ်ကာ ဟစ်တလာ အရှိန်အဝါကြီးမားစေရန် ဖန်တီးပေးသလိုဖြစ်ခဲ့သည်။ စီးပွားရေး ကျပ်တည်းမှု၊ အလုပ်လက်မဲ့များ တစ်နေ့တခြားများပြားလာမှု၊ ကုန်ဈေးနှုန်း ကြီးမြင့်မှု၊ ဂျာမန်မတ်ငွေ တန်ဖိုးအလွန်အမင်းကျဆင်းမှု စသော အထွေထွေ ကပ်ဆိုက်မှုကြီးမှာ နောက်ဆုံးလက်ရှိ အစိုးရအပေါ် အပြစ်ပုံကျခဲ့သည်။ စာစီချိန်တည်းမှာပင် လက်ရှိအစိုးရကို ဆန့်ကျင်၍ လှုပ်ရှားနေသော လက်ဝဲလက်ယာသမားများမှာ လူထုထောက်ခံမှုကို အကြီးအကျယ်ရခဲ့ကြသည်။

ဤသို့ အခြေအနေဖြစ်ပေါ်နေစဉ်အတွင်း 'ပွဲလန့်တုန်း ဖျာခင်း' ဆိုသော ဟစ်တလာအတွက် အကွက်ကောင်းဖြစ်ခဲ့သည်။ နာဇီပါတီ သြဇာကြီးမားလာရေး လူသိများလာရေးကို အနုရော၊ အကြမ်းနည်းပါ၊ နှစ်ခုစလုံးသုံးခဲ့သည်။ နာဇီပါတီထဲသို့ လူတန်းစားမျိုးစုံကို စုပြုံသိမ်းသွင်း၍၊ ပါတီဝင်အရေအတွက်များများဖြင့် အင်အားကြီးမားအောင် စည်းရုံးခဲ့သည်။

## ထောင်ဒဏ်ကျခံခဲ့ရသော ဟစ်တလာ

ထို့နောက် အင်အားကြီးမားလာသော ပါတီဝင်များကို စုစည်း၍ အခြားပါတီများ၏ တရားပွဲများကို လူအုပ်ဖြင့် ဝင်ရောက်ဖျက်ဆီးခဲ့သည်။

ဤသို့ဖြင့် ဟစ်တလာသည် တရားပွဲဖျက်မှုဖြင့် ထောင်ဒဏ် အပြစ်ပေးခံရသော်လည်း တစ်လသာထောင်ကျခဲ့ရသည်။ ဟစ်တလာထောင်ကျသည့် ဇွန်လ ၂၄ ရက်နေ့မှာပင် ဘာဗေးရီးယန်း အစိုးရ၏ အရေးပါအရာရောက်သည့် နိုင်ငံခြားရေးဝန်ကြီး ရာသနောမှာ တယူသန်အကြမ်းဖက်သမားများ၏ လက်နက်ဖြင့် လမ်းပေါ်၌ပင် ပစ်သတ်ခြင်းခံခဲ့ရသည်။

ဤတွင် အစိုးရအဖွဲ့မှာ ငုတ်တုတ်ထိုင်ကြည့်၍ မဖြစ်တော့ဘဲ အကြမ်းဖက်မှုများကို နှိမ်နင်းတားဆီးရန် ကာကွယ်ရေးဥပဒေကြမ်းကို ထုတ်ပြန်ကြေညာရတော့သည်။

ဟစ်တလာ၏ နာဇီပါတီအပါအဝင် တစ်ယူသန် အကြမ်းဖက်သမားများကလည်း နှုတ်မနေဘဲ အဆိုပါကာကွယ်ရေး ဥပဒေကြမ်းကို ကန့်ကွက်ဆန္ဒပြကြသည်။ ၁၉၂၂ခု၊ ဩဂုတ်လ ၁၁ရက်နေ့တွင် ကာကွယ်ရေး ဥပဒေ

www.burmeseclassic.com

www.burmeseclassic.com



ကြမ်း ကန့်ကွက်သည့် လူထုဆန္ဒပြပွဲကျင်းပရာ နာဇီတပ်ဖွဲ့ဝင်များ၊ နာဇီမုန်တိုင်းတပ်ဖွဲ့ဝင်များအဖြစ် အခြားထောင်ပေါင်းများစွာသော လူထုကြီးတပါ တက်ရောက်ခဲ့၍ ဝက်ဝက်ကွဲ၍ ကြိုက်ပျံ့မကျ စည်ကားခဲ့သည်။ လူထုဆန္ဒပြပွဲအတွက် အဓိက ဟောပြောသူမှာ ဟစ်တလာဖြစ်သည်။ ဤသို့ဖြင့် ဟစ်တလာ၏ အပြောအဟောကောင်းမှုနှင့် စည်းရုံးရေး ထက်မြက်မှုကြောင့် ဟစ်တလာသည် ဂျာမန်လူထု၏ ထိပ်တန်းခေါင်းဆောင်တစ်ယောက်အဖြစ်သို့ ရောက်ရှိခဲ့သလို၊ ဘာဗေးရီးယန်း အာဏာပိုင်တို့၏ အတိုက်အခံ ရန်သူတော်စာရင်းတွင် နံပါတ်တစ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com





ဤသို့ အခြေအနေ ရှုပ်ထွေးပွေလီနေစဉ်အတွင်း ဂျာမနီပြည်ကြီး၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် ဖြစ်ရပ်နှစ်ခု ၁၉၂၃ တွင်ပေါ်ပေါက်လာခဲ့သည်။

ပထမ ဖြစ်ရပ်မှာ ပြင်သစ်တို့က ဂျာမနီပြည်ပိုင်နက်ဖြစ်သော 'ရား' (The Rubr)နယ်ဝင်ရောက် သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။ ပထမ ကမ္ဘာစစ်ကြီးကို အကြောင်းပြု၍ ဂျာမန်အစိုးရက ပြင်သစ်သို့ စစ်လျော်ကြေးများပေးရန်ရှိနေ၍ စီးပွားရေးကပ်ဆိုက်နေသဖြင့် အဆိုပါ စစ်လျော်ကြေးငွေကို မပေးနိုင်မှုကြောင့် ဂျာမနီ၏စက်မှုလုပ်ငန်း အချက်အချာဒေသဖြစ်သော 'ရား' နယ်ကို ၁၉၂၃ ဇန်နဝါရီ ၁၁ ရက်နေ့တွင် ဝင်ရောက်သိမ်းပိုက်ခဲ့သည်။

'ရား' နယ်မှာ ဂျာမနီ တစ်နိုင်ငံလုံးတွင် အသုံးပြုနေသော သံ၊ သံမဏိနှင့် ကျောက်မီးသွေး တန်ချိန် အားလုံး၏ ၈၀ ရာခိုင်နှုန်းထွက်ရှိနေသော အဓိက ဒေသကြီးဖြစ်ရာ၊ ထိုနယ်ကို ပြင်သစ်တို့က သိမ်းပိုက်လိုက်ခြင်းသည် ဂျာမနီအား အရှိုက်ကို ထိုးခံရသလို ဖြစ်သွားခဲ့ရသည်။

ဒုတိယ ဖြစ်ရပ်မှ ဂျာမန်ငွေတန်ဖိုးသည် စက္ကူစုတ်တမျှ တန်ဖိုးမရှိအောင် ထိုးကျသွားခြင်းဖြစ်သည်။ ၁၉၂၇ စက်တင်ဘာ ၁ ရက်နေ့တွင်

www.burmeseclassic.com

www.burmeseclassic.com


ဒေါ်လာလျှင် ဂျာမန်မတ်ငွေ တစ်သန်းနှင့် ညီမျှခဲ့သည်။ နိုဝင်ဘာ ရက်နေ့တွင်မူ ကားသန်းပေါင်း ၁၃၀၀ နှင့်ညီမျှခဲ့ရာ ဤမျှလောက် ငွေကြေးဖောင်းပွမှု ဖြစ်ပေါ်ခဲ့သည်။

ဤသို့ နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်း ခေါင်းခိုက်နေစဉ် အတွင်း ၁၉၂၃ နိုဝင်ဘာလ ၈ ရက်နေ့က ဗေးရီးယန်းအစိုးရနှင့် ဗဟို အစိုးရကို ဖြုတ်ချ၍ ကြားဖြတ်အမျိုးသား အစိုးရကိုဖွဲ့စည်းကြောင်း ကြေညာ ခဲ့မှုကြောင့် ဖမ်းဆီးခံလိုက်ရသည်။ ထို့နောက် ၁၉၂၄ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် အထူးခုံရုံးအဖွဲ့က စစ်ဆေးခဲ့ပြီးနောက် ဟစ်တလာအား နိုင်ငံ တော်ပုန်ကန်မှုဖြင့် ထောင်ဒဏ် ၅ နှစ် အပြစ်ပေးခံရသည်။

ဟစ်တလာသည် မြူးနစ်မြို့နှင့် မိုင် ၅၀ ဝေးသော လက်ချိုတောင် ကြားဒေသရှိ လင်းဒ်ဘာ့ဂ်မြို့ကလေးရှိ အကျဉ်းထောင်တွင် အကျဉ်းခံနေစဉ် အတွင်း နောင်အခါ၌ ကမ္ဘာကျော်ဖြစ်လာသော 'Mein Kampt' ခေါ် ဘွန်ုပ်၏ ကြိုးပမ်းမှု စာအုပ်ကို ရူဒေါ့ဖ်ဟက်စ် အကူအညီ ရေးသားနိုင် ခဲ့လေသည်။

**နာဇီပါတီ ပြန်လည်ထူထောင်ရေး**

ထို့နောက် ထောင်ထဲတွင် နှစ်စေ့အောင် မနေရဘဲ ၁၉၂၄ ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ထောင်မှပြန်လည် လွတ်မြောက်လာခဲ့သည်။ ဟစ်တလာ သည် ထောင်မှပြန်လည် လွတ်မြောက်ပြီးနောက် နာဇီပါတီကို ပြန်လည် အားကောင်းလာအောင် စည်းရုံးတည်ဆောက်ခဲ့သည်။

ထိုစဉ်အတွင်း ၁၉၂၅ ဧပြီလတွင် သမ္မတရွေးကောက်ပွဲ ပြုလုပ်ခဲ့ ရာ နာဇီပါတီမှ ဝင်ရောက်အရွေးခံသော စစ်သေနာပတိချုပ် ဟောင်းပေါလ် ဗွန်ဟင်ဒင်ဘာ့ဂ် (Paul von Hindenburg) ရွေးတင်မြောက်ခဲ့ရသည်။ တစ်ချိန် တည်းမှာပင် နာဇီပါတီ အရှိန်အဝါ ကြီးမားလာသောကြောင့် ၁၉၂၉ တွင် ပါတီဝင်တိုင်း ၁၇၈၀၀၀ ဖြစ်ရှိလာခဲ့သည်။ ထို့ပြင် အရွယ်မရောက်သေး သော ကျောင်းသားလူငယ်များနှင့် ကလေးများကိုပါ 'ဟစ်တလာလူငယ် အဖွဲ့' 'နာဇီကျောင်းသားအဖွဲ့' 'နာဇီကျောင်းဆရာများအသင်း'၊ 'နာဇီ ရှေ့နေများသမဂ္ဂ'၊ 'နာဇီဆရာဝန်များသမဂ္ဂ' စသည်ဖြင့် လူတန်းစားအလွှာ များအလိုက် နာဇီပါတီ၏ လက်အောက်ခံ အဖွဲ့များကို ဖွဲ့စည်းခဲ့ သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဟစ်တလာသည် မိမိအယုံအကြည်ဆုံးနှင့် စိတ်အချရဆုံး သူ၏ လက်ရုံးများကို တာဝန်ပေးအပ်ခဲ့ရာ၊ ဂိုးဘဲလ်ကို ပါတီဝါဒဖြန့်ချိရေး တာဝန်ခံအဖြစ်လည်းကောင်း၊ ဟိန်းရစ်ဟင်းမလားကို နာဇီကာကွယ်ရေးမှန်ကိုင်းတပ်ဖွဲ့၏ တပ်မှူးကြီးအဖြစ် ခန့်အပ်ခဲ့သည်။ တစ်ဖန် ဆွီဒင်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ရသော ဂိုးအားရင်းကို နာဇီပါတီလုပ်ငန်းများ၌ တာဝန်ပေးခဲ့သည်။ ဟာမန်းဂိုးအားရင်းသည် ပထမကမ္ဘာစစ်တွင်း ဂျာမန်စစ်တပ်တွင် ဗိုလ်မှူးအဆင့်ရှိခဲ့၍ အမြင့်ဆုံးသူရဲကောင်း တံဆိပ်ရခဲ့ဖူးသူ ဖြစ်သည်။

၁၉၂၈ ခုနှစ်၊ မေလတွင် ဘာလင်မြို့၌ ရွေးကောက်ပွဲကျင်းပရာ နာဇီပါတီ၏ ကိုယ်စားလှယ် ၁၂ ဦး အရွေးခံခဲ့ရသည်။ ၎င်းတို့အထဲတွင် ဂိုးဘဲလ်နှင့် ဂိုးအားရင်းတို့ ပါဝင်ခဲ့သည်။ ထိုစဉ်က ဂျာမန်လွှတ်တော်တွင် ကိုယ်စားလှယ်ပေါင်း ၄၉၁ ဦးရှိရာ နာဇီပါတီကိုယ်စားလှယ်မှာ ၁၂ ဦး သာရှိ၍ လွှတ်တော်တွင်း၌ နဝမမြောက်ပါတီအဖြစ်သာရှိခဲ့သည်။

သို့သော် ဟစ်တလာ၏ စည်းရုံးလှုပ်ဆော်မှုကြောင့် ၁၉၃၀ စက်တင်ဘာလ အထွေထွေရွေးကောက်ပွဲတွင် နာဇီပါတီ ကိုယ်စားလှယ်ပေါင်း ၁၀၇ ဦးရွေးချယ်ခြင်းခံရသည်။

**နှစ်အလိုက် နာဇီပါတီရွေးကောက်ပွဲအနိုင်ရစာရင်း**

| ခုနှစ် | လ | မဲပေးသူ | မဲရာခိုင်နှုန်း | လွှတ်တော်အမတ်ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| ၁၉၂၄ | မေ | ၁၉၁၈၃၀၀ | ၆.၅ | ၃၂ | ဟစ်တလာထောင်ကျစဉ် |
| ၁၉၂၄ | ဒီဇင်ဘာ | ၉၀၇၃၀၀ | ၃.၅ | ၁၄ | |
| ၁၉၃၀ | စက်တင်ဘာ | ၆၄၀၉၆၀၀ | ၁၈.၃ | ၁၀၇ | |
| ၁၉၃၂ | ဇူလိုင် | ၁၃၇၄၅၀၀၀ | ၃၇.၃ | ၂၃၀ | ဟစ်တလာသမ္မတလောင်းအဖြစ်ရာရင်းတင်ပြီးနောက် |
| ၁၉၃၃ | ဇန်နဝါရီ | ၁၇၂၇၇၁၈၀ | ၄၃.၉ | ၂၈၈ | ဟစ်တလာဝန်ကြီးချုပ်ဖြစ်ပြီးနောက် |

www.burmeseclassic.com

www.burmeseclassic.com



**ဂျာမနီနိုင်ငံတွင်**

(၁၉၃၂ ဇွန်လ ၁ရက်မှ) ဇူလိုင်လ ၂၀ ရက်အတွင်း နိုင်ငံရေးအဓိကရုဏ်းပေါင်း ၄၆ခု ဖြစ်ပွားခဲ့ရာ လူပေါင်း ၂၈ဦး သေဆုံး၍ ၄၀၀ကျော် ဒဏ်ရာရခဲ့သည်။ အဓိကရုဏ်းများမှာ အဓိကအားဖြင့် နာဇီများနှင့် ကွန်မြူနစ်များ တစ်ဖက်နှင့် တစ်ဖက် ရိုက်နှက်ပစ်ခတ်ကြခြင်း ဖြစ်ပေသည်။

ဤအခြေအနေကြား၌ပင် ရွေးကောက်ပွဲကို ၁၉၃၂ ဇူလိုင်လ ၃ ရက်နေ့တွင် ကျင်းပခဲ့ရာ နာဇီပါတီကိုယ်စားလှယ်ပေါင်း ၂၃၀ အရွေးခံ၍ ပါလီမန်တွင် အင်အားအကြီးဆုံး ပါတီဖြစ်လာခဲ့သည်။



ဟစ်တလာ၏ညာလက်ရုံး ဂိုဘဲလ်နှင့်အတူ

သို့သော် နာဇီပါတီသည် ပါလီမန်တွင် အင်အားအကြီးဆုံး၊ ကိုယ်စားလှယ်ဦးရေ အများဆုံးဖြစ်နေသော်လည်း စုစုပေါင်း ကိုယ်စားလှယ် ၆၀၈ ဦးရှိသော လွှတ်တော်တွင် မိမိတို့ပါတီ အင်အားမှာ ထက်ဝက်မတော်ဘဲ ၃၇.၃ ရာခိုင်နှုန်းသာရှိသဖြင့် အစိုးရမဖွဲ့နိုင်ဘဲ ဖြစ်နေခဲ့သည်။

ဤတွင် ဟစ်တလာသည် ပါလီမန်အတွင်း၌ နာဇီပါတီ ကိုယ်စားလှယ်များကို အရံလယ်ဗဟို ဝါဒသမားများ၊ အမျိုးသားရေး ဝါဒသမားများနှင့် ပူးပေါင်းကာ မိမိပါတီမှ ဂိုးအားရင်းကို လွှတ်တော်သဘာပတိအဖြစ် အရွေးခံစေခဲ့သည်။

www.burmeseclassic.com



သို့နှင့်ပင် ဂိုးအားရင်းသည် ဩဂုတ်လ ၃၀ရက်နေ့တွင် ရိုက်ချိုးစတင်လွှတ်တော် သဘာပတိဖြစ်လာခဲ့ရာ ထိုနေ့မှာပင် ဟစ်တလာ၏ အစီအစဉ်အရ လွှတ်တော်ကို စက်တင်ဘာလ ၁၂ရက်နေ့အထိ ရွှေ့ဆိုင်းပစ်ခဲ့သည်။

ထို့နောက် စက်တင်ဘာလ ၁၂ ရက်နေ့တွင် လွှတ်တော်အစည်းအဝေးကို ပြန်လည်ကျင်းပရာ၊ ကွန်မြူနစ်များက လက်ရှိ ပေပင်အစိုးရကို အယုံအကြည်မရှိ တင်သွင်းရာ အဆိုဘက်မှ ၅၁၃ မဲ၊ ကန့်ကွက်မဲ ၃၂ မဲဖြင့် ပေပင်အစိုးရ ပြုတ်ကျသွားခဲ့သည်။

ပေပင်အစိုးရ ပြုတ်ကျပြီးနောက် နာဇီပါတီနှင့် အမျိုးသားဆိုရှယ်လစ်ပါတီတို့ ပူးပေါင်းထားသော ညွန့်ပေါင်းအစိုးရ တက်လာရာ ဗိုလ်ချုပ်ကြီး ကတ်ဖွန်စချယ်လေးချား (Gen.Kwrt von Schleicher) သည် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

၎င်းအတွင်းဝန်ကြီးချုပ် စချယ်လေးချားသည် တိုင်းပြည်၏ စီးပွားရေးတည်ငြိမ်စေရန် အလုပ်သမားအခွင့်အရေးများ ပြန်လည်ပေးအပ်ခြင်း၊ လုပ်ခဖြတ်တောက်မှုများကို ရပ်ဆိုင်းပစ်ခြင်းများ ပြုလုပ်ခဲ့ရာ စက်မှုလုပ်ငန်းရှင်ကြီးများက ငြင်ပွင်မှုကိုခံရလေသည်။ တစ်ချိန်တည်းမှာပင် မြေယာပြုပြင်ပြောင်းလဲရေး စီမံကိန်းများကို လုပ်ဆောင်လာရာ မြေရှင်ကြီးများ ပဋိပက္ခဖြစ်ခဲ့ရပြန်သည်။

သို့ကလို တိုင်းပြည်စီးပွားရေး အခြေအနေ တစ်နေ့တခြား ဆိုးဝါးလာသောကြောင့် ၁၉၃၃ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်တွင် ဗိုလ်ချုပ်ကြီး စချယ်လေးချားသည် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သွားခဲ့ရာ ဇန်နဝါရီ ၃၀တွင် ဟစ်တလာသည် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

**ဝန်ကြီးချုပ်ဘဝ**

ဟစ်တလာသည် ဝန်ကြီးချုပ် ရာထူးကို လက်ခံပြီးနောက် မိမိအား ဖက်ပြိုင်ရန်တုမည့် အဖွဲ့မှာ ကွန်မြူနစ်များသာဖြစ်သည်ဟု မှတ်ယူကာ ကွန်မြူနစ်ပါတီသည် တိုင်းပြည်ကို ဆူပူခြောက်ခြားအောင် လုပ်နေသော ပါတီဟူ၍ စွပ်စွဲခဲ့သည်။ ယင်းနောက် ၁၉၃၃ ဖေဖော်ဝါရီလ ၂၄ရက်နေ့တွင် ဘာလင်မြို့ ကွန်မြူနစ်ဌာနချုပ်ကို ရဲများအား ဝင်ရောက်ရှာဖွေစေခဲ့ရာ

www.burmeseclassic.com



ဆော်လှန်ရေးတစ်ရပ်ဆင်နွှဲရန် လျှို့ဝှက်စွာ ကြံစည်နေသည့် အထောက်အထား စာရွက်စာတမ်းများ သိမ်းဆီးရမိကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ကြေညာချက်ထုတ်ပြန်ပြီး သုံးရက်အကြာတွင် ဂျာမန်ရိုက်စတက် လွှတ်တော်အဆောက်အအုံကြီး ရုတ်တရက်မီးထလောင်ခဲ့ကာ ပြာကျသွားခဲ့သည်။



ဟစ်တလာ၏ အရင်းနှီးဆုံးမိတ်ဆွေ ရုဒေါ့ဖ်ဟက်။

ယင်းနောက် အဆိုပါမီးရှို့မှုကြီးကို လုပ်ဇစ်ဖစ်မြို့တွင် ရုံးတင်စစ်ဆေးခဲ့ပြီး ကွန်မြူနစ်တို့အပေါ် ပုံချကာ ဖမ်းဆီးအရေးယူခဲ့သည်။

စင်စစ် ဤလုပ်ကြံမှုကြီးမှာ ကွန်မြူနစ်တို့လက်ချက် မဟုတ်ဘဲ နာဇီတို့၏ လက်ချက်သာဖြစ်သည်ဟု နောင်အခါ၌ ပေါ်ပေါက်လာခဲ့သည်။ ဂိုးအားရင်း၏ စီစဉ်ချက်အရ ဘာလင်မြို့ နာဇီကာကွယ်ရေး တပ်ဖွဲ့ခေါင်းဆောင်ကားလ်ဘားနက်စ်နှင့် နောက်ပါနာဇီတပ်သားများက မြေအောက်မှ တစ်ဆင့် လွှတ်တော်အဆောက်အအုံကြီး ရှိရာသို့ လိုဏ်ခေါင်းတူး၍ တိုးတိတ် တဆိတ် ဝင်ရောက်ပြီး မီးရှို့ခဲ့ခြင်းဖြစ်သည်။


ဤသို့ဖြင့် ကွန်မြူနစ်များကို နိုင်ငံရေးလုပ်ကြံမှုဖြင့် ကျိုးနှက်ခဲ့ရုံမျှမက ကွန်မြူနစ်များ၏ အကြမ်းဖက်မှုများကို တားဆီးပိတ်ပင်နိုင်ရန်အတွက်

www.burmeseclassic.com



ဟိုက်ဆိုကာ ဟစ်တလာသည် နောက်တစ်နေ့တွင် တိုင်းပြည်နှင့် လူမျိုးအား ကာကွယ်သည့် ဥပဒေတစ်ရပ်ကို ထပ်မံထုတ်ပြန်ခဲ့သေးသည်။

ဤသို့ ဟစ်တလာသည် သူ၏ညာလက်ရုံး ဂိုးအားရင်းနှင့် တိုင်ပင်ကာ နာဇီပါတီအား အတိုက်အခံပြုနေကြသော ပါတီဟူသမျှကို နည်းအမျိုးမျိုးကလိမ်ကကျစ် အဖုံဖုံဖြင့် ရှင်းပစ်ခဲ့လေသည်။



ဟစ်တလာ ခရီးဆောင်နှင့်။

တစ်ဖန် ၁၉၃၃ ဇူလိုင် ၁၃ရက်နေ့တွင် အစိုးရပြန်တမ်း၌ အောက်ပါ အမိန့်ကြော်ငြာတစ်ခုကို ထုတ်ပြန်ခဲ့သည် ကြေညာချက်၌-

အပိုဒ် (၁)။ အမျိုးသားဆိုရှယ်လစ် ဂျာမန်အလုပ်သမားပါတီသည် ဂျာမနီပြည်တွင် တစ်ခုတည်းသော တရားဝင်နိုင်ငံရေးပါတီ ဖြစ်စေရမည်။

အပိုဒ် (၂)။ နိုင်ငံရေးပါတီ၊ အသင်းအဖွဲ့များကို ဆက်လက်ဖွဲ့စည်း လုပ်ဆောင်နေသူ၊ သို့မဟုတ် နိုင်ငံရေးပါတီသစ် တစ်ခုဖွဲ့စည်းရန် လုပ် ဆောင်သူမှန်သမျှ မည်သူမဆို အခြားပိုမိုပြင်းလေးသော ရာဇဝတ်ပြစ်မှုများ ဖြင့် ငြိစွန်းနေခြင်းမရှိပါက ထောင်ဒဏ် ၃

www.burmeseclassic.com

www.burmeseclassic.com



နှစ်သော်လည်းကောင်း၊ သို့မဟုတ် ထောင်ဒဏ် သုံးနှစ်ထက် သော်လည်းကောင်း အရေးယူအပြစ်ပေးခြင်း ခံရမည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဟစ်တလာ

နိုင်ငံတော် ပြည်ထဲရေးဝန်ကြီး ဖရစ်

နိုင်ငံတော် တရားရေးဝန်ကြီး ဒေါက်တာ

ဂတ္တနာ

ဟူ၍ ပါရှိသည်။

ဤကြေညာချက်ကြောင့် ဂျူးလူမျိုး၊ စီးပွားရေး ကုန်သည်များနှင့် ပညာရှင်များက နာဇီအစိုးရအား သပိတ်မှောက်ခဲ့ကြသည်။ သပိတ်မှောက်မှုကြောင့် ဂျူးလူမျိုးအများအပြားကို နာဇီအစိုးရက ဖမ်းဆီးသတ်ဖြတ်ခဲ့လေသည်။

ဟစ်တလာ၏ နာဇီအစိုးရသည် ဘာသာရေး၌လည်း ပရိုတက်စတင့်နှင့် ကက်သိုလစ်ဂိုဏ်းများကို ဆန့်ကျင်သော ရေးပေါင်းရုပ်တုကိုးကွယ်ရေးမျိုးကို အားပေးအားမြှောက်ပြုလုပ်ခဲ့၏။ တက္ကသိုလ်များ၌လည်း ၁၉၃၅ ခုနှစ်မှစ၍ စစ်ပညာကို မသင်မနေရ ပြဋ္ဌာန်းလိုက်လေသည်။

၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)
# မူဆိုလီနီနှင့် ဟစ်တလာကို လက်တွဲခြင်း

၁၉၃၃ ခုနှစ်တွင် ဂျာမနီသည် လက်နက်ဖျက်သိမ်းရေး အစည်းအဝေးမှလည်းကောင်း၊ ကမ္ဘာ့နိုင်ငံပေါင်းချုပ် အသင်းကြီးမှလည်းကောင်း နုတ်ထွက်လိုက်လေသည်။ ၁၉၃၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဟစ်တလာသည် ပိုလန်နှင့် မကျူးကျော်ရေး စာချုပ် (non-aggression pact) စာချုပ်ချုပ်ဆိုလိုက်သည်။ ၁၉၃၄ ခုနှစ်တွင် ဟစ်တလာသည် မူဆိုလီနီနှင့် တွေ့ဆုံဆွေးနွေးပြီး အာဏာရှင်နိုင်ငံ နှစ်နိုင်ငံတို့၏ မဟာမိတ်ဖွဲ့စည်းရေးကို လမ်းစဖွင့်ခဲ့သည်။

၁၉၃၄ ခုနှစ် ဇွန်လတွင် ဟစ်တလာသည် ၎င်း၏ နာဇီကိုပင် ပြန်လည်စိစစ်၍ ပြန်လည်ဖွဲ့စည်းပြီး ပါတီဝင် ၇၄ ဦးကို ၎င်းအား လုပ်ကြံမှု၌ ပါဝင်သည်ဟု စွပ်စွဲချက်ဖြင့် သေဒဏ်ပေးလိုက်လေသည်။ ထိုအချိန်မှစ၍ ဟစ်တလာ၏ တန်ဖိုး အာဏာသည်လည်း များစွာကြီးထွားလာခဲ့သည်။ ထို့နောက် ဟစ်တလာသည် ၁၉၃၄ ဩဂုတ် ၂ ရက်နေ့တွင် ဝန်ကြီးချုပ်ရာထူးအပြင် သမ္မတရာထူးပါ ပူးတွဲယူကာ ဂျာမနီပြည်၏ ခေါင်းဆောင်ကြီး (Führer of Germany) အဖြစ် ရယူလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဂျာမနီပြည်တွင် ဟစ်တလာ အထွတ်အထိပ်သို့ ရောက်ခဲ့ပြီးနောက် ဂျာမန်ပြည်ကြီး၏ မြင့်မြတ်ကြီးကျယ်သော အစဉ်အလာပင် ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရန် ကြိုးစားလာခဲ့သည်။ ထိုသို့ပြန်လည် ဖော်ထုတ်နိုင်ရန်မှာလည်း ဂျာမန်အမျိုးသားများနှင့် ဂျာမနီပြည်ကြီးအား တိုင်းတစ်ပါးမှ စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေးအားဖြင့် ဖြို့ခွဲထိန်းချုပ်ထားသည် များကို အနေးအမြန် ဖယ်ရှားတွန်းလှန်ပစ်ရမည်ဟု တွက်ဆထားခဲ့သည်။ အထူး



ဟစ်တလာ၏ဇနီး အီဗာဘရောင်း။

www.burmeseclassic.com

www.burmeseclassic.com




သဖြင့် ပထမကမ္ဘာစစ်ကြီးပြီးသည့်နောက်ပိုင်းတွင် စစ်ရှုံးသည့် ဂျာမနီပြည်အား အနောက်နိုင်ငံကြီးများက ဗာဆိုင်းစာချုပ်ဖြင့် ထိန်းချုပ်ကိုင်ထားခဲ့ကြရာ ဟစ်တလာသည် အဆိုပါ ဗာဆိုင်းစာချုပ်ကို ဖယ်ရှားပစ်ရန် အမြဲကြံစည်နေခဲ့သည်။


ဗာဆိုင်းစာချုပ် (Versailles Treaty) ကို ပထမကမ္ဘာစစ်ကြီး ၁၉၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ဗာဆိုင်းနန်းတော်၌ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သည်။ ထိုစာချုပ်အရ ဂျာမနီပိုင် အယ်လ်စီလောလိန်း (Alsace-Lorraine) ကို ပြင်သစ်သို့လည်းကောင်း၊ ပိုဆန် (Posen) ခေါ် ပိုဇနန်ပြည်နယ် နှင့် ကော်ရစ်ဒါ (The Corridor) ကို ပိုလန်သို့လည်းကောင်း ပေးအပ်ခဲ့ရသည်။ ထို့ပြင် အချို့ မိမိပိုင်နယ်မြေအချို့ကို ဘယ်လ်ဂျီယမ်သို့လည်းကောင်း၊ လစ်သူနီးယားသို့လည်းကောင်း ဒိန်းမတ်သို့လည်းကောင်း ခွဲဝေပေးခဲ့ရသည်။ တစ်ဖန် ရိုင်းလင်းပြည်နယ်ကို စစ်နိုင်သော တိုင်းပြည်များက ၁၅ နှစ် အုပ်ချုပ်ထားရန်နှင့် ဆားနယ်ကို နိုင်ငံအသင်းက အုပ်ချုပ်မှုအောက်တွင် ထားရှိရန်၊ သတ်မှတ်ခဲ့သည်။ ထိုသို့ နိုင်ငံရေးအရ တိုင်းပြည်အစိတ်စိတ် အမွှာမွှာကွဲခဲ့ရသည့်အပြင် စစ်လျော်ကြေးအရလည်း

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ကိုင် စစ်သားဦးရေ တစ်သိန်းထက်ပို၍ မထားရ၊ စစ်သင်္ဘော ၆ စင်းသာထားရမည်။ အခြား လေယာဉ်တင်သင်္ဘော၊ ရေငုပ်သင်္ဘော၊ မလေးယာဉ် စသည်တို့ကို မတည်ဆောက်ရ၊ မထားရှိရ ဟူသော ကန့်သတ်ချုပ်ချယ်မှုများပါရှိခဲ့သည်။



သို့ဖြစ်ရာ ဟစ်တလာအဖို့ ဂျာမန်အမျိုးသားများနှင့် ဂျာမနီပြည်ကြီး၏ တန်ဖိုးအာဏာ ကြီးမားလာရေးအတွက် အဆိုပါ ဗာဆိုင်းစာချုပ်ကို ရှေးဦးစွာ စုတ်ဖြဲပစ်ရမည်ဟူ၍ တထစ်ချ ယူဆထားခဲ့သည်။

ဤယူဆချက်အရ ဟစ်တလာသည် အင်္ဂလိပ်နှင့် ပြင်သစ် အစိုးရတို့အား နိုင်ငံတကာ အုပ်ချုပ်မှုအောက်တွင်ထားရှိနေရသော ဆား (Saar) နယ်အား ဂျာမနီပြည်နှင့် ပြန်လည်ပူးပေါင်းခွင့်ကို တောင်းဆိုရယူခဲ့သည်။

၁၉၃၅ ခုနှစ် ဇန်နဝါရီလတွင် ဆားနယ်မှပြည်သူလူထု၏ ဆန္ဒခံယူပွဲ ကျင်းပခဲ့ရာ ၉၀ ရာခိုင်နှုန်းက ဂျာမနီပြည်နှင့် ပြည်လည်ပူးပေါင်း ရန်ဆန္ဒ ပေးခဲ့ကြသည်။

သို့ဖြင့် ဟစ်တလာသည် ဗာဆိုင်းစာချုပ်ကို ပျက်ပြားအောင် ပထမဆုံး စတင်ဖျက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာ၏ အန္တရာယ်ကို ပထမဆုံး စတင်သိမြင်ခဲ့သော နိုင်ငံမှာ ဗြိတိန်နိုင်ငံပင်ဖြစ်သည်။ ၁၉၃၅ ဖေဖော်ဝါရီလထဲတွင် ဗြိတိန်နှင့် ပြင်သစ် အစိုးရတို့က ဟစ်တလာအား လက်ရှိ လိုကာနိုးစာချုပ် (Locarno Pact) ကို တိုးချဲ့ချုပ်ဆိုရန် စကားကမ်းလှမ်းခဲ့သည်။ လိုကာနိုးစာချုပ်မှာ ၁၉၂၅ ခုနှစ် နိုဝင်ဘာ ၁၆ရက်တွင် ပြင်သစ်၊ ဘယ်လ်ဂျီယမ်၊ ဂျာမနီနှင့် အီတလီ တို့ ပါဝင်ချုပ်ဆိုခဲ့ကြသော "မကျူးကျော်ရေး" စာချုပ်ပင်ဖြစ်သည်။ ထိုပြင် လက်ရှိနယ်နိမိတ် အနေအထားအတိုင်းနေကြရန်၊ တစ်ဦးနှင့်တစ်ဦး လက်နက် အားကိုးတိုက်ခိုက်ခြင်းမပြုကြရန် သဘောတူကြသည်။ စာချုပ်တွင် ပါဝင်နေသော နိုင်ငံများမှာ ဥရောပအနောက်ပိုင်းနိုင်ငံများသာ ဖြစ်နေရာ၊ ဥရောပအရှေ့ပိုင်းနှင့် ဥရောပအလယ်ပိုင်းမှ ရုရှား၊ ပိုလန်၊ ချက်ကို စလိုဗက် ကီးယား စသောနိုင်ငံများပါ ထပ်မံပါဝင်တိုးချဲ့ချုပ်ဆိုရန် ဖြစ်သည်။

ဟစ်တလာသည် မူလကပင် ဗာဆိုင်းစာချုပ်ပါ အချက်များကို ချက်ဆီးရန် ကြံစည်ထားရာ နောက်ထပ် မိမိတို့အပေါ် ချုပ်ကိုင်မည့် စာချုပ် တစ်ခုကို ထပ်မံချုပ်ဆိုရန် လုံးဝလက်မခံခဲ့ပေ။ ဟစ်တလာသည် မတ်လ ၉ရက်နေ့တွင် ဂျာမန်အစိုးရသည် ဂျာမန်လေတပ်မတော်ကို တည်ထောင် ပြီးဖြစ်ကြောင်း တရားဝင် ထုတ်ပြန်ကြေညာလိုက်သည်။

တစ်ဆက်တည်းမှာပင် မတ်လ ၁၆ ရက်နေ့တွင် စစ်ပညာ မ... မနေရ ဥပဒေကို ပြန်လည်အတည်ပြု၍ ဂျာမန်စစ်တပ်ကိုလည်း စစ်သ... ဆေါင်း ၅သိန်း ၅သောင်းအပါအဝင် တပ်မကြီးပေါင်း ၃၆ အထိတိုးချဲ့ ဖွဲ့စည်းခဲ့သည်။

ပြင်သစ်အစိုးရက ဤကိစ္စအတွက် ဂျာမနီအား အရေးယူရန် ကမ္ဘာ့ နိုင်ငံပေါင်းချုပ် အဖွဲ့ကြီး၏ အထူးအစည်းအဝေးတစ်ရပ် အမြန်ဆုံး ဆင့်ခေါ် ရန် ပန်ကြားလိုက်သည်။

ဗြိတိန်က သံတမန်နည်းလမ်းအရသာ ဆွေးနွေးရန် သဘောတူခဲ့ သည်။ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့ ဘာလင်သို့ရောက်လာ၍ ဟစ်တလာနှင့် ဆွေးနွေးသောအခါ ဟစ်တလာက မိမိတို့ ဂျာမန်တပ်မတော် ၏ စစ်အင်အားကို တိုးချဲ့ရခြင်းမှာ အဓိကအားဖြင့် ဥရောပတိုက်သို့ ကွန်မြူ နစ်အောက်ရှိဗစ်များ ပေရန်မှ ကာကွယ်ရန်သာ ဖြစ်ကြောင်း ပြောဆိုကာ ချွေးသိပ် လွှတ်လိုက်သဖြင့် ကျေနပ်ပြီး ပြန်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၅ မေလတွင် ဟစ်တလာသည် နိုင်ငံတော် ကာကွယ်ရေး ဥပဒေကို လျှို့ဝှက်စွာ အတည်ပြု၍ ယင်းဥပဒေအရ တိုင်းပြည်၏ ကုန်ထုတ်လုပ်ရေးအပါအဝင် စီးပွားရေးလုပ်ငန်း မှန်သမျှကို 'စစ်စီးပွားရေး' အသွင်ဖြစ်အောင် ပြင်ဆင်မှုများ၊ စီမံကိန်းများချမှတ်လာခဲ့သည်။

နိုင်ငံပေါင်းစုံက ကန့်ကွက်နေသည့်ကြားမှ စစ်အင်အားကို တိုးချဲ့ပြီးနောက် ၁၉၃၇ စက်တင်ဘာလတွင် နျူရင်ဘတ်မြို့ရှိ နာဇီပါတီအင်အားပြပွဲကြီးကို ကျင်းပခဲ့သည်။ ထိုအခမ်းအနားၙ ဟစ်တလာက-




စစ်ဦးစီးများတင်ပြသော စစ်မဟာဗျူဟာကို စစ်ဆေးနေသော ဟစ်တလာ။

"ကျုပ်တို့ ဂျာမန်တပ်မတော်ကြီးဟာ စစ်ဖြစ်နေတဲ့ အချိန်အခါမှာဆိုရင် တစ်မျိုးသားလုံး ကာကွယ်ပေးနေတဲ့ အင်အားစုကြီး ဖြစ်သလို။ ငြိမ်းချမ်းနေတဲ့ ကာလမှာဆိုရင်လည်း ကျုပ်တို့ ပြည်သူပြည်သားများရဲ့ ပညာသင်ကြားရာ ကျောင်းကြီးဖြစ်နေတယ်။ ကျုပ်တို့အားလုံးရဲ့ ဘဝရပ်တည်မှုဟာ ဒီတပ်မတော်ကြီး အပေါ်မှာပဲတည်နေတယ်။ ဒါကြောင့် တပ်မတော်ကြီးကို ပြန်ကြည့်လိုက်တဲ့ အခါတိုင်း ကျုပ်တို့ပြည်သူတွေရဲ့ အနာဂတ်အပေါ်မှာ ကျုပ်တို့ရဲ့ ယုံကြည်ကိုးစားတဲ့ စိတ်ဟာ ဆထက်ထမ်းပိုးတိုးလာတာ တွေ့ရတယ်။ ဒီလိုအစဉ်အလာတွေနဲ့ ပြောင်မြောက်တောက်

www.burmeseclassic.com



ထခဲ့တဲ့ တပ်မတော်ကြီးဟာ မသေသေးပါဘူး၊ အိပ်မောကျရုံသာ ကျနေခဲ့တာပါ။ အခုဆိုရင် ဒီတပ်မတော်ကြီးဟာ ခင်ဗျားတို့ကြောင့် ပြန်လည်နိုးကြားလာပါပြီ" ဟူ၍ ပြောကြားသွားခဲ့လေသည်။



ဟစ်တလာနှင့်အတူတွေ့ရသော အီတလီဖက်ဆစ်အာဏာရှင် မူဆိုလိုနီ။

## ဂျပန်၏ ကျူးကျော်မှု

ဂျပန်ပြည်ရှိ လက်ရှိအစိုးရကို စစ်ဖက်မှ တော်လှန်ကာ စစ်အစိုးရကို ထူထောင်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ဂျပန်သည် မန်ချူးရီးယားကို ဝင်ရောက်တိုက်ခိုက် သိမ်းလိုက်သည်။ စစ်အစိုးရသည် တရုတ်ပိုင်နက်ဖြစ်သော မန်ချူးရီးယားကို ဝင်ရောက်သိမ်းပိုက် လိုက်ခြင်းဖြင့် တရုတ်ဂျပန် စစ်ပွဲကို အစပျိုးစေခဲ့သည်။

ဂျပန်နိုင်ငံသည် ဥရောပရှိ ဂျာမန်နှင့် အီတလီတို့နည်းတူ စစ်အစိုးရ၏ လက်အောက်ရောက်မှ တရှိန်ထိုးတိုးတက်လာသော အရှင်းရှင်နိုင်ငံသာဖြစ်ရာ၊ ကိုလိုနီများကို တပ်မက်ခြင်းကြီးစွာဖြင့် ဆသမ်းလာင်မှတ်သိပ်၍

www.burmeseclassic.com





ဓေတ်သစ်ဂျာမန်နိုင်ငံတည်ထောင်ခဲ့သော နန်းရင်းဝန် ဘစ်စမတ်။

နေသည်။ ဂျပန်၏ကျူးကျော်မှုကို တရုတ်ပြည်က ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းကြီးသို့ ပန်ကြားခဲ့ပေ။ သို့ရာတွင် ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းက မန်ချူးရီးယားပြည်အား တရုတ်ပြည်က ပိုင်ဆိုင်သော သီးခြားလွတ်လပ်သ… နိုင်ငံဖြစ်ထားရှိပြီး ဂျပန်က ကွပ်ကဲအုပ်ချုပ်ရန်သာ အလွန်ပျော့ညံ့… ဖြ… ပြန်ဖြေခဲ့သည်။ သို့သော် ဂျပန်ကလက်မခံခဲ့ချေ။ ထိုမျှမက ၁၉၃၃ ခုနှ… မတ်လတွင် ဂျပန်သည် ကမ္ဘာ့ နိုင်ငံပေါင်းချုပ်အသင်းမှပင် နုတ်ထွက်သွ… ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)
## အီတလီ၏ ကျူးကျော်မှု


ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းသည် အမည်မျှသာ ရှိပြီး လက်တွေ့၌ သေစေကျဆင်းနေသည်။ ဤအဖြစ်ကို ပြင်သစ်က ရိပ်စားမိလာ၏။ ရန်သူဖြစ်သော ဂျာမနီသည် အတင့်ရဲစွာဖြင့် စစ်ရေးစာချုပ်များကို ဆန့်ကျင်ကာ စစ်ကို ပြင်ဆင်နေသဖြင့် ပြင်သစ် ဂျမာနီဟု ထိတ်လန့်လာခဲ့သည်။

ပြင်သစ်သည် အီတလီပြည်နှင့်လည်း အမုန်းမပွားဖြစ်စေလို၍ အာဖရိက အရှေ့ပိုင်းရှိဒေသနှင့် အီတလီပြည်ရှိ ဖင်းပိုင်နက်အချို့ကို အီတလီအား ခွဲဝေပေးလိုက်သည်။ ဤသို့ အာဖရိက အရှေ့ပိုင်းရှိ ပြင်သစ်ပိုင် အီရိုထရီးယားပြည် (Eritrea) ပြည်နယ်အား ခွဲဝေပေးမှုကြောင့် ကပ်နေသော အဘီဆီးနီးယား (Abyssinia) ပြည်နယ်နှင့် နယ်နမိတ်၏ အရေးအခင်းများ ပေါ်ပေါက်လာသည်။ မူဆိုလီနီသည် အာဖရိကတိုက်တွင် အီတလီပိုင်နက်ကို ချဲ့ထွင်ရန် အဘီဆီးနီးယားပြည်ကို ကျူးကျော်ဝင်ရောက်တိုက်ခိုက်မှုကြောင့် အဘီဆီးရီးယားဘုရင် ဆေလာဆီယေ (King Selassie) က ကမ္ဘာ့နိုင်ငံပေါင်းချုပ် အသင်းကြီးအား တိုင်ကြားခဲ့သည်။ ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းကြီး ၁၉၃၅ တွင် စီးပွားရေး ဥပဒေဟာစ်ရပ်ကိုသာ ပြဋ္ဌာန်း

www.burmeseclassic.com



၍ အီတလီအားကန့်ကွက်ခဲ့သည်။ သို့ရာတွင် အီတလီသည် လုံးဝဂရုမပြု ဘဲ ၁၉၃၆ မေလတွင် အဘီဆီးနီးယားအား တစ်နိုင်ငံလုံးကို သိမ်းပိုက်လိုက် လေသည်။



အီတလီပြည်က အဘီဆီးနီးယားနိုင်ငံကို စစ်မကြေညာဘဲ ဝင်ရောက် တိုက်ခိုက်သိမ်းပိုက်သောအခါ ဟစ်တလာသည် အခွင့်ကောင်းယူကာ၊ ဗာဆိုင်းစာချုပ်နှင့် လိုကားနိုးစာချုပ်ကို ဖောက်ဖျက်ကာ ပထမကမ္ဘာစစ် အပြီး၌ ပြင်သစ်တို့ကို ပေးလိုက်ရသော ရိုင်းလင်း (Rhine Land) နယ် ၁၉၃၆ မတ်လ ၇ ရက်နေ့တွင် ပြန်လည်သိမ်းပိုက်လိုက်လေသည်။

ဤသို့ သိမ်းပိုက်နိုင်မှုကြောင့် ဟစ်တလာအား တကယ့်သူရဲကောင်း ကြီးအဖြစ် ဂျာမန်လူထုက သောင်းသောင်းဖြဖြ ချီးကျူးထောက်ခံကြသည်။ ဟစ်တလာသည် ဤထောက်ခံမှုကို ပေါ်လွင်ထင်ရှားစေရန်အတွက် မတ်လ ၂၉ရက်နေ့တွင် ပြည်သူ့ဆန္ဒခံယူပွဲကြီး ကျင်းပခဲ့ရာ မဲပေးသူပေါင်း ၄ သန်း ၅သိန်းကျော် ရှိသည့်အနက် ဟစ်တလာကို ထောက်ခံသူပေါင်း ၄ သန်း ၄ သိန်း ၄သောင်းကျော်သာ ရှိသောကြောင့် ၉၉ ရာခိုင်နှုန်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ဟာစ်တလာသည် ဂျာမန်အင်ပါယာကြီးတွင် မည်သည့်အခါက မည်သည့်ခေါင်းဆောင်မှ မရခဲ့ဖူးသော လူထုထောက်ခံမှုကြီးကို ရယူခဲ့လေသည်။

ဤသို့ ဟာစ်တလာ၏ အရှိန်အဝါသည် ဂျာမနီပြည်နယ်နမိတ်ကို ဖင်ကျော်လွန်၍ ကြီးထွားမြင့်မားလာခဲ့ရာ ထိုအရှိန်အဝါ၏ ဂယက်ကို ပထမဆုံး ရိုက်ခတ်ခြင်းခံရသူမှာ ဩစတြီးယားပြည်ဖြစ်သည်။

ဩစတြီးယားပြည်ကို ဂျာမနီမှ ခွဲထုတ်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအဖြစ် ပထမကမ္ဘာစစ်ကြီး အပြီးတွင် ဗြိတိန်၊ ပြင်သစ်နှင့် အီတလီတို့က တည်ထောင်ဖန်တီးပေးခဲ့သည်။ ယခုအခါ ဂျာမနီနိုင်ငံ၏ စစ်အင်အားကြီးထွားလာမှုကြောင့် ဩစတြီးယားအစိုးရသည် ဂျာမနီနှင့် နားလည်မှုယူကာ မကျူးကျော်ရေးစာချုပ်တစ်ခုကို ၁၉၃၆ ဇူလိုင် ၁၁ရက် တွင် ချုပ်ဆိုလိုက်သည်။

အဆိုပါ စာချုပ်တွင် ဩစတြီးယားပြည်၏ အချုပ်အခြာအာဏာကို ဂျာမနီက အသိအမှတ်ပြုရန်နှင့် တစ်ဦး၏ ပြည်တွင်းရေးကို အခြားတစ်ဦး အဝင်ရောက်စွက်ဖက်ခြင်းမပြုရန်နှင့် ဩစတြီးယားပြည်သည် နိုင်ငံခြား ရေး ပေါ်လစီကိုချမှတ်ကျင့်သုံးရာ၌ မိမိကိုယ်မိမိ ဂျာမန်ပြည်နယ် တစ်နယ်



ဝဲမှသာ ဗြိတိသျှဝန်ကြီးချုပ် ချာချီ၊ အမေရိကန်သမ္မတ ရူဇဗဲ့၊ ဆိုဗီယက်ခေါင်းဆောင် စတာလင်။

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် အစဉ် သဘောထား၍ စဉ်းစားလုပ်ဆောင်ရန် ဟူသော အချက်များ ပါဝင်သည်။

မှန်ပေသည်။ ဟစ်တလာအဖို့ ဩစတြီးယားပြည်သည် ဂျာမန်အင်ပါယာကြီး၏ တစ်စိတ်တစ်ဒေသဖြစ်သည်ဟု တထစ်ချမှတ်ယူထားခဲ့သည်။ သူကိုယ်တိုင်က ဩစတြီးယားပြည်တွင် မွေးဖွားလာခဲ့သည့် ဩစတြီးယန်း ဂျာမန်လူမျိုးတစ်ဦးဖြစ်ရာ ဩစကြီးယား ပြည်မပါလျှင် ဂျာမန်အင်ပါယာသည် အဓိပ္ပာယ်မရှိ၊ မပြည့်စုံဟု ယူဆခဲ့သည်။ သို့ဖြင့် ဩစတြီးယားပြည်သည် ဂျာမန်အင်ပါယာအောက်သို့ လုံးဝကျရောက်သွားခဲ့လေသည်။



**စပိန်ပြည်၏ ပြည်တွင်းစစ်ပွဲ**


၁၉၃၈ ခုနှစ်၊ ဧပြီလတွင် စပိန်ပြည်၌ ဘေရာဓ်ဘုရင်၏ အစိုးရ ပြုတ်ကျကာ ကွန်မြူနစ်အစိုးရတက်လာ၍ သမ္မတနိုင်ငံအဖြစ် ထူထောင်ခဲ့ကြသည်။ စပိန်ပြည်သည် လွန်ခဲ့သော နှစ်ပေါင်းများစွာက ဘာသာရေး အာဏာပိုင်တို့၏ ချယ်လှယ်သွေးစုတ်ကို ခံခဲ့သည်။ စပိန်ပြည်သားများသည် လွန်စွာ ဆင်းရဲနွမ်းပါးကြ၏။ တစ်မျိုးသားလုံး လိုလို ပညာရေးအဆောက်တန်း

www.burmeseclassic.com

www.burmeseclassic.com



ကျ၍ အသိဉာဏ်နုံချာကြ၏။ စပိန်ပြည်အနေဖြင့် အလွန်အမင်းအောက်ကျ
နောက်ကျ ဖြစ်ရခြင်းအတွက် တာဝန်အရှိဆုံးသော ပင်မတရားခံမှာ စပိန်
ကက်သိုလစ်ဘာသာရေးအာဏာဖိုင်တို့ပင် ဖြစ်ကြလေသည်။



ထို့ကြောင့်ပင် ကွန်မြူနစ်တို့က ဘုရင့်အစိုးရကို ဖြုတ်ချပြီး ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်အများအပြားကို ဖမ်းဆီးသတ်ဖြတ်ခဲ့ကြသည်။ အခွင့်ထူးခံ မှူးမျိုးမတ်နွယ်များပိုင်ဆိုင်သော မြေယာများနှင့် ဘာသာရေးအဖွဲ့ပိုင်မြေယာများကို ကွန်မြူနစ်များက သိမ်းယူ၍ ဆင်းရဲသားများအား ဝေပေးခဲ့ပေ။ စက်မှုလုပ်ငန်းများကိုလည်း လက်ဝါးကြီးအုပ် အရင်းရှင်တို့ထံမှ သိမ်းပိုက်လိုက်ကြသည်။

ဟစ်တလာက ရီပတ်ဗလီကန်အစိုးရသစ်အား အစ ပထမပိုင်းတွင် လူထုက ဝမ်းသာအားရထောက်ခံခဲ့ကြပေ။ သို့သော်လည်း အစိုးရသစ်သည် တဖြည်းဖြည်းနှင့် အလွန်ကြမ်းကြုတ်ရက်စက်လာသူ နောက်ပိုင်းတွင် ထိုရက်စက်ကြမ်းကြုတ်မှုကြောင့် လူထုကအစိုးရကို ကြောက်ရွံ့မုန်းတီးလာကြသည်။

ထိုစဉ်အတွင်း ၁၉၃၀ ပြည့်နှစ် ဘုရင့်အစိုးရကို ပုန်ကန်မှုဖြင့် မော်ရိုကိုနိုင်ငံ၌ ပြည်ပြေးဘဝဖြင့် နိုင်ငံရေးခိုလှုံနေသော စစ်ဗိုလ်ချုပ်ကြီး ဖရန်စစ္စကိုဖရန့်ကို (Gen. Francisco Franco) သည် လွတ်ငြိမ်းချမ်းသာ ခွင့်ရရှိ

www.burmeseclassic.com

www.burmeseclassic.com



ပြည်တော်ပြန်လာခွင့် ရရှိခဲ့သည်။ ဖရန်ကိုသည် စပိန်နိုင်ငံသို့ ရောက်ရှိပြီး မကြာမီမှာပင် ဘုရင့်အစိုးရလိုလားသော အဖွဲ့ကို ဦးဆောင်ကာ ရီပတ်ဗလီ ကန်မှာပင် ဘုရင့်အစိုးရလိုလားသော အဖွဲ့ကို ဦးဆောင်ကာ ရီပတ်ဗလီကန် အစိုးရအား ပုန်ကန်ထကြွရာ စပိန်ပြည်တွင်းစစ်မီး တောက်လောင်ခဲ့ရလေ သည်။

ဖရန်ကိုသည် ဘာသာရေးကို ကာကွယ်ရန်ဟူသော ကြွေးကြော်သံ ဖြင့် ပြည်တွင်းစစ်ကို ဆင်နွှဲခဲ့သည်။ ဖရန်ကိုအား ဘာသာရေးသူရဲကောင်း ကြီးအဖြစ် လူအများက အသိအမှတ်ပြုကြသည်။



ဂျာမနီသမ္မတ ပေါလ်ဟီဒင်ဘတ်အား ဂါရဝပြုနေစဉ်။

ဖရန်ကိုနှင့် အစိုးရသစ်တို့၏ ပြည်တွင်း စစ်တွင် ဂျာမနီအီတလီ တို့က ဖရန်ကို၏အစိုးရကို အသိအမှတ်ပြုကာလက်နက်ပစ္စည်းကိရိယာများ ထောက်ပံ့ကူညီကြ၏။

www.burmeseclassic.com

www.burmeseclassic.com


ဤသို့ဖြင့် ဖရန့်ကို ဦးဆောင်သောအဖွဲ့သည် တဖြေးဖြေး အောင်ပွဲခံပြီးနောက် ၁၉၄၇ တွင် ဖရန့်ကိုသည် 'ဖလန်း' (Falange) ခေါ် ဖက်ဆစ်ပါတီ ခေါင်းဆောင်ဖြစ်လာပြီး သူ့ကိုယ်သူ စပိန်နိုင်ငံ၏ Caudillo (ခေါင်းဆောင်ကြီး)ဟု နှုတ်ကြညာလိုက်သည်။ မဒရစ်မြို့တော်ရှိ ရီပတ်ဗလီကန်အစိုးရလက်နက်ချသော ၁၉၃၉ မှစ၍ ဖရန့်ကိုသည် သူ့စိတ်ကြိုက် အစိုးရများဖွဲ့စည်း၍ ဦးဆောင်ခဲ့သည်။ ဂျာမနီနှင့် အီတလီတို့က ဖရန့်ကို အစိုးရအား ဖိအားများပေးခဲ့သော်လည်း ဒုတိယကမ္ဘာစစ်အတွင်းစပိန်နိုင်ငံ ကို ကြားနေနိုင်ငံအဖြစ် ဖရန့်ကိုက ရပ်တည်စေခဲ့သည်။

## ဝင်ရိုးတန်း နိုင်ငံများ၏ စာချုပ်

ဂျာမနီ၊ အီတလီနှင့် ဂျပန်တို့သည် နှစ်တိုစီမံကိန်းချ၍ ဖက်ဆစ်အာဏာရှင်နည်းဖြင့် ထူထောင်လာခဲ့ကြရာ ခေတ်မီတိုးတက်သော နိုင်ငံသစ်များဖြစ်လာကြ၏။ ၁၉၃၆ ခုနှစ် နိုဝင်ဘာလတွင် ဖက်ဆစ်အာဏာရှင်တို့သည် မူလကရှိပြီးဖြစ်သော ဂျာမနီနှင့် အီတလီတို့၏ မဟာမိတ်စာချုပ်ကို တိုးချဲ့ကာ ဂျပန်အား ထပ်မံပါဝင်စေခဲ့သည်။ ထိုစာချုပ်ကို ရောမ-ဘာလင်- တိုကျိုဝင်ရိုးတန်းစာချုပ် (Rome-Berlin Tokyo Axis) ဟူ၍ ခေါ်တွင်ခဲ့ကြသည်။

## မဟာမိတ်တို့၏ အလျှော့ပေးစေ့စပ်မှု

အနောက်ဒီမိုကရေစီ နိုင်ငံတို့သည် ကမ္ဘာစစ်ကြီး ထပ်မံဖြစ်ပွားမည်ကို မလိုလားသောကြောင့် ဂျာမနီ၏ ပြန်လည် လက်နက် တပ်ဆင်မှုကို လျှော့တွက်ခဲ့ကြသည်။ ဂျာမနီလိုလားချက်များကို လိုက်လျောစေ့စပ်ပါက ပြေလည်သွားလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။

မိမိတို့သည် မဟာမိတ်တို့၏ တစ်ဖက်သတ်အနိုင်ကျင့် ချုပ်ဆိုသောစာဆိုင်းစာချုပ်အရ မတရားလက်လွှတ်ခံရသည့် နယ်မြေများကို ပြန်လည်သိမ်းပိုက်ခြင်းသာဖြစ်သည်ဟူ၍ ဟစ်တလာကြေညာချက်ထုတ်သောအခါ၌ ကျူးကျော်မှုသည် ထိုမျှနှင့်မင် ပြီးဆုံးသွားလိမ့်မည်ဟု မှတ်ထင်ခဲ့ကြသည်။ အီတလီက အာဖရိကတိုက်၌ ဝင်ရောက်သိမ်းပိုက်မှုနှင့် ဗိတ်သက်၌လည်း တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ခြင်း မပြုဘဲနေခဲ့သည်။ ဟစ်

www.burmeseclassic.com



တလာနှင့် မူဆိုလီနီတို့၏-အကြံကြီးချက်လုံ မဟာမိတ်နိုင်ငံများကောင်းစွာ မရိပ်မိကြသေးချေ။

အရာရာ၌ ရန်သူကိုလျော့မတွက်ရန်မှာ လိမ္မာပါးနပ်သော ပေါ်လစီဖြစ်သည်။ ရန်သူ၏ နည်းလမ်းကို သိရှိရန်နှင့် ရန်သူတွေးပုံခေါ်ပုံကို သိရှိရန် မှာလည်း အလားတူပင်အရေးကြီးလှပေသည်။ ရန်သူခြေလှမ်းကို ကြိုတင် မြင်ဆင်ပြီး ရန်သူထက် လက်ဦး၍ ရန်သူအကြောင်းသိရှိရေးမှာ လိုအပ် သည့်အခြေခံပင်ဖြစ်သည်။ ငြိမ်းချမ်းလိုသော နိုင်ငံများအနေနှင့် ဟစ်တလာ နောက်ခြေလှမ်းမည်သို့ လှမ်းမည်ကို ကြိုတင်မတွက်ချက်နိုင်သဖြင့် ထီးတင် ပွဲနှင့် လွဲခဲ့ကြရ၏။

ဟစ်တလာ လုပ်ဆောင်သည်တို့ကို ဒီမိုကရေစီအစိုးရတို့က ကြိုတင် ပြောဆိုခဲ့ခြင်းမရှိခဲ့သေးချေ။ သူ၏ ဟောပြောချက်များ မိန့်ခွန်းများနှင့် သူရေးသားခဲ့သည့် 'ကျွန်ုပ်၏ ကြိုးပမ်းမှု' စာအုပ်တွင် ဟစ်တလာဘာလုပ်မည်ကို ထင်ထင်ရှားရှား တွေးနိုင်လေသည်။ ဟစ်တလာအောင်မြင်ခဲ့သည် တို့မှာ ကံအားလျော်စွာ ဖြစ်လာသည်မဟုတ်ဘဲ ဉာဏ်နီဉာဏ်နက် အရာ၌ မဟာမိတ်နိုင်ငံခေါင်းဆောင်များထက် သာလွန်၍ဖြစ်သည်ကိုသမိုင်းက သက်သေခံခဲ့ပြီးဖြစ်သည်။ နပိုလီယံပင်လျှင် ဟစ်တလာလောက် သူ၏ လုပ်ဆောင်မည်တို့ကို ကြိုတင်ဟောကိန်း ထုတ်ခြင်းမရှိခဲ့ချေ။

**ဟစ်တလာထပ်မံကျူးကျော်မှုများ**

မဟာမိတ်နိုင်ငံများဘက်မှ အလျော့ပေး၍ လျစ်လျူရှုလာသည့်အခါ ဂျာမနီသည် မို၍ လက်ရဲဇက်ရဲ ဖြစ်လာပြီး၊ ၁၉၃၈ ခုနှစ်တွင် ဟစ်တလာ သည် ချက်ကိုဘလိုဗက်ကီးယားပြည်ကို တိုက်ခိုက်၍ ဆူဒေတန် (Sudeten) ပြည်နယ်အား ဂျာမနီ၏ ပိုက်နက်အဖြစ် သိမ်းသွင်းရန်ကြံရွယ် လာသောအခါ မဟာမိတ်နိုင်ငံများက ဆိုးရွံ့လာခဲ့သည်။ ဆူဒေတန်နယ်မှာ ရှေးအစဉ်အဆက် ဂျာမန်အမျိုးအနွယ်များနေထိုင်ခဲ့ကြ၍ ဂျာမန်လူမျိုး ၃သန်းခန့်ရှိသည်။ ဗြိတိ သျှ နန်းရင်းဝန် ချိန်ဘာလိန်နှင့် ပြင်သစ် ဝန်ကြီးချုပ် ဒလာဒီးယား (Daladier) တို့သည် ၁၉၃၈ ခုနှစ် စက်တင်ဘာလတွင် မြူးနစ်မြို့၌ ဟစ်တလာနှင့် မူဆိုလီနီတို့အား တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးပွဲတွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် ဂျာမနီ၏ ရလိုကို များစွာလိုက်လျောပေးခဲ့ကြသည်။ ချက်ကိုဆလိုဗက်ကီးယားပြည်ရှိ ဆူဒေတန်နယ်ကိုသာလျှင်ဟူ၍ ကျန်ရှိသော ချက်ကိုဆလိုဗက်ကီးယား နိုင်ငံ လွတ်လပ်မှုကို အသိအမှတ်ပြုရန်တောင်းဆိုကြသည်။ ထို့ကြောင့် အင်္ဂလိပ်နှင့် ပြင်သစ်တို့က ချက်ကိုဆလိုဗက်ကီးယားကို နိုင်ငံပေါင်းချုပ် အသင်းကြီးမှ ထုတ်ပယ်၍လည်း သဘောတူခဲ့ကြသည်။



ဂတ်စတာဗိုလ် ဟင်းမလားနှင့်အတူ တွေ့ရစဉ်။

## ချက်ကိုဆလို ဗက်ကီးယားကို သိမ်းပိုက်ခြင်း

ဗြိတိန်နှင့် ပြင်သစ်တို့၏ လိုက်လျောချက်အရ ဂျာမန်တို့သည် ဆူဒေတန် ပြည်နယ်ကိုသာလျှင် သိမ်းပိုက်ရမည့်အစား ၁၉၃၉ မတ်လ

www.burmeseclassic.com

www.burmeseclassic.com



၁၅ ရက် ည ၆ နာရီတွင် ဂျာမန်စစ်တပ်သည် ချက်ကိုဆလိုဗက်ကီးယား နိုင်ငံသို့ ဝင်ရောက် သိမ်းပိုက်လိုက်လေသည်။



ဟစ်တလာက ထုံးစံအတိုင်း ယခင်က ဩစတြီးယားအစိုးရ၏ မဟာရပ်ခံချက်အရ ဝင်ရောက်သိမ်းပိုက်ခဲ့ရသည့် နည်းတူ ယခုလည်း ချက်ကိုဆလိုဗက်ကီးယားအစိုးရ၏ တောင်းပန်ချက်အရ ချီတက်သိမ်းပိုက်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထိုစဉ်အတွင်း ရူမေးနီးယား အစိုးရသည် ဂျာမန်ကို အထူးစိုးရိမ်၍ ၁၉၃၉ မတ်လ ၂၃ ရက်နေ့တွင် ဂျာမနီနှင့် နှစ်နိုင်ငံဆက်ဆံရေး သဘောတူစာချုပ်ကို ချုပ်ဆိုလိုက်လေသည်။

ထိုအချိန်က အမေရိကန် သမ္မတ ရုစဗဲ့က ဟစ်တလာထံ ဂျာမနီ၏ ကြံရွယ်ချက်များကို လှမ်း၍မေးမြန်းလေသည်။

ဟစ်တလာက မိမိအနေဖြင့် ထပ်မံ၍ ကျူးကျော်လိုမှုများ မရှိတော့ကြောင်းကို ပြန်ကြားလိုက်သည်။ သို့ရာတွင် ဂျာမနီသည် 'နိုင်ငံရေး ကျူးကျော်' ကစားရာတွင် လာဘ်မြင်လှသောကြောင့် ၁၉၃၉ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ဂျာမန်ဆိုဗီယက် ကူးသန်းရောင်းဝယ်ရေးစာချုပ်ကို ဘာလင်မြို့တွင် ချုပ်ဆိုခဲ့လေသည်။

စစ်စင်အားဖြင့် ဟစ်တလာ၏ ရည်မှန်းချက်မှာ မကြာမီ ရုက်ပိုင်း အတွင်း စက်တင်ဘာလ ၁ ရက်နေ့တွင် ပိုလန်နိုင်ငံကို သိမ်းပိုက်ရန်

www.burmeseclassic.com

www.burmeseclassic.com



'အဖြူရောင်စစ်ဆင်ရေး' ကို ပြင်ဆင်ခဲ့ပြီးဖြစ်ရာ၊ ပိုလန်ကို သိမ်းပိုက်ရာတွင် အနောက်ဘက်စစ်မျက်နှာ၌ ဗြိတိန်-ပြင်သစ်တို့ကို အလုံးအရင်းဖြင့် ယှဉ်ပြိုင်တိုက်ခိုက်နိုင်ရန်အတွက် အရှေ့ဘက်စစ်မျက်နှာမှ ဆိုဗီယက် ရုရှားကို မဟာမိတ်အဖြစ် ဆွဲချိတ်ချင်းချိတ်ထားရန် စီစဉ်ထားခဲ့သည်။

သို့ဖြစ်၍ ဆိုဗီယက်-ဂျာမန်ကူးသန်းရောင်းဝယ်ရေး စာချုပ်ကို ဩဂုတ် ၂၀ ရက်နေ့ ၂ နာရီ အချိန်တွင် လက်မှတ်ရေးထိုး၍ အောင်မြင်စွာ ချုပ်ဆိုခဲ့ပြီးနောက် ထိုနေ့ညနေ ၆ နာရီ ၄၅ မိနစ် အချိန်တွင် ဆိုဗီယက်ခေါင်းဆောင် စတာလင်ထံ ကြေးနန်းစာစောင် ရိုက်ခဲ့သည်။

**အရှယ်စတာလင်မော်စကို**

*ကျွန်ုပ်သည် ဂျာမန်- ဆိုဗီယက် ကူးသန်းရောင်းဝယ်ရေး စာချုပ်သစ် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းကို ဂျာမန်ဆိုဗီယက် ဆက်ဆံရေးများ ပြန်လည်ဖော်ထုတ်ရန်အတွက် ပထမခြေလှမ်းအဖြစ် ယုံကြည်ရိုးသားစွာ ခံယူကြိုဆိုခဲ့ပါသည်။*

*ကျွန်ုပ်၏ ဆန္ဒအရဆိုပါလျှင် နှစ်နိုင်ငံရည်မှန်းချက်များကို ရှောင်ထိုး၍ အပြန်အလှန်ဆက်ဆံရေးအဆင့်သစ် တစ်ရပ်တည်ဆောက်ရာတွင် အချိန်နှောင့်နှေးရန် မသင့်ဟုယူဆပါသည်။ သို့ဖြစ်ရာ ကျွန်ုပ်၏ နိုင်ငံခြားရေးဝန်ကြီးကို ဩဂုတ်လ ၂၂ ရက်အင်္ဂါနေ့ သို့မဟုတ် နောက်အကျဆုံး ဩဂုတ်လ ၂၃ ရက်ဗုဒ္ဓဟူးနေ့တွင် လက်ခံတွေ့ဆုံရန် ပန်ကြားလိုပါသည်။ ဂျာမန်နိုင်ငံခြားရေးဝန်ကြီးသည် မကျူးကျော်ရေး စာချုပ်နှင့်တကွ ဝထာမ စား ရေးဆွဲရန်နှင့် လက်မှတ်ရေးထိုးရန် အာဏာလုံးဝ အပြည့်အစုံပါရှိပါသည်။ နိုင်ငံတကာ အခြေအနေများကြောင့် နိုင်ငံခြားရေး ဝန်ကြီးအား မော်စကိုမြို့တွင် အလွန်ဆုံး တစ်ရက်၊ နှစ်ရက်ထက်ပို၍ နေရန်မှာ မဖြစ်နိုင်ပါ။ သင့်ထံမှ ပြန်ကြားချက်ကို အမြန်ဆုံးရလိုပါသည်။*

**ဂေါ့ဖရေးဒ်ဟစ်တလာ**

**အဒေါ့ဖ်ဟစ်တလာ**

ဤကြေးနန်းစာနှင့် စပ်လျဉ်း၍ စတာလင်ထံမှ ပြန်ကြားချက်သည် နောက်တစ်နေ့ ည ၉ နာရီ ၃၅ မိနစ်တွင် ဘာလင်သို့ ရောက်ရှိလာခဲ့သည်။ ထိုနေ့ညမှာပင် ဂျာမန်- ဆိုဗီယက် မကျူးကျော်ရေးစာချုပ်ကို တရားဝင် လက်မှတ်ရေးထိုးခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အေးဟာစ်တလာ

ဂျာမန်အင်ပိုင်ယာ နိုင်ငံတော်ဝန်ကြီးချုပ်

သင့်ထံမှ စာအတွက် ကျေးဇူးတင်ရှိပါသည်။ ဂျာမန်-ဆိုဗီယက် မကျူးကျော်ရေး စာချုပ်သည် နိုင်ငံအကြားရှိ နိုင်ငံရေး ဆက်သွယ်မှုများကို ပိုမိုေ ်းမွန်လာစေလိမ့်မည်ဟု မျှော်လင့်ပါသည်။

ကျွန်ုပ်တို့ ပြ ်သူများသည် ၎င်းတို့ အချင်းချင်းငြိမ်းချမ်းသာယာစွာ ဆက်ဆံလိုကြပ သည်။ မကျူးကျော်ရေး စာချုပ်ကို အပြီးသတ်ချုပ်ဆိုကြရန် ဂျာမန်အစိုးရက ဆန္ဒပြုလာခြင်းမှာ ကျွန်ုပ်တို့နိုင်ငံများအကြားရှိ နိုင်ငံရေးတင်းမာမှုများကို ပယ်ရှားပစ်ရန်နှင့် ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်မှုကို ဖြစ်ထွန်းစေရန် အခြေခံအုတ်မြစ်ချလိုက်ခြင်းပင် ဖြစ်ပါသည်။

- ဟားဖွန်ရစ်ဘင်ထရော့အား ဩဂုတ်လ ၂၃ ရက်နေ့တွင် မော်စကိုသို့လာရန် သဘောတူလက်ခံပါကြောင်း အကြောင်းပြန်ကြားပါလျက် ဆိုဗီယက်အစိုးရက ကျွန်ုပ်အား ညွှန်ကြားလိုက်ပါသည်။



အမေရိကန် စစ်ဗိုလ်ချုပ်ကြီးများ။

www.burmeseclassic.com



**ရှေး စတာလင်**

ဤသို့ဖြင့် ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ရစ်ဘင်ထရော့သ
ဩဂုတ်လ ၂၃ရက်နေ့ မွန်းတည့်ချိန်တွင် ဆိုဗီယက်ပြည်ထောင်စု မော်စ
မြို့သို့ ဆိုက်ရောက်လာခဲ့သည်။ ထိုနေ့ညမှာပင် ဂျာမန် - ဆိုဗီယက် မ
ကျော်ရေး စာချုပ်ကို တရားဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။

ထိုစာချုပ် ချုပ်ဆိုပြီး ၉ ရက်မြောက်နေ့ ၁၉၃၉ စက်တင်ဘာ
၁ ရက်တွင် ဂျာမနီသည် ပိုလန်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်သော
တစ်ကမ္ဘာလုံး တုန်လှုပ်သွားတော့သည်။ သို့ဖြင့် ပိုလန်နိုင်ငံသည် ရက်ပို
အတွင်း ရုရှားနှင့် ဂျာမန်တို့၏ လက်တွင်းသို့ ကျဆင်းသွားခဲ့ရလေသည်

ဤသို့ ဂျာမနီနိုင်ငံက ပိုလန်နိုင်ငံအား ချီတက် တိုက်ခိုက်၍
ရက်အကြာတွင် ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့က ဂျာမနီအား စစ်ကြေည
လိုက်လေသည်။ ဤသို့ဖြင့် ဒုတိယကမ္ဘာစစ်ကြီး စတင်လောင်ကျွမ်းခဲ့
လေသည်။

၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)
## ဒုတိယကမ္ဘာစစ်ကြီး စတင်လောင်ကျွမ်း

၁၉၃၉ခုနှစ်တွင် ဂျာမနီသည် ပိုလန်ကို ဝင်ရောက်သိမ်းပြီးနောက် ဆိုဗီယက်တို့ကလည်း ပိုလန်အရှေ့ပိုင်းသို့ ဝင်ရောက်ပြီးနောက် အက်စတိုးနီးယား၊ လတ်ဗီးယား၊ လစ်သူနီးယား အစရှိသော ဘောလတစ်နိုင်ငံများနှင့် စာချုပ်ချုပ်ဆိုကာ ယင်းနိုင်ငံများ၌ ဆိုဗီယက်က ကြည်း၊ ရေ၊ လေတပ်စခန်းများ ချထားခဲ့သည်။ ဖင်လန်နိုင်ငံနှင့်လည်း အထက်ပါစာချုပ်မျိုး ချုပ်ဆိုရန်အတွက် ဖင်လန်အစိုးရနှင့် စေ့စပ်ပြောဆိုရာ ဖင်လန်က သဘောမတူသဖြင့် ဆိုဗီယက်နှင့် ဖင်လန်နိုင်ငံတို့ဘက် ဆက်ဆံရေး အခြေအနေ ဆိုးဝါးလာကာ ၁၉၃၉ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ယခင်က ချုပ်ဆိုခဲ့သော ဆိုဗီယက်နှင့် ဖင်လန်နိုင်ငံမကျူးကျော်ရေး စာချုပ်မှာ ပျက်ပြယ်သွားပြီဟု ဆိုဗီယက်အစိုးရက ကြေညာခဲ့လေသည်။

ထို့နောက် နိုဝင်ဘာ ၃၀ ရက်နေ့တွင် ဆိုဗီယက်နှင့် ဖင်လန်တို့ စစ်ဖြစ်ပွားခဲ့သည်။ စစ်ပွဲတွင် ဆိုဗီယက်တို့ အနိုင်ရရှိသွားသဖြင့် စတုရန်းမိုင်ပေါင်း ၁၆၁၇၀ ရှိသော နယ်မြေကို ဆိုဗီယက်သို့ ပေးအပ်ကာ ၁၉၄၀ ပြည့်နှစ် မတ်လ (၁၃) ရက်နေ့၌ စစ်ပြေငြိမ်း စာချုပ်ကို ချုပ်ဆိုလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com





ဒုတိယကမ္ဘာစစ်ကြီးမီးကိုမွှေးခဲ့သော နာဇီအာဏာရှင် ဟစ်တလာ။

www.burmeseclassic.com

www.burmeseclassic.com






ဆိုဗီယက် ဖင်လန်စစ်ပွဲပြီးဆုံးခါနီးတွင် ယခင်က ငြိမ်သက်နေသော အနောက်ဖက်စစ်မျက်နှာတွင် ရုတ်တရက်လှုပ်ရှားလာလေသည်။ အထူးသဖြင့် နော်ဝေးနိုင်ငံတဝိုက်တွင် ပိုမိုလှုပ်ရှားလာ၏။ နော်ဝေးနိုင်ငံမှာ မည်သည့်ဖက်ကမှ မပါသော ကြားနေနိုင်ငံဖြစ်သည်။ ပြည်ထောင်စု အချင်းချင်း ဥပဒေအရ နော်ဝေးကမ်းခြေမှ သုံးမိုင်အတွင်း၌ မည်သည့် စစ်ဆင်မှုမျှ ပြုလုပ်ခွင့်မရချေ။ သို့ရာတွင် ဂျာမန်တို့သည် ဥပဒေကို ချိုးဖောက်၍ နော်ဝေးသဘော်ဆိပ်ကမ်းဖြစ်သော နာဗစ်မြို့မှ သံများကို သယ်ယူလျက်ရှိသည်။

ထိုအခါ ဗြိတိန်နိုင်ငံက နော်ဝေးရေလက်ကြားကို ပိတ်ဆို့ရလိမ့်မည်ဟု သတိပေးလိုက်သည်။ ထိုအချက်ကိုအကြောင်းပြု၍ ဂျာမန်တို့သည် ၁၉၄၀ ပြည့်နှစ် ဧပြီလ ၄ ရက်နေ့တွင် နော်ဝေးနိုင်ငံကို ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်လိုက်လေသည်။ နော်ဝေးနိုင်ငံကို သိမ်းပိုက်သည့် နေ့မှာပင် ဂျာမနီသည် ဒိန်းမတ်ကိုပါ သိမ်းယူလိုက်သည်။

ဂျာမန်လက်တွင်းသို့ နော်ဝေးနိုင်ငံ ကျဆုံးသွားရခြင်းမှာ မဟာမိတ်နိုင်ငံများအဖို့ ကြီးစွာသော ဆုံးရှုံးခြင်းဖြစ်သည်။ နော်ဝေးကို လက်လွှတ်ရပြီးနောက် မဟာမိတ်နိုင်ငံတို့သည် အဘက်ဘက်က အရေးနိမ့်လျက်ရှိသည်၊ ၁၉၄၀ ပြည့်နှစ် မေလ ၁၀ ရက်နေ့တွင် နယ်သာလန်နိုင်ငံသည် ဂျာမန်တို့ လက်အောက်သို့ ကျရောက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မေလ ၂၇ရက်နေ့တွင်ဂျာမန်တပ်များ ဘယ်လ်ဂျီယမ်နိုင်ငံကို ထိုးစစ်ဆင်နွှဲခဲ့ပြီး မေလ ၂၈ ရက်နေ့တွင် ဘယ်လ်ဂျီယမ် နိုင်ငံကို သိမ်းပိုက်နိုင်ခဲ့သည်။

ထိုမှတစ်ဖန် ဂျာမန်တပ်များ ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ပြင်သစ်နိုင်ငံပါရီမြို့တော်သို့ ဝင်ရောက်ခဲ့ပြီးနောက် ၁၆ ရက်နေ့ညတွင် ပြင်သစ် စစ်သေနာပတိ မာရှယ်ပေတိန်း (Marshale Petain) ၏ ပြင်သစ်အစိုးရအဖွဲ့သစ်သည် ဗြိတိန်-ပြင်သစ် စာချုပ်ကို ချိုးဖောက်ကာ ဂျာမန်တို့ထံ လက်နက်ချကြောင်း အကြောင်းကြားခဲ့သည်။ ဥရောပတိုက်ရှိ ဗြိတိသျှနှင့် မဟာမိတ်တပ်များသည် ဒန်းကပ်(Dunkirk) တွင်စုစည်းပြီး အင်္ဂလိပ်ရေလက်ကြားကိုဖြတ်ကာ ဗြိတိန်နိုင်ငံသို့ ဆုတ်ခွာသွားခဲ့သည်။

ဇူလိုင်လ ၂ ရက်နေ့တွင် ဂျာမနီအာဏာရှင် ဟစ်တလာသည် ဗြိတိန် နိုင်ငံကို ဝင်ရောက်တိုက်ခိုက်ရေးနှင့် ပတ်သက်၍ စူးစမ်းလေ့လာရန် အမိန့် ထုတ်ပြန်ခဲ့ပြီးနောက် ၂ ပတ်အကြာ ဇူလိုင်လ ၁၆ ရက်နေ့တွင် လိုအပ်သော ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စတင်လုပ်ဆောင်ရန် အမိန့်ပေးခဲ့သည်။ ဟစ်တလာ၏ အမိန့်အရ ဩဂုတ်လအလယ်တွင် ဗြိတိန်နိုင်ငံကို ဝင်ရောက် တိုက်ခိုက်ရန် အဆင်သင့်ကြိုတင် ပြင်ဆင်ပြီးဖြစ်နေသည်။



[illegible]

www.burmeseclassic.com

www.burmeseclassic.com



## ဗြိတိန်တိုက်ပွဲ

ဗြိတိန်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်မည့် စစ်ရေးကို 'ပင်လယ်ဖျံစစ်ဆင်ရေး' (Operation Sea-Lion) ဟူ၍ အမည်ပေးထားသည်။ ယင်းစစ်ဆင်ရေး၏ အမိကတာဝန်ကို မီးမာရှယ်ဖွန်ရန်းစတက် (Field-Marshal von Reichenau) ၏ တပ်တော်စု အေက ထမ်းဆောင်ရမည်ဖြစ်ပြီး၊ တစ်ချိန်တည်းမှာပင် ဖီးမာရှယ်ဖွန် ရိုက်ရှနော (Field-Marshal von Runstedt) ၏ တပ်တော်စု ဘီကလည်း ပါဝင်ဆင်နွှဲရမည်ဖြစ်သည်။



ဒုတိယကမ္ဘာစစ်အတွင်းကျော်ကြားခဲ့သော ကြယ်ငါးပွင့်ရှိဗိုလ်ချုပ်ကြီး အိုင်ဆင်ဟောင်ဝါ။

www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာ၏ ပင်လယ်ဖျံစစ်ဆင်ရေးကို ဩဂုတ်လ အလယ်ပိုင်းတွင် အဆင်သင့်ဖြစ်စေရမည်ဟု အမိန့်ပေးထားသော်လည်း ဂျာမန်ရေတပ်မတော်က မူယင်းသို့ အလွန်များပြားလှသည့် တပ်များကို ပို့ဆောင်ပေးရေးအတွက် ပြင်ဆင်ရေးလုပ်ငန်းများမှ စက်တင်ဘာလ အလယ်မတိုင်မီ ပြီးစီးနိုင်မည် မဟုတ်ကြောင်း တင်ပြခဲ့သည်။ ထို့ပြင် ဂျာမန်စစ်ဗိုလ်ချုပ်များသည် သူတို့၏ တပ်များကိုပင်လယ်ပြင်ဖြတ်သန်းရေးတွင် များစွာ စိုးရိမ်မကင်း ဖြစ်လျက် ရှိကြသည်။ သူတို့သည် ဂျာမန်ရေတပ်မတော် အပေါ် ယုံကြည်အားထားမှုကို အပြည့်အဝမရှိခဲ့ချေ။ ဂျာမန်ရေတပ်မတော်မှ ရေကြောင်းဗိုလ်ချုပ်ကြီး ရေဒါ (Admiral Raeder) ကလည်း တပ်များ ပင်လယ်ပြင်ကို ဖြတ်ကျော်မည့်ဒေသတဝိုက်ရှိ လေပြင်တွင် ဂျာမန်လေတပ်က စိုးမိုးထား၍ မဖြစ်မနေ လိုအပ်ကြောင်း တင်ပြခဲ့သည်။

ဇူလိုင် ၃၁ ရက်တွင် ဟစ်တလာသည် ရေကြောင်းဗိုလ်ချုပ်ကြီး ရေဒါနှင့် တိုင်ပင်ဆွေးနွေးခဲ့ပြီးနောက် ပင်လယ်ဖျံစစ်ဆင်ရေးကို စက်တင်ဘာလ အလယ်မတိုင်မီ မစတင်နိုင်ဟူသော ရေတပ်မတော်၏အဆိုကို လက်ခံခဲ့သည်။

ဂျာမန် လေတပ်မတော်သေနာပတိ၊ မာရှယ်ဂိုးအားရင်း (Air-Marshal Garing) ကမူ သူ၏လေတပ်သည် ဗြိတိသျှရေတပ်ကို ဟန့်တားထားနိုင်ရုံမျှမက ဗြိတိသျှလေတပ်ကိုလည်း ဖေဟင်မှမောင်းထုတ်ပစ်နိုင်ကြောင်း ဟစ်တလာထံ အာမခံခဲ့သည်။ ကြည်း၊ ရေ တပ် စစ်ဦးစီးများကလည်း ဂိုးအားရင်း၏ စကားအတိုင်း အင်္ဂလန်ကျွန်းကို လေကြောင်းမှ ဦးစွာထိုးစစ်ဆင်စေလိုကြသည်။ သို့ဖြင့် ပင်လယ်ဖျံ စစ်ဆင်ရေး၏ အကြို အဖြစ်အင်္ဂလန်ကျွန်းကို ဂျာမန်လေတပ်က အပြင်းအထန် တိုက်ခိုက်ခဲ့သော ဗြိတိန်တိုက်ပွဲဖြစ်ပွားခဲ့လေသည်။

ဩဂုတ်လ ၁၇ ရက်နေ့တွင် ဟစ်တလာက ထုတ်ပြန်လိုက်သော 'ရန်သူလေတပ်ကို မြန်နိုင်သမျှ အမြန်ဆုံးခြေမှုန်း' ဟူသော အမိန့်ကို အကောင်အထည်ဖော်ရန် ဂျာမန်လေတပ်မတော် သေနာပတိ ဂိုးအားရင်း သည် သူ၏ လေတပ်ထိပ်တန်းအရာရှိကြီးများနှင့် ညှိနှိုင်းဆွေးနွေးပြီးနောက်၊ လေကြောင်းထိုးစစ်ကို ဩဂုတ်လ ၁၃ရက်နေ့တွင် စတင်ရန်ဆုံးဖြတ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com






ပုလဲဆိပ်ကမ်းတိုက်ခိုက်ရန် စီမံကိန်းရေးဆွဲခဲ့သော ဂျပန်ရေတပ်ဗိုလ်ချုပ်ကြီး
ယာမာမိုတို။

www.burmeseclassic.com

www.burmeseclassic.com



ယင်းနေ့ကို လင်းယုန်နေ့ (Eagle Day) ဟူ၍ အမည်ပေးထားသည်။ ယင်းသို့ ထိုးစစ်ကြီးမစတင်မီ ဇူလိုင် ၃ ရက်နေ့မှစ၍ အင်္ဂလန်ကျွန်းဆိပ်ကမ်းများနှင့် သင်္ဘောအုပ်စုများကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ဇူလိုင်လ ၃ ရက်မှ ဩဂုတ်လ ၁၁ ရက်နေ့အထိ လေကြောင်း တိုက်ပွဲများတွင် ဂျာမန် လေယာဉ်နှင့် တိုက်လာသည် စုစုပေါင်း ၃၆၄စင်းနှင့် ဗြိတိသျှတိုက်လေယာဉ် ၁ စီး ပျက်စီးဆုံးရှုံးခဲ့ရသည်။



ဗုံးကြဲ အတိုက်ခံရပြီး မြုပ်ကွင်း။


လင်းယုန်နေ့ နံနက်တွင် ရာသီဥတုမကောင်းသောကြောင့် အမိန့်က ထိုးစစ်ကြီးကို နေ့လယ်ပိုင်းအထိ ရွှေ့ဆိုင်းထားခဲ့သော်လည်း နံနက်ပိုင်းမှာပင် ထိုးစစ်အကြိုအဖြစ် အင်္ဂလန်ကျွန်းအရှေ့တောင်ပိုင်းရှိ တိုက်လေယာဉ်ကွင်းများနှင့် ရေဒါစခန်းများကိုလည်း ဗုံးကြဲတိုက်ခိုက်ခဲ့လေသည်။ အချို့ လေယာဉ်အုပ်စုအများအပြားမှာ ယင်းသို့ရွှေ့ဆိုင်းထားကြောင်း အမိန့်မ သိရှိခဲ့သောကြောင့် မိမိတို့ချည်းသီးခြားသွားရောက် ဗုံးကြဲတိုက်ခိုက်ခဲ့ကြရာ နေ့လယ်ပိုင်းတွင် အလုံးအရင်းနှင့် ထိုးစစ်ဆင်သောအခါ မူလမျှော်မှန်းထားခဲ့သလောက် ထိရောက်မှု မရှိချေ။ ယင်းနေ့တွင် ဂျာမန်လေယာဉ်

www.burmeseclassic.com



များကို အင်္ဂလန်ကျွန်းပေါ်သို့ အကြိမ်ပေါင်း ၁၄၈၅ ကြိမ်မျှ သွားရောက် ဗုံးကြဲခဲ့သည်။

ဩဂုတ်လ ၁၉ ရက်နေ့တွင် ဂိုးအားရင်းသည့် သူ၏ လေတပ် ထိပ်တန်းအရာရှိကြီးများနှင့် ထပ်မံတွေ့ဆုံ ဆွေးနွေးပြီးနောက် လေကြောင်း ထိုးစစ်ကို ဆက်လက်ဆင်နွှဲခဲ့သည်။ ဂျာမန်လေတပ်သည် နည်းဗျူဟာသစ် တစ်မျိုးဖြစ်သော ရေဒါစက်ဝန်းအတွင်း တစ်စုတဝေးတည်း ဖြတ်ကျော် ပျံသန်းပြီးမှ ပစ်မှတ်အမျိုးမျိုးသို့ အုပ်စုအများအပြား ဖြန့်ခွဲကာ ထိုးနှက် တိုက်ခိုက်သောနည်းဗျူဟာကို ကျင့်သုံးခဲ့သည်။ ဩဂုတ်လ ၃၁ရက်နေ့တွင် ဗြိတိသျှ လေယာဉ်အစင်းပေါင်း ၉၉ စင်းပျက်စီး၍ ဂျာမန်လေယာဉ် ၄၁ စင်း ပစ်ချခဲ့ရသည်။ ထိုနေ့မှာ ဗြိတိန်တိုက်ပွဲအတွင်း ဗြိတိသျှလေတပ်အဖို့ အထိအနာဆုံးနေ့ပင် ဖြစ်သည်။



စက်တင်ဘာ ၇ ရက်နေ့ ပထမအကြိမ်အဖြစ် လေယာဉ်အစင်း ၁၇၀၀ပါဝင် ဂျာမန်လေယာဉ် (ဗုံးကြဲလေယာဉ် ၃၀၀နှင့် တိုက်လေယာဉ် ၆၄၈ စင်း) လန်ဒန်မြို့ပေါ်သို့ ဗုံးကြဲတိုက်ခိုက်ခဲ့ကြသည်။ ဂျာမန်လေယာဉ် များသည် ည ၈နာရီမှ နံနက် ၅ နာရီအထိ အပြင်းအထန် ဗုံးကြဲတိုက်ခိုက် ခဲ့သော်လည်း မိမိတို့၏ ရည်မှန်းချက်ကို မဖြည့်စွမ်းနိုင်ခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပင်လယ်ဖျံစစ်ဆင်ရေးကြီး ဆင်နွှဲနိုင်ရေးအတွက် အဓိက အပ်ချက်တစ်ရပ်ဖြစ်သော ဗြိတိသျှလေတပ်ကို ချေမှုန်း၍ ပေဟင်ကို ဆုံးမိုးထားနိုင်ရေးဟူသော ရည်ရွယ်ချက်ကို ဂျာမန် လေတပ်က အကောင် အထည်ဖော်မပေးနိုင်ခဲ့သောကြောင့် ဟစ်တလာသည် ၁၉၄၀ အောက်တိုဘာ ၁၂ ရက်နေ့တွင် ယင်းစစ်ဆင်ရေးကို ဖျက်သိမ်းလိုက်တော့သည်။ ယင်းတိုက် ပွဲအတွင်း ဂျာမန်လေယာဉ် ၁၇၃၃ စင်းဆုံးရှုံး၍ ဗြိတိန်ဘက်မှ လေယာဉ် ၉၁၅ စင်းဆုံးရှုံးခဲ့ ၊ ဂျာမန်လေတပ်သည် လေယာဉ် အရေအတွက် တွင် ဗြိတိသျှလေတပ်ထက် သာလွန်သော်လည်း လေယာဉ်အမျိုးအစား၊ လေသူရဲတို့၏ စွမ်းရည်နှင့် ဆက်သွယ်ရေးစနစ်များ မကောင်းမွန်မှုကြောင့် ရှုံးနိမ့်ခဲ့ရသည်။

ဗြိတိသျှလေသူရဲတို့၏ စွမ်းဆောင်မှုကို ချီးကျူးအမွှမ်းတင်သော အားဖြင့် ထိုစဉ်က ဗြိတိသျှဝန်ကြီးချုပ် ဝင်စတန်ချစ်က ဤလောကတွင် ဖြစ်ပွားခဲ့သော စစ်ပွဲများအနက် ဤမျှနည်းပါးသူ(လေသူရဲ) များကို ဤမျှ များပြားသူ (ဗြိတိန်နိုင်ငံသားများ)က ကျေးဇူးတင်အပ်ဖွယ် ကောင်းသည့် အဖြစ်မျိုးမှာ မရှိဟု ပြောကြားခဲ့သည်။

ဗြိတိန်အား လေကြောင်းမှ တိုက်ခိုက်ရန် အကြံကို လက်လျှော့ရ ပြီးနောက် ဟစ်တလာသည် နောက်တစ်ကြိမ် အကြီးအကျယ်ထိုးစစ်ဆင်ရန် စကြိုးစားတော့ချေ။ ဆိုဗီယက်ပြည်ထောင်စုမှာ ထိုအချိန်အထိ ဟစ်တလာ နှင့် မဟာမိတ်စာချုပ်ချုပ်ဆိုထားသော်လည်း မူလကတည်းက နာဇီဝါဒ အား မုန်းတီးနေသော စိတ်ကို ကြာရှည်စွာလျှို့ဝှက် မထားနိုင်ကြချေ။ ထိုအချက်ကို ကောင်းစွာသိသော ဟစ်တလာသည် ဦးစွာဆိုဗီယက် ပြည် ထောင်စုကို နှိမ်နင်းပြီးလျှင် ဥရောပတိုက် တစ်တိုက်လုံးကို စိုးမိုးရန်ကြံရွယ် ထားလေသည်။

ဟစ်တလာသည် ကြားနေနိုင်ငံကြီး နှစ်နိုင်ငံဖြစ်သော အမေရိကန် ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့၏ အင်အားကို ဖြိုခွဲရန်အတွက် အီတလီ၊ ဂျပန်တို့နှင့် ပူးပေါင်း၍ဝင်ရိုးစွန်းနိုင်ငံများအဖြစ် ပူးပေါင်းထား ပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ဂျာမန်တို့သည် ဆိုဗီယက်ပြည်ထောင်စုအား ထိုးစစ်ဆင်ခွဲရန် ၁၉၄၁ ပြည့်နှစ် နွေရာသီကာပင်စတင်ပြင်ဆင်ခဲ့ပြီးဆောင်းဦးကာလတွင် အသေးစိတ်စီစဉ်ခဲ့လေသည်။

ထို့နောက် ဟစ်တလာသည် ၁၉၄၀ ဒီဇင်ဘာ ၁၈ ရက်နေ့တွင် ဘာဘာရိုဇာစစ်ဆင်ရေး (Operation Barbarossa) အမိန့်အမှတ် ၂၁ ကို ထုတ်ပြန်ခဲ့ပြီး၊ ဆိုဗီယက် ပြည်ထောင်စုကို အလျင်အမြန်ချေမှုန်းတိုက်ခိုက်ရေးအတွက် ဂျာမန်စာပ်များအသင့်ပြင်ထားရန် ညွှန်ကြားခဲ့သည်။




နာဇီအကျဉ်းစခန်း၌ တွေ့မြင်ရသော သုံ့ပန်းများ။

ဘာဘာရိုဇာ စစ်ဆင်ရေးအခြေအနေကို ရှင်းလင်းတိကျစွာ သိရှိရေးအတွက် ဂျာမနီနိုင်ငံ၏ မဟာဗျူဟာ ပထဝီအနေအထားကို ဦးစွာနားလည်သဘောပေါက်ထားရန် လိုအပ်သည်။ ၁၉၄၁ ခုနှစ်အထိ ဂျာမနီနိုင်ငံသည် နိုင်ငံငယ်လေး တစ်နိုင်ငံသာဖြစ်သည်။ သယံဇာတ ရှားပါးပြီး၊ သဘာဝ အကာအကွယ်များလည်း ကင်းမဲ့သည်။ နိုင်ငံငယ်ခြင်း၊ သဘာဝရင်းနှီးမိတ်အားနည်းခြင်း၊ သယံဇာတမလုံလောက်ခြင်းတို့က ဆိုဗီယက်-ဂျာမနီ စစ်ရေးဗျူဟာသာဖြစ်သည်။ ဂျာမန်လက်နက်ကိုင် တပ်ဖွဲ့များသည် လူအင်အား

www.burmeseclassic.com



အမြောက်အပြား မတိုးချဲ့နိုင်သဖြင့် စွမ်းရည်ပိုင်းနှင့် ထိရောက်မှုပိုင်းတွင် အလေးအနက် သဘောထားကြသည်။ ဂျာမနီနိုင်ငံ၏ စစ်ရေးမဟာဗျူဟာမှာ ရန်သူ့တပ်များကို ချေမှုန်းပစ်ရေးပေါ်တွင် အဓိကထားသည်။ ထို့ကြောင့် ဂျာမန်တပ်များသည် "ဖျက်ဆီးရေးစစ်ပွဲ" (Battle of Destruction) သီဝရီကို ကိုင်စွဲထားပြီး ရန်သူကို အလဲထိုးခြင်းဖြင့် အဆုံးအဖြတ်ပေးသော တိုက်ပွဲများ အမြန်ဆုံး ဆင်နွှဲရန် ပြင်ဆင်ထားခဲ့သည်။



သဲကန္တာရမြေခွေးဟု ကျော်ကြားသော ဂျာမန်စစ်ဗိုလ်ချုပ်ကြီး ရွမ်မဲလ်။

ဂျာမန်မြေပြင်တပ်ဖွဲ့ဝင်များက ဦးစွာတိုက်ခိုက်လျှင် ဆိုဗီယက်လေတပ်ကို တပ်လှန့်သကဲ့သို့ ဖြစ်သွားပြီး ဂျာမန်လေယာဉ်များ အလှမ်းမမီသည့် လေယာဉ်ကွင်းများသို့ ဆိုဗီယက်လေယာဉ်များ ရွှေ့ပြောင်းသွားနိုင်သည်။ ထို့ကြောင့် ဂျာမန်မြေပြင်တပ်ဖွဲ့များက ထိုးစစ်ဆင်နွှဲမည့်အချိန်တွင် ဂျာမန်လေတပ်ကလည်း တစ်ပြိုင်တည်း ထိုးစစ်ဆင်နွှဲနိုင်ရန် စီစဉ်ခဲ့ကြသည်။

ယင်းနောက် ဂျာမန်စစ်တပ်သည် ၁၉၁၄ ခုနှစ် ဇွန်လ ၂၂ ရက်နေ့ တွင် ဆိုဗီယက် ပြည်ထောင်စုကို အကြောင်းသုံးကြောင်းဖြင့် လျှပ်တပြက် ထိုးစစ်ဆင်နွှဲခဲ့ကြသည်။ ဂျာမန်လူဖ့်ဝါ့ဖ်လေတပ်သည် ဘာဘာရိုစာ စစ်ဆင်ရေး ပထမအဆင့် ထိုးစစ်တွင် လေယာဉ်စုစုပေါင်း ၈၆၈ ဝင်း အသုံးပြုခဲ့သည်။ ဂျာမန်လေတပ်၏ စင်ဆင်ရေးအစပိုင်းတိုက်ခိုက်မှုကြောင့် ဆိုဗီယက်လေယာဉ် ၂၂၂ ခန်းမှာ မှာဝေဟင်တွင်ပင် ချေမှုန်းခံခဲ့ရပြီး လေယာဉ် ၇၉၀ မှာ မြေပြင်တွင် ချေမှုန်းခံခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com





စစ်မြေပြင်၌တွေ့မြင်ရသော ဗိုလ်ချုပ်ကြီးရွမ်မဲလ်။

ဂျာမန်လေတပ် ဗိုလ်ချုပ်ကြီး အော်တိုဟော့ဖ်မန်း (Otto Holfmann) က စစ်ဆင်နွှဲရေးအောင်မြင်မှု၏ ရာခိုင်နှုန်း၈၀မှာ အငိုက်ဖမ်းနိုင်မှုနှင့် သက်ဆိုင်သည်ဟု ဖော်ပြခဲ့သည်။

ဤသို့ဖြင့် ဂျာမန်တပ်များသည် အောင်ပွဲများ ဆက်တိုက်ရရှိသော 'တစ်နေ့လျှင်' မိုင် ၂၀၀ နှုန်းမျှ ချီတက်သိမ်းပိုက်နိုင်ခဲ့သည်။ ၁၉၄၁ ခု ဒီဇင်ဘာလဆန်းတွင် ဂျာမန်တပ်များမော်စကိုမြို့ ဆင်ခြေဖုံးအထိ ရောက်ရှိခဲ့သည်။ မော်စကိုမြို့၏ မြောက်ဘက်နှင့် တောင်ဘက်တွင်တိုက်ပွဲများ ပြင်းထန်ခဲ့သည်။ သို့သော်လည်း ဆိုဗီယက်တို့၏ ကြံ့ခိုင်စွာ ခုခံချေမှုန်း တိုက်ခိုက်နိုင်မှုကြောင့် ဂျာမန်တို့၏ ထိုးစစ်မှာရပ်တန့်သွားခဲ့ရသည်။

ဂျာမန်တို့၏ ထိုးစစ်ရပ်တန့်သွားပြီး နောက်တစ်နေ့ (ဒီဇင်ဘာ ၆ ရက်)နေ့မှာပင် ဆိုဗီယက်တပ်မှတပ်ချုပ်ကြီးဇူးကော့ဗ်(နောင်တွင် မာရှယ်)

www.burmeseclassic.com



သည် ဆောင်းရာသီအတွေ့တွေ ထိုးစစ်ကြီးတစ်ရပ် တန်ပြန်ဆင်နွှဲခဲ့သည်။ ထို့ကြောင့် ဂျာမန်တပ်များနောက်ဆုတ်ခဲ့ရပြီး၊ ဂျာမန်တပ်များ၏ အခြေအနေမှာ ဆိုးဝါးသွားခဲ့သည်။ ဟစ်တလာသည် ဒီဇင်ဘာလ ၈ရက်နေ့တွင် မော်စကို စစ်မျက်နှာနှင့် သက်ဆိုင်သော အစည်းအဝေးတစ်ရပ်ခေါ်ယူကျင်းပခဲ့ပြီး အခြေအနေဆိုးရွားနေသော မော်စကိုမြို့တော် သိမ်းပိုက်ရေးအစီအစဉ်ကို ရပ်ဆိုင်းရန် အမိန့်ထုတ်ပြန်ခဲ့သည်။

ရက်ပေါင်း၂၀ ကြာ မော်စကို သိမ်းပိုက်ရေး တိုက်ပွဲတွင် ဂျာမန်စစ်သည်ပေါင်း ၁၅၅၀၀၀ သေကြေဒဏ်ရာ ရရှိခဲ့ပြီး၊ တင့်ကားပေါင်း ၈၀၀၊ အမြောက်ပေါင်း ၃၀၀နှင့် လေယာဉ်ပေါင်း ၁၅၀၀ ခန့်ပျက်းစီးဆုံးရှုံးခဲ့ရသည်။

ဟစ်တလာသည် ၁၉၄၂ ဩဂုတ်လတွင် အရှေ့ဘက် စစ်မျက်နှာ၌ ထိုးစစ်သစ်တစ်ရပ် ဆင်နွှဲပြန်သည်။ ဆိုဗီယက်ပြည်ထောင်စု၏ အနောက်တောင်ဘက် ဖြစ်သောကော့လားရှပ်ဒေသမှ ရေနံများကို ရယူလိုသဖြင့် ထိုးစစ်ဆင်ခြင်းဖြစ်သည်။ ထိုစစ်ဆင်ရေးတွင် စတာလင်ဂရက် (Stalingrad) တိုက်ပွဲသည် ကြီးကျယ်ထင်ရှားသည်။

စတာလင်ဂရက်မြို့သည် ဗော်လ်ဂါမြစ်ကမ်းပေါ်တွင် အလျားလိုက် (၁၈မိုင်) တည်ရှိနေသောမြို့ ဖြစ်သည်။ လူဦးရေ ၅ သိန်းခန့် နေထိုင်၍ စစ်လက်နက်ပစ္စည်း ထုတ်လုပ်သော စက်ရုံအလုပ်ရုံကြီးများလည်းရှိသည်။ ယခုအခါ စတာလင်ဂရက်မြို့ အမည်ကို ဗိုလ်ဂိုဂရက်ပ်... မြို့ဟု ပြန်လည်ပြောင်းလဲခဲ့သည်။ စတာလင်ဂရက် စစ်ဆင်ရေးကို အပြာရောင် စစ်ဆင်ရေး (Operation of Blue) ဟု အမည်ပေးထားသည်။ ၁၉၄၂ စက်တင်ဘာ ၁၅ တွင် စတာလင်ဂရက်မြို့ကို စတင်ထိုးစစ်ဆင်ရာ တစ်ပတ်လုံးလုံး အပြင်းအထန်တိုက်ပွဲဖြစ်ပွားပြီးနောက် ဂျာမန်တပ်များသည် မြို့လယ်အထိ ထိုးဖောက် ဝင်ရောက်နိုင်ခဲ့သည်။ သို့သော်လည်း ဆိုဗီယက်တပ်နီများ၏ ကြံ့ကြံ့ခံ ခုခံပြီး ဂျာမန်တို့ကို ပြန်လည်တိုက်ထုတ်ပစ်နိုင်ခဲ့သည်။

သို့ဖြင့် ဟစ်တလာသည် တိုက်ပွဲနည်းဗျူဟာကို ပြောင်းလဲလိုက်ပြီး စတာလင်ဂရက်မြို့ကို အဝိုင်းမှ ဝိုင်းထားပြီး အမြောက်ကြီးများ၊ မိုးကြိုးလေယာဉ်များဖြင့် စနစ်တကျ ပစ်ခတ်ဗုံးကြဲတိုက်ခိုက်ဖျက်ဆီးရန် အမိန့်

www.burmeseclassic.com



ပေးခဲ့သည်။ ဂျာမန်နှင့် ဆိုဗီယက်တို့သည် အပျက်အစီးများအကြား 'လမ်းကြို လမ်းကြား မြေပေါ်မြေအောက်အနှံ့ တစ်အိမ်တက်ဆင်း တိုက်ခိုက်ကြရာ 'မြေကြွက်စစ်ပွဲ (RatWar) ဟူ၍ပင် နာမည်တွင်သွားခဲ့သည်။

အလယ်ပိုင်းစစ်မျက်နှာတွင် ဆိုဗီယက်ပြည်ထောင်စု၏ စစ်တပ်များ ထိုးစစ်ဆင်နေစဉ် တစ်ကမ္ဘာလုံး မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာသည်။ ထိုနေ့ကား ၁၉၄၁ ဒီဇင်ဘာလ ၇ရက်နေ့တွင် ဝင်ရိုး တန်းနိုင်ငံတစ်ခုဖြစ်သော ဂျပန်နိုင်ငံသည် စစ်မကြေညာဘဲ အမေရိကန်ပြည် ထောင်စုပိုင် ဟာဝိုင်ယီကျွန်းရှိ 'ပါးလ်ဟာဗာ' (Peral Harbour) ခေါ် 'ပုလဲဆိပ်ကမ်း' ကို ရုတ်တရက် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထိုသို့ စတင် တိုက်ခိုက်ပြီးနောက် နာရီပေါင်းများစွာကြာမှ ဂျပန်အစိုးရက အမေရိကန် ပြည်ထောင်စုနှင့် ဗြိတိန်တို့က စစ်ကြေညာခဲ့လေသည်။ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စုကလည်း ဂျပန်အား ပြန်၍ စစ်ကြေညာလေသည်။ ဂျာမနီနှင့် အီတလီတို့ကလည်း အမေရိကန် ပြည်ထောင်စုကို စစ်ကြေညာခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com





[illegible]
တွေ့မြင်ရစဉ်။

ဤသို့ဖြင့် ဒုတိယကမ္ဘာစစ်ကြီးမှာ တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားခဲ့လေသည်။

ပုလဲဆိပ်ကမ်း တိုက်ခိုက်ရေးအစီအစဉ်ကို 'ရေးဆွဲသူမှာ ရေကြောင်း ဗိုလ်ချုပ်ကြီး 'အီဆိုရိုကူ ယာမာမိုတို' (Isoroku Yamamoto) ဖြစ်သည်။ ဂျပန်စစ်ဝါဒီများသည် ပုလဲဆိပ်ကမ်းကို အလစ်ဝင်တိုက်မည့်သင်္ဘောတပ်စုများ အချိန်ရစေရန် ပရိယာယ်ဆင်လျက် နိုဝင်ဘာလ လယ်တွင် ဂျပန်ဝန်ကြီးချုပ် ဂျင်နရယ် ဟိုက်ဒီကီတိုကျို (Gen. Hideki Tojo)၏ အထူးသံတမန် ဆာဘူရိုကူရုဆု(Saburo Kurusu)ကို ဝါရှင်တန်သို့ စေလွှတ်၍ ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ပြုလုပ်နိုင်းတော့သည်။ မကြာမီမှာပင် ဗိုလ်ချုပ်ကြီးချူအီချီနာဂူမို (Gen.Chuichi Nagumo) ကွပ်ကဲသည့် တိုက်ခိုက်ရေး သင်္ဘောတပ်ကြီးကို ပစိဖိတ်ဒေသသို့ စေလွှတ်ခဲ့သည်။

အဆိုပါပုလဲဆိပ်ကမ်းတိုက်ပွဲတွင် အမေရိကန်တို့ဘက်မှ တိုက်သင်္ဘောကြီးငါးစီးနစ်မြုပ်သွားပြီး နှစ်စီးပျက်စီးသွားခဲ့ရသည်။ ခရူဇာသင်္ဘောငယ် ၃စီး၊ ဖျက်သင်္ဘော ၃စီးနှင့် အရန်သင်္ဘော အများအပြားနစ်မြုပ်ပျက်စီးသွားခဲ့သည်။ လေယာဉ် ၁၈၈ စင်းဆုံးရှုံးပြီး အစင်း ၃၀ ပျက်စီးသွားခဲ့သည်။ အရာရှိနှင့်စစ်သည် ၂၃၄၃ ယောက် သေဆုံးပြီး ၁၂၇၂ ယောက် ဒဏ်ရာရကာ ၁၀၀၀ ကျော် ပျောက်သွားခဲ့သည်။ ဂျပန်တို့ဘက်မှ လေယာဉ် ၂၉ စင်း၊ ရေငုပ်သင်္ဘောကြီး တစ်စီးနှင့် ရေငုပ်သင်္ဘောငယ် ငါးစီးဆုံးရှုံးခဲ့သည်။

ထိုတိုက်ပွဲကြောင့် အမေရိကန် ပစိဖိတ်ရေတပ်သည် သုံးမရအောင် ပျက်စီးသွားခဲ့ရပြီးနောက် ရေတပ်အင်အား ဆုံးရှုံးမှုမှာ ပထမကမ္ဘာစစ်အတွင်း

www.burmeseclassic.com

www.burmeseclassic.com



က ဆုံးရှုံးမှုထက် သာလွန်ခဲ့လေသည်၊ ပုလဲဆိပ်ကမ်းဗုံးကြဲချိန်နှင့် တစ်ပြိုင်တည်း ဆင်နွှဲခဲ့သည့် ပစိဖိတ်အရှေ့တောင်ပိုင်းဒေသရှိ ဖိလစ်ပိုင်၊ မလေးရှား၊ စင်္ကာပူ၊ ဆူမားတြာ၊ ဂျာဗားဒေသ စစ်ပွဲများတွင် ဂျပန် စစ်တိုက်ခိုက် သိမ်းပိုက်မှုများကို အမေရိကန် ရေတပ်သည် ဟန့်တားနိုင်စွမ်းမရှိတော့ချေ။ ထို့ပြင်ပုလဲ ဆိပ်ကမ်းကို တိုက်ခိုက်အနိုင်ရရှိခဲ့သည့်အတွက် ဂျပန်ရေတပ်သည် နောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် အာရှဒေသ စစ်ပွဲများတွင် ကူညီနိုင်ခဲ့သည်။



မော်မန်ဒီကမ်းခြေ စီတပ်ကျဆုံးပြီးနောက်
စစ်ရေးပြန်လည်သုံးသပ်နေသော ဟစ်တလာ။

ဂျပန်တို့သည် ပုလဲဆိပ်ကမ်းတိုက်ပွဲနှင့် တစ်ချိန်တည်းမှာပင် ပစိဖိတ်အနောက်ပိုင်းဒေသကို တိုက်ခိုက်ခဲ့ရာ၊ (၆)လအတွင်း ပစိဖိတ်အနောက်ပိုင်းတစ်ခုလုံးကို သိမ်းပိုက်နိုင်ခဲ့ပြီး စစ်အင်အားကြီးမားစွာဖြင့် အိန္ဒိယနယ်စပ်အထိ ခြိမ်းခြောက်လာနိုင်ခဲ့သည်။ ဤသို့ဖြင့် ရေနံထွက်ရှာ အတော်များအရှေ့အိန္ဒိယ ကျွန်းစုကို ရရှိရုံမျှသာက ဂျပန်သို့ ရေနံတင်ပို့ရာ ပင်လယ်ရေကြောင်းလမ်းကိုလည်း ဖွင့်ထားနိုင်ခဲ့သည်။ ဂျပန်တို့သိမ်းပိုက်မိထားသော ဒေသကြီးမှာ များစွာ ကျယ်ပြန့်လှသဖြင့် စစ်ကာလ (၆)ကျော်လာချိန်တွင်

www.burmeseclassic.com

www.burmeseclassic.com





ဂျပန်တို့ လက်နက်ချစာချုပ် ရေးထိုးနေစဉ်။


ဂျပန်နိုင်ငံသည် မိမိ၏ စစ်အင်အားကို အစွမ်းကုန်ဖြန့်ကျက်မိနေပြီဖြစ်သည်။ ဂျပန်၏ အောင်ပွဲအရှည်တည်တံ့ရေးသည် ဥရောပ စစ်မျက်နှာမှ မဟာမိတ် နာဇီဟစ်တလာ၏ အောင်မြင်မှုအပေါ်တွင် တည်မှီနေရာ ဟစ်တလာ၏ ဂျာမန်စစ်တပ်များ မလွဲမသွေပျက်စီးသော အခြေအနေတွင် ဂျပန်တို့၏ အောင်ပွဲရက်များလည်း အကန့်အသတ်ရှိလာခဲ့သည်။ ဂျပန်တို့သည် စစ်မျက်နှာ ကျယ်ပြန့်စွာတိုက်နေရပြီး လေကြောင်းစိုးမိုးနိုင်မှုမရှိသဖြင့် နေရာအတော်များများတွင်သာ အားနည်းကျိုးပေါက်လာခဲ့သည်။

ဤသို့ဖြင့် ဂျပန်တို့သည် တောင်နှင့်အနောက်တောင် ပစိဖိတ်ဒေသကို ဆက်လက်၍ ထိုးစစ်ဆင်သိမ်းပိုက်နိုင်ခဲ့သော်လည်း ၁၉၄၂ ဇွန်လဆန်းတွင် ဖြစ်ပွားခဲ့သည့် မစ်ဝေးရေကြောင်းတိုက်ပွဲကြီးတွင် ဂျပန်ရေတပ် အထိနာခဲ့ရသဖြင့် ဂျပန်တို့၏ ထိုးစစ်အဟုန်မှာ တန့်သွားခဲ့သည်။ ဤတွင် အမေရိကန် ကြည်း၊ ရေ၊ လေ တပ်များသည် တောင်နှင့်အနောက်တောင် ပစိဖိတ်ဒေသကို ပြန်လည်ထိုးစစ်ဆင်လာနိုင်ခဲ့သည်။ ထိုစဉ်အတွင်း ၁၉၄၃ ဇူလိုင်လ ၂၄ ရက်နေ့တွင် **ဖက်ဆစ်ကောင်စီ** အစည်းအဝေးမှ မူဆိုလီနီ

www.burmeseclassic.com




အား ရာထူးမှ နုတ်ထွက်ပေးရန်တောင်းဆိုကြသည့် ပြင်းထန်သော ပေါက်ကွဲမှုကြီး ပေါက်ဖွားလာစေတော့သည်။ ယင်းနောက် မူဆိုလီနီအား မာရှယ် ဘာဒေါ့စ်လီယို (Marshal Badolio) အား နန်းရင်းဝန် ခန့်အပ်လိုက်သော အခါ ကာဒေါ့စ်လီယိုသည် ဖက်ဆစ်ပါတီကို ဖျက်သိမ်း၍ မဟာမိတ်တို့နှင့် လျှို့ဝှက်စေ့စပ်ကာ စစ်ပြေငြိမ်းရေးကို လက်ခံလိုဂ လေသည်။



၁၉၄၇ စက်တင်ဘာ ၂ တွင် မောင်ဂိုမာရီဦးစီးသော အမှတ် ၈ တပ်တော်သည် အီတလီပြည်တောင်ဘက်သို့ ဝင်ရောက်၍ ၆ ရက်မြောက်တွင် အီတလီတစ်နိုင်ငံလုံးကို သိမ်းပိုက်လိုက်လေသည်။ မူဆိုလီနီအား အကျဉ်းချထားရာ ဂျာမန်လေထီးဆင်းကွန်မင်ဒိုအဖွဲ့က သွားရောက်ကယ်တင်ခဲ့ရသည်။ ၁၉၄၄ ခုနှစ် အောက်တိုဘာလ ၁၉ ရက်တွင် ဗိုလ်ချုပ်ကြီး မက်အာသာ ဦးစီးသော အမေရိကန်စစ်အင်အား ၁ သိန်းသည် လေတီကျွန်းအရှေ့ဘက် ကမ်းရိုးတန်းသို့ ဝင်ရောက်လာခဲ့သည်။ ဒုတိယရေကြောင်း ဗိုလ်ချုပ်ကြီး ကင်းကိတ်ဦးစီးသော အမေရိကန် အမှတ် ၇ ရေတပ်သည် ကမ်းတက် တပ်များကို အကာအကွယ်ပေးခဲ့သည်။ စစ်သင်္ဘောများမှ လေယာဉ်များဖြင့် ဂျပန်တပ်များကို အပြင်းအထန် ဗုံးကြဲတိုက်ခိုက်ကြပြီး ထိုသို့ အထူးပေး

www.burmeseclassic.com





ဖမ်းခတ်မှ အကာအကွယ်ဖြင့် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး မက်အာသာနှင့် စစ်သည်များ ဖိလစ်ပိုင်ကျွန်းစုသို့ ပြန်လည်ခြေချခဲ့ကြသည်။ ဂျပန်တပ်များကလည်း ဂျပန်၊ ကိုရီးယားကျွန်းနှင့် စင်္ကာပူတို့တွင် အခြေစိုက်ထားသော တပ်များ အကူအညီဖြင့် အပြင်းအထန် ခုခံခဲ့ကြရာ လေတီ(Leyte) ပင်လယ်ကွေ့တိုက်ပွဲဟု ခေါ်တွင်သော ဒုတိယကမ္ဘာစစ်ကို အဆုံးအဖြတ်ပေးခဲ့သည်။ တိုက်ပွဲကြီးဖြစ်ပွားခဲ့သည်။

○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)
## အလာမိန်းတိုက်ပွဲ

ဂျပန်တပ်များ ပစိဖိတ်ဒေသ အစွန်းကုန်တိုက်ပွဲဝင်နေစဉ်အတွင်း ၁၉၄၁ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် စစ်ဗိုလ်ချုပ်ကြီး ရိုးမဲလ်(Field Marshall Erwin Rommel) ၏တပ်များသည် မြောက်အာဖရိက တိုဘရွတ်ခ်(Tobruk) မြို့ကို သိမ်းပိုက်ရန် အပြင်းအထန် ထိုးစစ်ဆင်ခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ ဩဂုတ်လတွင် သူ၏တပ်များထံ ပေးပို့လိုက်သော ထောက်ပံ့ရေးပစ္စည်းများ၏ ၃၅ ရာခိုင်နှုန်းမှာ မြေထဲပင်လယ်အတွင်း နစ်မြုပ်ပျက်စီးခြင်းခံခဲ့ရသည်။ ထို့ပြင် အောက်တိုဘာလမကုန်မီ ကာလအတွင်း ထောက်ပံ့ရေးပစ္စည်းများ ဆုံးရှုံးမှုမှာ ၇၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ ထိုစဉ်အတွင်း မြေထဲပင်လယ်အတွင်းရှိ ဗြိတိသျှရေတပ်မှာ အထိနာလျက်ရှိသည်။ ဂျာမန်တို့သည် ဒီဇင်ဘာလတွင် မော်လ်တာကျွန်းကို လေကြောင်းမှ အပြင်းအထန်တိုက်ခိုက်ပြီးနောက် ဗြိတိသျှရေတပ်သည် ၁၉၄၂၊ ဇန်နဝါရီလအတွင်း မြေထဲပင်လယ်ရှိ ဝင်ရိုးတန်းနိုင်ငံများ၏ ထောက်ပံ့ရေးလမ်းကြောင်းကို လုံးဝအနှောက်အယှက် မပေးနိုင်ခဲ့ချေ။


၁၉၄၂၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရိုးမဲလ်သည် ဒုတိယအကြိမ် ထိုးစစ်ဆင်ပြန်ရာ ဖေဖော်ဝါရီလ ၇ ရက်နေ့၊ ဒီမဟာမိတ်တပ်များကို တို

www.burmeseclassic.com

www.burmeseclassic.com



ဘာရွတ်ခ်မြို့မှ အနောက်ဘက်နှင့် တောင်ဘက် မိုင် ၂၀ အကွာအထိ တိုက်ထုတ်ပစ်နိုင်ခဲ့သည်။ မဟာမိတ်တပ်မှူး ဗိုလ်ချုပ်ကြီး အာချင်လက် (Gen. Auchinlech) သည် ဇွန်လ ၇ ရက်နေ့တွင် ရိုးမဲလ်၏တပ်များကို ထပ်မံ ထိုးစစ်ဆင်ရန် ပြင်ဆင်နေဆဲ မေလ ၂၆ ရက်နေ့တွင် ရိုးမဲလ်၏ တပ်များက မဟာမိတ်တပ်များ၏ လက်ဝဲဖက်စစ်နံကို စတင် ထိုးနှက်ခဲ့သည်။ ရက်သတ္တလေးပတ်အတွင်း အပြင်းအထန် တိုက်ပွဲဖြစ်ပွားပြီးနောက် ဇွန် ၂၁ ရက်တွင် တိုဘရွတ်ခ်မြို့ကို စစ်သုံ့ပန်း ၃၃၀၀၀ လက်နက်ပစ္စည်း အမြောက်အမြားနှင့်အတူ သိမ်းပိုက်ရရှိလိုက်သည်။



စစ်ထရားခံများအား နူရင်ဘတ်စစ်တရားရုံး၌ စစ်ဆေးနေစဉ်။

တိုဘရွတ်ခ်ခံတပ်ကြီး ကျဆုံးသွားခြင်းမှာ မဟာမိတ်တပ်များအဖွဲ့ အလွန်အထိနာလှသောကြောင့် အမေရိကန်ပြည်ထောင်စုသည် 'ရှားမင်း' အမျိုးအစား တင့်ကားအစီး ၃၀၀ နှင့် ယာဉ်တင်အမြောက် ၁၀၀ ကို မြောက်အာဖရိက စစ်မျက်နှာသို့ ချက်ချင်းပေးပို့ခဲ့သည်။ ၁၉၄၂ ဇူလိုင် ၈ ရက်နေ့တွင် ဗြိတိသျှဝန်ကြီးချုပ် ချာချီထံမှ အမေရိကန်သမ္မတ ရုစဗဲ့လ် ထံ ပေးပို့သောစာတွင် ၁၉၄၂ ခုနှစ်အတွက် ဒုတိယကမ္ဘာစစ် စစ်မျက်နှာမှာ

www.burmeseclassic.com

www.burmeseclassic.com



မြောက်အာဖရိက စစ်မျက်နှာပင်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ထို့နောက် မဟာမိတ်စစ်ဦးစီးများ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် နိုဝင်ဘာလ ၈ ရက်နေ့တွင် မြောက်အာဖရိက စစ်မျက်နှာသို့ မဟာမိတ်တပ်များ ကမ်းတက်တိုက်ရန် ဆုံးဖြတ်ခဲ့ကြသည်။



နာဇီစစ်တရားခံဗိုလ်ချုပ်တစ်ဦး စပန်းဒေါလ်ထောင်၌ မိမိကိုယ်ကို သတ်သေသွားခြင်း

အဲလ်အလာမိန်း(El Alamein) တွင် နှစ်ဖက်တပ်များသည် တစ်ဘက်နှင့်တစ်ဘက် သူမသာကိုယ်မသာ တပြန်စီ ဆက်လက်တိုက်ခိုက်လျက်ရှိကြရာမှ ဇူလိုင်လကုန်တွင် နှစ်ဖက်စလုံး ရှေ့မတိုးနိုင်ဘဲ စစ်တန့်နေခဲ့သည်။ ဩဂုတ်လ ၂ ရက်နေ့တွင် ချာချီသည် အီဂျစ်နိုင်ငံ ကိုင်ရိုသို့ ရောက်ရှိလာပြီးနောက် အာချင်လက်ရှ် နေရာတွင် ဗိုလ်ချုပ်ကြီး ဟာရိုးအလက်ဇန်းဒါးကို အရှေ့အလယ်ပိုင်းဒေသ တပ်မှူးအဖြစ် အစားထိုးခန့်ထားခဲ့ပြီး အီဂျစ်ရှိ အမှတ် ၈ တပ်မတော်၏ တပ်မှူးအဖြစ် မွန်ဂိုမာရီကို ခန့်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





အလာမိန်းဒေသတွင် မဟာမိတ်တပ်များနှင့် ဝင်ရိုးတန်းတပ်များ ရင်ဆိုင်နေကြသော ရှေ့တန်းစစ်မျက်နှာမှာ တောင်မှမြောက်သို့ မိုင် ၄၀ ခန့် ရှည်လျားသည်။ ရိုးမဲလ်သည် အလာမိန်းခံစစ်ကြောင်းတွင် အခိုင်အမာ ခုခံလျက်ရှိသော မဟာမိတ်တပ်များကို ဖောက်ထွင်းနိုင်ရေးအတွက် ပြိုင်းစစ် တစ်ရပ် ဆင်နွှဲရန် စီစဉ်ခဲ့သည်။ ယင်းထိုးစစ်တွင် ရိုးမဲလ်၏ နည်းဗျူဟာ မှာ ခံစစ်ကြောင်းမြောက်ပိုင်းတွင် တိုက်မည့် ဟန်ဆောင်ပြီးနောက် အလယ် ကြောတွင် တိုက်ပွဲများဖြင့် ထိန်းဟန့်ထားကာ တောင်ပိုင်းကို အဓိကထား

www.burmeseclassic.com

www.burmeseclassic.com



ထိုးဖောက်တိုက်ခိုက်ရန်ပင်ဖြစ်သည်။ စစ်ရေးအစီအစဉ်မှာ ဩဂုတ်လ ၃၀ ရက်နှင့် ၃၁ ရက်နေ့တွင် ရန်သူမိုင်းကွင်းများ၏ တောင်ဘက်အစွန်းဘက်တွင် ခြေလျင်တပ်များက မိုင်းရှင်းကာ လမ်းတွင်သွားပြီးနောက် ဩဂုတ်လ ၃၁ ရက်နေ့ အရုဏ်ဦးအချိန်တွင် အာဖရိကတပ်မကြီးက ယှဉ်းလမ်းကြောင်းအတိုင်း နောက်မှ လိုက်ပါချီတက်တိုက်ခိုက်မည်ဖြစ်သည်။



မကွယ်လွန်မီရက်ပိုင်းအလိုက ဟစ်တလာနှင့် သူ၏ဇနီး အီဗာဘရောင်းတို့ကို တွေ့မြင်ရစဉ်။

ဩဂုတ်လ ၃၁ ရက်နေ့ညနှင့် စက်တင်ဘာလ ၁ ရက်နေ့များတွင် မဟာမိတ်လေယာဉ်များသည် ရိုးမဲလ်၏ တပ်များကို လေကြောင်းမှ အပြင်းအထန်တိုက်ခဲ့မှုကြောင့် ရိုးမဲလ်သည် သူ၏ မူလထိုးစစ် စီမံချက်အတိုင်း ဆက်လက်မဆောင်ရွက်နိုင်တော့ဘဲ အလန်အလ်ဟာယ်မာတောင်ကြောကို သိမ်းပိုက်နိုင်ရေးအတွက်သာ အားသွန်ခွန်စိုက် ဆက်လက် ထိုးဖောက်တိုက်ခိုက်စေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာလ ၂ ရက်နေ့တွင် ရိုးမဲလ်သည် ထိုးစစ်ကို ဆက်လက်ဆင်နွှဲခဲ့သော်လည်း လေကြောင်းမှ အပြင်းအထန် အတိုက်ခံနေမှုနှင့် လောင်စာဆီ မလုံလောက်မှုတို့ကြောင့် တပ်များကို ပြန်လည်ဆုတ်ခွာရန် အမိန့်ပေးခဲ့သည်။

ယင်းထိုးစစ်ကြီးတွင် ရိုးမဲလ်ဘက်မှ သေကြေဒဏ်ရ ပျောက်ဆုံးသူ အင်အား ၃၀၀၀ ခန့်ရှိပြီး၊ တင့်ကားအစီး ၅၀၊ အမြောက် ၁၅ လက်၊ တင့်ကားပစ်အမြောက် ၃၅ လက်နှင့် ဝန်တင်ကားအစီး ၄၀၀ ဆုံးရှုံးခဲ့ပြီး မွန်ဂိုမာရီဘက်မှ သေကြေသူဒဏ်ရာရသူ ၁၆၄၀ နှင့် တင့်ကား ၆၈ စီး၊ တင့်ကားပစ်အမြောက် ၁၈ လက် ပျက်စီးသွားခဲ့ရသည်။

ရိုးမဲလ်က သူ၏ထိုးစစ် အရေးနိမ့်ခဲ့ခြင်းသည် စူးအက်တူးမြောင်းကို သိမ်းပိုက်အခွင့်အရေးကိုလည်း လက်လွှတ်ခဲ့ရသည်ဟု ဆိုသည်။

ထို့နောက် မဟာမိတ်တပ်များသည် မြောက်အာဖရိက ကမ်းတက်စစ်ဆင်ရေးကို ၁၉၄၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် စတင်ရန် သတ်မှတ်ထားရာ အလာမိန်းစစ်မျက်နှာတွင် ရှိနေသော အမှတ် ၈ တပ်မတော်အဖို့ မိမိတို့ ရင်ဆိုင်နေကြရသော ဝင်ရိုးတန်း တပ်များကို ယင်းစစ်ဆင်ရေးမစတင်မီ ချေမှုန်းထားရမည်ဖြစ်သည်။

ဤသို့ဖြင့် အောက်တိုဘာလ ၂၃ ရက်နေ့ ည ၉ နာရီ မိနစ် ၄၀ တွင် ထိုးစစ်ကို စတင်ခဲ့ရာ ရိုးမဲလ်တပ်များ ကစဉ့်ကလျား ဖြစ်သွားခဲ့ရသည်။ အမြောက်များဖြင့် အပြင်းအထန် ပစ်ခတ်ခံရမှုကြောင့် ဆက်သွယ်ရေးလမ်းကြောင်းများလည်း ပြတ်တောက်သွားခဲ့ရသည်။

သို့ဖြင့် အလာမိန်းတိုက်ပွဲတွင် ဖီးမာရှယ် ရိုးမဲလ်၏ ဝင်ရိုးတန်း တပ်များသည် စားရေရိက္ခာ၊ လောင်စာ၊ ခဲယမ်းမီးကျောက်ချို့တဲ့မှုကြောင့် မဟာမိတ်တပ်များကို အရေးနိမ့်ကာ နိုဝင်ဘာ ၃ ရက်နေ့တွင် ဆုတ်ခွာသွားခဲ့ရသည်။

ယင်းသို့ မြောက်အာဖရိကတွင် ရိုးမဲလ်တပ်များနှင့် မဟာမိတ်တပ်များ သဲသဲမဲမဲ တိုက်နေစဉ်အတွင်း ဥရောပတိုက်တွင်လည်း ဂျာမန်တပ်များနှင့် ဆိုဗီယက်တပ်များ ဆောင်းရာသီထိုးစစ်ကို ဆင်နွှဲလျက်ရှိသည်။ ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး မိုလိုတော့သည် ၁၉၄၂ မေလတွင် လန်ဒန်နှင့် ဝါရှင်

www.burmeseclassic.com

www.burmeseclassic.com



တန်မြို့တော်များသို့ သွားရောက်ပြီးလျှင် ဒုတိယစစ်မျက်နှာ ဖွင့်လှစ်ရေးကို ဆွေးနွေးသည်။

၁၉၄၂ ခုနှစ်မစ၍ ဗြိတိသျှလေတပ်မတော်သည် ဂျာမန်စက်မှုလက်မှု အလုပ်ရုံကြီးများကို အပြင်းအထန် ဗုံးကြဲခဲ့လေသည်။ မေလတွင် ကိုလုန်းမြို့ပေါ်သို့ လေယာဉ်အစီး ၁၀၀၀ ကျော်ဖြင့် သွားရောက်ဗုံးကြဲဖျက်ဆီးခဲ့သည်။ တစ်နေ့လုံးပင် ဗြိတိသျှလေတပ်သည် ဂျာမန်၏ စခန်းများ၊ အလုပ်ရုံစက်ရုံများကို စနစ်တကျ ဗုံးကြဲတိုက်ခိုက်ဖျက်ဆီးခဲ့လေသည်။

၁၉၄၂ ခုနှစ်၊ နိုဝင်ဘာလတွင် ဆိုဗီယက်တပ်နီတို့သည် တန်ပြန်ထိုးစစ်ဆင်ပြီးလျှင် စတာလင်ဂရက်နှင့် မော်စကိုမြို့အကြားရှိ ဂျာမန်စစ်ကြောင်းကို ဝိုင်းမိကာ ချေမှုန်းပစ်နိုင်ခဲ့လေသည်။ ဂျာမန်တို့ သိမ်းပိုက်ထားသော မြို့များစွာကိုလည်း ပြန်လည်ရရှိသည်။ ၁၉၄၂ တွင် စမိုလင့်၊ ခါခေါ့ စသောမြို့များကို ဂျာမန်တို့လက်မှ ပြန်လည်ရရှိလေသည်။

## ဒီဒေးခေါ် နော်မန်ဒီ ကမ်းတက်တိုက်ပွဲ

၁၉၄၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အမေရိကန်ဗိုလ်ချုပ်ကြီး အိုင်စင်ဟောင်ဝါ ဦးစီးသော မဟာမိတ်တပ်ပေါင်းစုသည် ပြင်သစ်နိုင်ငံ အနောက်မြောက်ပိုင်း နော်မန်ဒီဒေသရှိ ဒူတာကမ်းခြေ၊ အိုမာဟာ ကမ်းခြေ၊ ဂိုးလ်ကမ်းခြေ၊ ဂျူဒိုကမ်းခြေနှင့် ဆိုဒ်ကမ်းခြေများတွင် ကမ်းတက်တိုက်ခိုက်ခဲ့ကြသည်။ ရက်သတ္တပတ် ၁၀ ပတ်ကြာသော အဆိုပါ နော်မန်ဒီတိုက်ပွဲသည် ဒုတိယကမ္ဘာစစ်ကို အဆုံးအဖြတ်ပေးသော တိုက်ပွဲများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ စစ်သည်အင်အား ၅ သိန်းရှိသော အမှတ် (၇)ဂျာမန်တပ်တော်ကို အပြင်းအထန် တိုက်ခိုက်ရသော တိုက်ပွဲကြီးဖြစ်သည်။

နော်မန်ဒီကမ်းတိုက်ပွဲ ဆင်နွှဲရန်အတွက် ၁၉၄၃ ဇန်နဝါရီလတွင် မော်ရိုကိုနိုင်ငံ ကာဆာဘလန်ကာမြို့၌ ကျင်းပသော ပူးတွဲမဟာမိတ်စစ်ဦးစီးချုပ်များ အစည်းအဝေးမှ ပေါင်းစည်းထိုးစစ်ဆင် ဗုံးကြဲတိုက်ခိုက်ရေး လမ်းညွှန်ချက်ကို ချမှတ်ပေးခဲ့သည်။ ယင်းထိုးစစ်၏ အဓိကရည်မှတ်များမှာ ဂျာမန်တို့၏ စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ဂျာမန်ပြည်သူလူထု၏ စိတ်ဓာတ်ပျက်ပြားစေရေးတို့ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါလမ်းညွှန်ချက်အရ မဟာမိတ်လေယာဉ်များသည် ဂျာမန်တို့၏ ရေငုပ်သင်္ဘောတည်ဆောက်သည့် သင်္ဘောကျင်းများ၊ လေယာဉ်စက်ရုံများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ရေနံချက်လုပ်ငန်းများနှင့် အခြားစစ်ဘက်ဆိုင်ရာ စက်မှုလုပ်ငန်းများကို အာရုံစူးစိုက်၍ ဗုံးကြဲတိုက်ခိုက်ခဲ့ကြသည်။ သတ်မှတ်ထားသည့် ဇွန်လ ၆ ရက်နေ့ စစ်ဆင်ရေးမတိုင်မီ ၃ လအတွင်း နော်မန်ဒီဒေသရှိ ဂျာမန်စစ်စခန်းများပေါ်သို့ မဟာမိတ်တို့က ကြဲချခဲ့သော ဗုံးတန်ချိန်စုစုပေါင်းမှာ ၆၆၀၀၀ ရှိသည်။

၁၉၄၃ ခုနှစ် ကုန်ဆုံးချိန်တွင် ဥရောပတိုက်ကို သိမ်းပိုက်ရေးအတွက် ဦးစီးကွပ်ကဲမည့် မဟာမိတ်စစ်ဦးစီးချုပ်များကို ခန့်အပ်ခဲ့သည်။ မဟာမိတ်တပ်ပေါင်းစု စစ်ဌာနချုပ်၏ စစ်သေနာပတိချုပ်အဖြစ် အမေရိကန်မှ ဗိုလ်ချုပ်ကြီး အိုင်စင်ဟောင်ဝါ (Gen. Eisenhower) ကို ခန့်အပ်ခဲ့သည်။ ယင်း၏လက်အောက်တွင် ဒုတိယစစ်သေနာပတိချုပ်အဖြစ် ဗြိတိသျှလေတပ်ဗိုလ်ချုပ်ကြီး ဆာအာသာတက်ဒါ (Air Chief Marshal Sir Arther Tedder) အားလည်းကောင်း၊ စစ်ဦးစီးချုပ်အဖြစ် ဒုတိယဗိုလ်ချုပ်ကြီး ဘက်ဒဲလ်စမစ် (Lt. Gen. Bedell Smith) အားလည်းကောင်း ခန့်အပ်လိုက်သည်။

အဆိုပါစစ်ဆင်ရေးတွင် အင်္ဂလိပ်ရေလက်ကြားကို ဖြတ်ကျော်ရေးအပိုင်းအတွက် တာဝန်ပေးအပ်ခံရသော စစ်ဦးစီးချုပ်များမှာ ဗြိတိသျှရေတပ်ဗိုလ်ချုပ် ဆာဘာထရမ်ရင်းမ်ဆေး၊ ဗိုလ်ချုပ်ကြီး ဆာဘားနဒ်မွန်ဂိုမာရီနှင့် လေတပ်ဗိုလ်ချုပ်ကြီး ဆာထရက်ဖို့လီမယ်လိုရီ (Gen. Sir Trafford Leigh Mallory) တို့ဖြစ်ကြသည်။

တိုက်ခိုက်ရေးတာဝန်အတွက် ရွေးချယ်လိုက်သော တပ်တော် (၂) ခုမှာ ဒုတိယဗိုလ်ချုပ်ကြီး အိုမာဘရက်ဒလေ (Lt. Gen. Omar Bradley) ကွပ်ကဲသည့် အမေရိကန် အမှတ် ၁ တပ်မတော်နှင့် ဗိုလ်ချုပ်ကြီး မိုင်းလ်ဒင်းမ်ဆေး (Gen. Miles Dempsey) ကွပ်ကဲသည့် ဗြိတိသျှ အမှတ် ၂ တပ်တော်တို့ဖြစ်ကြသည်။ ဗိုလ်ချုပ်ကြီး အိုင်စင်ဟောင်ဝါ ဦးစီးသည့် မဟာမိတ်စစ်အင်အား စုစုပေါင်းမှာ စစ်သည် ၂ သိန်း ၈ သောင်းကျော်၊ သင်္ဘောအစင်း ၅၀၀၀ ကျော်နှင့် လေယာဉ်အစင်း ၁၁၀၀၀ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com





ဟစ်တလာ၏ ကိုယ်ရံတော်။

အနောက်ဥရောပစစ်မျက်နှာတွင် ဂျာမန်တပ်များကို ကွပ်ကဲနေသည့် ...်သေနာပတိမှာ ဖီးလ်မာရှယ်ဗွန်ရန်းစတက်(Field Marshal von undstedt) ဖြစ်သည်။ ယင်း၏လက်အောက်တွင် ပြင်သစ်၊ ဘဲလ်ဂျီယမ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် နယ်သာလန်နိုင်ငံတို့ကို သိမ်းပိုက်ထားသည့် တပ်မပေါင်း ၆၀ ရှိပြီး၊ ယင်းတွင် သံချပ်ကာတပ်မ (၁၁) ခုပါဝင်သည်။

ဖီးလ်မာရှယ်ရန်းစတက်က ဂျာမန်တပ်မများကို အလွန်အမင်း တိုးချဲ့ထားလွန်းသည်ဟု ယူဆကာ တပ်ဖွဲ့အချို့ကို ဂျာမနီနိုင်ငံ ရှေ့တန်းစစ်မျက်နှာသို့ ရွှေ့ပြောင်းရန် အကြံပေးခဲ့သည်။ သို့ရာတွင် အဆိုပါအကြံပေးချက်ကို ဟစ်တလာက ကောင်းစွာ လက်မခံဘဲ ပြင်သစ်နိုင်ငံရှိ ဂျာမန်တပ်များကို ကွပ်ကဲရန် ၁၉၄၄၊ ဖေဖော်ဝါရီလတွင် ဖီးလ်မာရှယ်အာဝင်ရွမ်းမဲလ်(Field Marshal Erwin Rommel) ကို ခန့်အပ်တာဝန်ပေးအပ်ခဲ့သည်။ ဖီးလ်မာရှယ်ရန်းစတက်ကိုမူ အနောက်ဥရောပစစ်မျက်နှာတစ်ခုလုံး၏ စစ်သေနာပတိအဖြစ် ဆက်လက်ထားရှိသည်။

ရွမ်းမဲလ် ရောက်လာချိန်မှစ၍ ကာကွယ်ရေးလုပ်ငန်း အများအပြားကို စတင်ဆောင်ရွက်သည်။ သို့ရာတွင် ဂျာမန်တို့သည် မဟာမိတ်တပ်များ မည်သည့်ဘက်မှ ဝင်တိုက်လိမ့်မည်ဟူသော ယူဆချက်တွင်လည်းကောင်း၊ ဝင်ရောက်လာသော မဟာမိတ်တို့ကို မည်သို့ ရင်ဆိုင်ရမည်ဟူသော ယူဆချက်တွင်လည်းကောင်း သဘောကွဲပြားလျက်ရှိသည်။ မဟာမိတ်တို့သည် ပါ့စ်ဒီကာလေ့(Pas de Calais) ဒေသဘက်မှသာ ဝင်ရောက်တိုက်ခိုက်လိမ့်မည်ဟူသော ယူဆချက်ကို ဖီး[illegible]ရှယ်ရန်းစတက်က ယုံကြည်လက်ခံထားသည်။ သို့ရာတွင် ရွမ်းမဲလ်က ထိုအယူအဆကို လက်မခံချေ။ နွေဦးပေါက်ချိန်တွင် မဟာမိတ်တို့ အဓိကဝင်တိုက်မည့်နေရာမှာ နော်မန်ဒီဒေသဖြစ်သည်ကို ရွမ်းမဲလ်သည် အခိုင်အမာ တွက်ဆထားသည်။ သို့ရာတွင် ဟစ်တလာအပါအဝင် စစ်ဗိုလ်ချုပ်အချို့က ပါ့စ်ဒီကာလေ့ဒေသဘက်မှသာ ဝင်တိုက်လိမ့်မည်ဟု မျှော်လင့်ထားဆဲရှိသည်။

ရန်းစတက်၏ မဟာဗျူဟာမှာ ရန်သူတို့ ကမ်းပေါ်သို့ရောက်ပြီးမှ တန်ပြန်တိုက်ခိုက်ပြီး ပင်လယ်တွင်းသို့ ပြန်လည်မောင်းထုတ်ရန် ဖြစ်သည်။ သို့ရာတွင် မြောက်အာဖရိက စစ္စလီနှင့် အီတလီတို့မှာကဲ့သို့ပင် ပြင်သစ်တွင်လည်း မဟာမိတ်တို့သည် ခြေကုတ်တစ်ခုရသွားသည်နှင့် ပြန်လည်တိုက်ထုတ်၍ ရနိုင်မည်မဟုတ်ဟု ရွမ်းမဲလ်က ယုံကြည်ထားသည်။ ထို့ကြောင့် ရွမ်းမဲလ်က မဟာမိတ်တို့ မဝင်နိုင်အောင် ကမ်းရိုးတန်းနှင့် ကမ်းခြေများကို မိုင်းထောင်၍ ကမ်းပေါ်မတက်နိုင်မီ ကြိုတင်တိုက်ခိုက်ရေး

www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်ကို ဘင်ပြသည်။ ဟစ်တလာက ယင်းအစီအစဉ်ကို လက်ခံခဲ့ပြီးနောက် ရွန်းမဲလ်အား ရန်စတက်၏လက်အောက်တွင်ပင် နယ်သာလန်မှ ဗြိတန်နီဒေသသို့ ပြောင်းရွှေ့နေရာချထားသည့် ဂျာမန်တပ်တော်စုကို ကွပ်ကဲရန် တာဝန်ပေးခဲ့သည်။



ဟစ်တလာ၏ညာလက်ရုံး မာတင်ဘောလ်မန်း

www.burmeseclassic.com

www.burmeseclassic.com





ဓာတင်ဘောလ်မန်း၏
ဦးခေါင်းခွံ။

မဟာမိတ်တို့ ဝင်တိုက်မည့်အချိန်တွင် ရန်းစတက်လက်အောက်ရှိ တပ်မပေါင်း ၆၀ အနက် ရှန်းမဲလ်အတွက် တပ်မ (၄၃) ခုအနက် (၁၈) ခုသာ နော်မန်ဒီတွင်ရှိပြီး၊ နယ်သာလန်တွင် ၅ ခု၊ ရေလက်ကြားကျွန်းတွင် (၁) ခုနှင့် ဘဲလ်ဂျီယမ်နှင့် ပြင်သစ်နိုင်ငံ ဘောင်းမ်ဒေသအရှေ့ဘက်တို့တွင် တပ်မ (၁၉) ခုထက် မနည်းရှိနေကြသည်။ ပြင်သစ်နိုင်ငံတွင် အခြေစိုက်ထားသည့် တိုက်လေယာဉ်များပါလှည်း အပိုပစ္စည်းများ၊ လောင်စာဆီနှင့် လေ့ကျင့်ပြီး လေယာဉ်မှူးများ မလုံလောက်မှုကြောင့် အစင်း ၂၀၀ သာတိုက်ပွဲနိုင်သည့် အခြေအနေရှိသည်။

ဂျာမန်ဗိုလ်ချုပ်အများစုက ပါ့စ်ဒီကာလေ့စ်ဒေသဘက်မှ မဟာမိတ်တို့ ဝင်တိုက်လိမ့်မည်ဟု မှားယွင်း၍ မျှော်လင့်ထားသည့်အတိုင်း ဗြိတိန်နိုင်ငံနှင့် အနီးကပ်ဆုံး ကမ်းရိုးတန်းမျဉ်းကြောင်းရှိပြီး၊ ဂျာမနီနိုင်ငံအတွင်းသို့ အနီးကပ်ဆုံး ဝင်ရောက်နိုင်သည့် လမ်းများတွင် အင်အားတောင့်တင်းသည့် ဂျာမန်အမှတ် ၁၅ တပ်တော်ကို စုပြုံ၍ တပ်စွဲထားသည်။

၁၉၄၄ မေလတွင် စိန်းမြစ်၊ အွိုက်စ်မြစ်နှင့် မီးယုစ်မြစ်များရှိ တံတားများကို မဟာမိတ်တို့ လေကြောင်းမှ အပြင်းအထန် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

ထိုအတောအတွင်း ဗိုလ်ချုပ်ကြီး အိုင်စင်ဟောင်ဝါသည် ၁၉၄၄၊ ဇွန်လ ၅ ရက်နေ့ကို စစ်ဆင်ရေးနေ့အဖြစ် ယရက်(D-Day) သတ်မှတ်လိုက်သည်။ သို့ရာတွင် ရာသီဥတုဆိုးရွားမှုကြောင့် ဇွန်လ ၆ ရက်နေ့ ပြောင်းရွှေ့သတ်မှတ်လိုက်သည်။

ဇွန်လ ၅ ရက်နေ့ ညပိုင်းတွင် အင်္ဂလိပ်ရေလက်ကြား၌ တစ်နာရီလျှင် ရေမိုင် ၁၅ မိုင်မှ မိုင် ၂၀ အထိ လေထန်၍ လှိုင်းကြီးနေသည့်ကြားမှ ကမ်းတက်တိုက်ခိုက်မည့် ရေတပ်များ၊ မိုင်းရှင်းသင်္ဘောများက ချီတက်လာခဲ့သည်။ ဇွန်လ ၆ ရက်နေ့၊ နံနက် ၂ နာရီတွင် ဗြိတိသျှဘုရင့်လေတပ်မတော် ဗုံးကြဲလေယာဉ်များက နော်မန်ဒီကမ်းရိုးတန်းတလျှောက်

www.burmeseclassic.com



ရှိ ဂျာမန်အမြောက်တပ်စုများနှင့် အခြားပစ်မှတ်များကို ဗုံးကြဲတိုက်ခိုက်ကြ သည်။

ဂျာမန်တို့သည် ပြင်သစ်နိုင်ငံတွင် လေယာဉ်အလုံအလောက်မရှိ၍ လေကြောင်းကင်းထောက်ပျံသန်းမှု ကောင်းစွာ မလုပ်နိုင်သောကြောင့် မဟာမိတ်တပ်များ ဝင်ရောက်တိုက်ခိုက်မှုကို ကြိုတင် မသိခဲ့ကြချေ။ ထို့ပြင် ဂျာမန်တို့က ရာသီဥတု ဆိုးရွားပြင်းထန်နေချိန်ဖြစ်၍ မဟာမိတ်တို့ ဝင်ရောက် တိုက်ခိုက်ရန် ကြိုးပမ်းလိမ့်မည်မဟုတ်ဟု ယူဆခဲ့ကြသည်။



နံနက် ၅ နာရီ မိနစ် ၅၀ တွင် မဟာမိတ်ရေတပ်မှ လေယာဉ်များက စတင် ဗုံးကြဲတိုက်ခိုက်ခြင်းဖြင့် ဂျာမန်တို့ မိုင်းထောင်ထားသော နေရာများ ကို ဖောက်ခွဲပစ်နိုင်ခဲ့သည်သာမက ကာကွယ်ရေးအဆောက်အအုံ အများ အပြားကိုလည်း ဖြိုဖျက်ပစ်နိုင်ခဲ့သည်။

ဇွန်လ ၆ ရက်နေ့ သတ်မှတ်ထားသည့်စစ်ဆင်ရေး နာရီ (နံနက် ၆ နာရီ ၃၀ မိနစ်)တွင် အမေရိကန်တပ်များသည် အိုမာဟာနှင့် ယူတာ ကမ်းခြေများပေါ်သို့ ဆင်းသက်ကြသည်။ ယူတာကမ်းခြေသို့ တက်ရောက် သော အမှတ် ၇ တပ်မကြီးမှ အမှတ် ၄ တပ်မသည် ဂျာမန်တို့၏ ခုခံ ပစ်ခတ်မှုအနည်းကိုသာ ကြုံတွေ့ခဲ့ရသည်။ ၃ နာရီအတွင်း ကမ်းခြေကို ရှင်းလင်းနိုင်ခဲ့ပြီး၊ ဆက်လက်တပ်များနှင့် ရိက္ခာများလည်း အခက်အခဲမရှိ ဆိုက်ရောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အုတာကမ်းခြေမှတစ်ပါး ကမ်းခြေအားလုံးတွင် ဂျာမန်တို့၏ ခုခံမှု အင်အားကောင်းသော်လည်း တန်ပြန်တိုက်ခိုက်မှု လုံးဝမရှိဘဲ 'ယ' ရက် ကုန်ဆုံးသွားခဲ့သည်။ 'ယ' ရက်ကုန်ဆုံးချိန်တွင် မဟာမိတ်တို့သည် ဥရောပ တိုက်ပေါ်တွင် ခိုင်မာသောခြေကုတ်စခန်းများ တည်ဆောက်နိုင်ခဲ့သည်။ အုတာကမ်းခြေတွင် ထိခိုက်မှုအနည်းဆုံးဖြစ်ပြီး၊ စစ်သည် ၂၀၀ ခန့်သာ ကျဆုံးခဲ့သည်။ သို့သော်ကမ်းခြေ၏ နောက်ဘက်သို့ ဆင်းသက်သော လေ ကြောင်းချီတပ်မများမှ စစ်သည် ၂၄၉၉ လောက် ဆုံးရှုံးခဲ့သည်။ အိုမာဟာ ကမ်းခြေတွင် အမေရိကန်စစ်သည် ၂၀၀၀၊ ဗြိတိသျှနှင့် ကနေဒါစစ်သည် ၄၀၀၀ ခန့် ကျဆုံးခဲ့ရသည်။

ပြင်သစ်နိုင်ငံမှ မြောက်ပိုင်းရှိ မဟာမိတ်တို့၏ မြေပြင်တပ်ဖွဲ့အား လုံးကို ကွပ်ကဲနေသည့် ဖီးလ်မာရှယ်မွန်ဂိုမာရီသည် ဂျာမန်တို့အား ဝဲယာနှစ် ဘက် ညှပ်တိုက်၍ စိန့်လိုမြို့ကို ပြန်လည်သိမ်းပိုက်ခဲ့သည်။

ဂျာမန်တို့သည် အခြေအနေကိုပြန်လည်ထိန်းသိမ်း၊ ဖီးလ်မာရှယ် ရန်းဒတက်နှင့် ရွန်းမဲလ်တို့နေရာတွင် ဖီးလ်မာရှယ်ဖွန်ကလပ်ချ်(Field Marchal von Kluge) ကို တာဝန်ပေးလိုက်သည်။ ဟစ်တလာသည် ဇူလိုင်လ ၁ ရက်နေ့တွင် ရန်းစတက်ကို ရာထူးမှ ထုတ်ပယ်ပြီး မကြာမီမှာ ပင် ရွန်းမဲလ်မှာ ရန်သူလေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရပြီး တိုက်ပွဲ မှ ထွက်သွားခဲ့ရသည်။

ကလပ်ချ်သည် ဟစ်တလာ၏ အမိန့်အရ ဩဂုတ်လ ၇ ရက်နေ့တွင် မော်တန်း(Mortain) မြို့ကို တိုက်ခိုက်သည်။ ရည်ရွယ်ချက်မှာ ကိုတင် တင်းကျွန်းဆွယ်ရှိ မဟာမိတ်တို့၏ အခြေစိုက်စခန်းနှင့် ဗိုလ်ချုပ်ကြီး ပက် တွန်(Gen. Patton) ၏ အဆက်အသွယ်များကို ဖြတ်တောက်ရန်ဖြစ်သည်။ သို့ရာတွင် အဆိုပါတိုက်ခိုက်မှုကို ဒုတိယဗိုလ်ချုပ်ကြီး ဟော့ဂျက်စ်(Lt. Gen. C.H. Hodges) ၏ အမှတ် ၁ တပ်တော်က ၅ ရက်တိုင်တိုင် ပြန်လည်တိုက်ခိုက်အနိုင်ရသဖြင့် ဂျာမန်တို့ ဖာလေ့စ်မြို့သို့ ဆုတ်ခွာသွားရ သည်။

၁၉၄၄၊ ဩဂုတ်လ ၁၇ တွင် ကနေဒါတပ်များက ဖာလေ့စ်မြို့ကို လည်းကောင်း၊ အမေရိကန်တပ်များက အာဂျင်တန်မြို့ကိုလည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်ရပြီးနောက် ဂျာမန် ဖီးလ်မာရှယ်ဖွန်ကလပ်ချ်သည် ရာထူးမှ ထုတ်ပယ်ခံရသည်။ ဂျာမန်တို့သည် ဖာလေ့စ်မြို့နှင့် အာဂျင်တန်မြို့များအကြားရှိ ထွက်ပေါက်မှ ပြန်လည်ဆုတ်ခွာရန် ကြိုးပမ်းသော်လည်း၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ထွက်ပေါက်ပိတ်သွားပြီး ဂျာမန်စစ်သည် ၆၀,၀၀၀ ခန့် ဖမ်းဆီးခံခဲ့ရသည်။ ထိုသို့ဖြင့် နော်မန်ဒီ ကမ်းတက်တိုက်ပွဲ ပြီးဆုံးသွားပြီး၊ မဟာမိတ်တပ်များ ခုခံမှု အနည်းငယ်မျှဖြင့် ပြင်သစ်နိုင်ငံတစ်ဝှမ်းလုံးသို့ ပြန့်နှံ့ရောက်ရှိသွားသည်။ ထို့နောက် မဟာမိတ်၏တပ်များ ပြင်သစ်နိုင်ငံ ပါရီမြို့ကို ဩဂုတ်လ ၁၅ ရက်နေ့တွင် ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ဂျာမန် ဖီးလ်မာရှယ်ဖွန်ကလာပ်ချ်သည် မိမိကိုယ်မိမိ သတ်သေလိုက်ပြီး၊ ၁၉၄၄၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် ဟစ်တလာကို လုပ်ကြံရာတွင် ဖီးလ်မာရှယ်ရွှန်းမဲလ် ပါဝင်သည်ဟု သင်္ကာမကင်းခံရကာ အောက်တိုဘာ ၁၆ ရက်နေ့တွင် မိမိကိုယ်မိမိ သတ်သေခိုင်းခြင်းခံရကာ သေဆုံးသွားခဲ့လေသည်။

မဟာမိတ်တပ်ပေါင်းစုသည် ဆုတ်ခွာလျက်ရှိသော ဂျာမန်တပ်များကို လိုက်လံတိုက်ခိုက်ရင်း ရှေ့သို့ အလျှင်အမြန် ချီတက်လျက် ဘဲလ်ဂျီယံ၊ လူဇင်ဘတ်၊ နယ်သာလန် စသော နိုင်ငံများကို ဂျာမန်တို့ဘက်မှ ကယ်တင်လိုက်ကြသည်။ အင်္ဂလိပ်ရေလက်ကြားကိုလည်း ပြန်လည်စိုးမိုးနိုင်လေသည်။

ဂျာမန်တပ်များမှာ ပြင်သစ်နိုင်ငံမှ တဖြေးဖြေး မောင်းထုတ်ခြင်းခံနေရသည်။ ၁၉၄၅ ခုနှစ်ဆန်းစတွင် ဆိုဗီယက်တပ်များက ပိုလန်နှင့် ဟော်လစတစ်နိုင်ငံများကို ဂျာမန်တို့လက်မှ ကယ်တင်လိုက်နိုင်ခဲ့သည်။ ယူဂိုစလားဗီးယားတွင်ကား မာရှယ်တီးတိုး(Marshal Teto) ဦးဆောင်သော ပြောက်ကျားတော်လှန်ရေးတပ်သားများသည် ဖက်ဆစ်တို့ကို တွန်းလှန်လျက်ရှိသည်။ ဂရိနိုင်ငံကိုလည်း ၁၉၄၄ ခုနှစ်၊ နိုဝင်ဘာလတွင် ကယ်တင်နိုင်ခဲ့သည်။ ထို့နောက် အမေရိကန်သမ္မတ ရုစဘဲ့၊ ဗြိတိသျှဝန်ကြီးချုပ် ချာချီနှင့် ဆိုဗီယက်ခေါင်းဆောင် စတာလင်တို့ ၁၉၄၅ ဖေဖော်ဝါရီ ၄ ရက်မှ ၁၁ ရက်နေ့အထိ ကရိုင်းမီးယားနယ် သော်တာကမ်းခြေ၌ တွေ့ဆုံ၍ ဂျာမနီနိုင်ငံ ချေမှုန်းတိုက်ခိုက်ရေး အပြီးသတ်အစီအစဉ်ကို ချမှတ်ခဲ့သည်။ စစ်ပြီးပါက ဂျာမနီတပ်အားလုံးကို ဖျက်သိမ်း၍ စစ်လက်နက်ပစ္စည်းများကို

www.burmeseclassic.com

www.burmeseclassic.com



ဖျက်ဆီးရန်နှင့် စစ်ရာဇဝတ်ကောင်များကို အပြစ်ပေးရေးကို ဆွေးနွေးခဲ့ကြသည်။

၁၉၄၅ ခုနှစ်၊ နွေဦးတွင် မဟာမိတ်တပ်ပေါင်းစုသည် ဂျာမနီတွင် အပြင်းအထန် ထိုးစစ်ဆင်ကာ ရိုင်းမြစ်ကို ဖြတ်ကူး၍ ဂျာမန်မြို့ကြီးများကို တစ်ခုပြီးတစ်ခု သိမ်းပိုက်နိုင်ခဲ့သည်။ ၁၉၄၅၊ ဧပြီလ ၂၁ ရက်နေ့တွင် အရှေ့ဘက်မှ အောင်ပွဲဆင်လျက်ရှိသည့် ဆိုဗီယက်တပ်နီတော်သည် ဘာလင်မြို့ထဲသို့ ပထမဆုံးဝင်ရောက်ခဲ့သည်။ သို့ရာတွင် ဟစ်တလာကား လက်မလျှော့သေးချေ။ ကြွင်းကျန်နေသေးသော မြို့စောင့်တပ်အင်အားနှင့် အပြင်းအထန် ခုခံလျက်ရှိသေးသည်။ အရှေ့ဘက်သို့ ချီတက်လျက်ရှိသော အမေရိကန်တပ်များနှင့် အနောက်သို့ ချီတက်လျက်ရှိသော ဆိုဗီယက်တပ်များသည် အယ်လ်ဘီမြစ်ကမ်းပေါ်ရှိ 'တော်ဂို'မြို့၌ ၁၉၄၅၊ ဧပြီလ ၂၅ ရက်နေ့တွင် တွေ့ဆုံမိခဲ့ကြသည်။

မူဆိုလီနီသည် အကျဉ်းချခြင်းခံမှ ပြန်လည်လွတ်မြောက်ပြီးနောက် အာဏာပြန်ရအောင် ပြန်လည်လှုပ်ရှားဆောင်ရွက်ခဲ့သော်လည်း မအောင်မြင်ဘဲ ပြန်လည်အဖမ်းဆီးခံရသည်။ ထို့နောက် ၁၉၄၅၊ ဧပြီလ ၂၈ ရက်နေ့တွင် အီတလီဆက်ဆစ်ဆန့်ကျင်ရေး ပြောက်ကျားသမားများက အာဏာရှင်ဟောင်း မူဆိုလီနီအား မီလန်မြို့တွင် သုတ်သင်၍ ဓာတ်ဆီဆိုင်တွင် လင်ရောမယားပါ ဇောက်ထိုးတွဲလောင်းချထားခဲ့သည်။

ဝ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

## ဟစ်တလာ၏ နောက်ဆုံးနေ့

မူဆိုလီနီအသတ်ခံရပြီး ၂ ရက်အကြာ ၁၉၄၅၊ ဧပြီ ၃၀ ရက်နေ့ မွန်းလွဲပိုင်းတွင် ဟစ်တလာသည် ဇနီးဖြစ်သူ အီဗာဘရောင်းကို ဆိုင်နင်နိုက် (Cyanide) အဆိပ်ကို အတင်းသောက်ခိုင်း၍ သတ်ပစ်လိုက်လေသည်။ ၄င်းကိုယ်တိုင်ကမူ ဆိုင်နင်နိုက် အဆိပ်တောင့်ကို မျိုချပြီးမှ ပြန်ထွေးထုတ်ကာ သူ့ကိုယ်သူ ပစ္စတိုသေနတ်ဖြင့် သတ်သေသွားခဲ့လေသည်။

ထိုစဉ်က ဆိုဗီယက်တပ်နီတပ်များက ဘာလင်မြို့ကို သိမ်းပိုက်ရန် အပြင်းအထန်ကြိုးစားနေရာ အမြောက်သံများ တခုံးခုံးကြားနေရချိန်ဖြစ်သည်။ ဟစ်တလာအခန်းမှ သေနတ်သံကြားရပြီးနောက် ဟစ်တလာ၏ ကိုယ်ရေးအပါးတော်မြဲ ဟိုင်းန်လင့်ဂျ်(Heing Lingé) သည် ဟစ်တလာရှိရာ မြေပုံထားရာအခန်းသို့ ဝင်လိုက်၍ ဟစ်တလာသည် ဆိုဖာတစ်ခုပေါ်တွင် ထိုင်လျက်သား သေနေသည်ကို တွေ့ရလေသည်။

ဟစ်တလာသည် လက်ျာဘက်နားထင်တွင် မတ်စေ့ခန့်ရှိသော အပေါက်ငယ်တစ်ပေါက်ကို တွေ့ရသည်။ ထိုအပေါက်ငယ်မှနေ၍ သွေးများ ပါးပြင်ပေါ်သို့ ယိုစီးကျလျက်ရှိသည်။ ဟစ်တလာသည် ခပ်စောစောကပင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရံတော် ဟိုင်းန်လင့်ဂ် ထုတ်ပေးခဲ့သော စစ်ယူနီဖောင်းဝတ်စုံကို ဝတ်ဆင်ထားလျက်ရှိ၏။ ဝတ်စုံမှာ ခေါက်ရိုးပင်မကျေသေးပေ။ ဝေါလ်တာ (Walther) အမျိုးအစား ၇ ဒသမ ၆၅ ပစ္စတိုသေနတ်သည် ဟစ်တလာလက်ျာဘက်လက်မှ လွတ်ကျကာ ကြမ်းပြင်ပေါ်၌ရှိနေ၏။ ၆.၃၅ အမျိုးအစား ပစ္စတိုထစ်လက်မှာလည်း ပထမသေနတ်နှင့် အစ်ကိုက်ခန့်အကွာတွင် တွေ့ရလေသည်။

ဟစ်တလာ၏ဇနီး အီဗာဘရောင်း၏ အလောင်းမှာလည်း ဟစ်တလာနံဘေး၌ပင် ရှိနေ၏။ ဟိုင်နီးလင့်ဂ်အထင်အားဖြင့် အီဗာဘရောင်းသည် ဟစ်တလာထက် မိနစ်အနည်းငယ်ခန့်စောကာ သေဆုံးခဲ့ဟန်ရှိသည်ဟု ဆိုသည်။

ထိုနေ့ ခပ်စောစောပိုင်းကပင် ဟစ်တလာသည် သူ၏ အချစ်တော် အယ်ဆေးရှင်းအမျိုးအစားခွေးကြီး ဘလွန်ဒီ (Belondi) နှင့် အခြားလက်စသပ်မွေးထားသော ခွေးအားလုံးကို သုတ်သင်ခဲ့စေလေသည်။ ဟစ်တလာသည် ခွေးအလွန်ချစ်တတ်သူဖြစ်သည်။

ဟစ်တလာမသေဆုံးမီ ၅ ရက်အကြာ ဧပြီ ၂၅ ရက်တွင် ဟစ်တလာက ကိုယ်ရံတော် ဟိုင်းန်လင့်ဂ်အား မြေပုံခန်းသို့ ခေါ်ယူ၍ တွေ့ဆုံခဲ့သည်။ မြေပုံအခန်းကြီးမှာ ဟစ်တလာ၏ ဌာနချုပ်တည်ရာအခန်းလည်း ဖြစ်သည်။ စစ်ရေးစစ်ရာ မြေပုံများထားရာ အခန်းလည်းဖြစ်သည်။ စစ်ရေးနှင့်ပတ်သက်၍ ဆက်သွယ်ရေးဌာနချုပ်အဖွယ်လည်း ဖြစ်သည်။ ဘာလင်မြို့ကို ရန်သူများ ဝိုင်းလာသောအခါ၌ ဟစ်တလာသည် အချိန်ရှိသမျှလိုလိုပင် ထိုအခန်းမှနေ၍ စစ်ဆင်ရေးအမိန့်ကို တရစပ်ထုတ်ပြန်၍ ခုခံနေခဲ့သည်။

ဟိုင်းန်လင့်ဂ်အား ဟစ်တလာ ခေါ်ယူတွေ့ဆုံသော မွန်းလွဲပိုင်း၌ ဟစ်တလာသည် မြေပုံခန်း၌ရှိနေသည်။ သူသည် စားပွဲအနီးတွင် ကျောက်ရုပ်သဖွယ် ရပ်နေ၍နေ၏။ သူ့မျက်နှာမှာ ဖြူဖတ်ဖြူလျော်ဖြစ်နေသည်။ ဟစ်တလာသည် ဟိုင်းန်လင့်ဂ်အား နာဇီနှုတ်ဆက်နည်းဖြင့် လက်မြှောက်နှုတ်ဆက်ပြီးနောက်

"ဒီမှာလင့်ဂ်ျ..ငါဟာ မင်းကို တာဝန်ကထွက်သွားခွင့်ပေးချင်တယ်..။ ဒါ့ကြောင့် မင်း ငါ့အပေါ်က ထွက်သွားပြီး မင်းမိသားစုရှိရာ

www.burmeseclassic.com

www.burmeseclassic.com



ကို သွားနိုင်ပြီ''ဟုဆိုသည်။ လင့်ဂျ်က ''ခေါင်းဆောင်ကြီးခင်ဗျား ကျွန်တော်ဟာ ခေတ်ကောင်းစဉ်က ခေါင်းဆောင်ကြီးရဲ့အပါးမှာ အမြဲရှိနေခဲ့ပါတယ်။ ဒါကြောင့် ဘာတွေပဲဖြစ်ဖြစ် ကျွန်တော်ဟာ ခုချိန်မှာလည်း ခေါင်းဆောင်ကြီးရဲ့အပါးမှာပဲ ရှိနေချင်ပါတယ်'' ဟူ၍ ပြန်ပြောခဲ့သည်။

ဟစ်တလာ၏မျက်နှာတွင် အမူအရာမပြောင်းချေ။ သို့သော် လက်ကို မြှောက်မည့်ဟန်ပြု၍-

''အေးလေ ငါလည်း ဒီလိုပဲယူဆထားတယ်''ဟု ပြောလိုက်ပြီးနောက် အသံခပ်ပြတ်ပြတ်ဖြင့်-

''ငါ မင်းကို အထူးအမိန့်တစ်ရပ်ပေးရမယ်''ဟု ပြောလိုက်လေသည်။ ဆက်၍-

''ငါနဲ့ ဖရော်လိန်ဘရောင်း (အီဗာဘရောင်း)တို့ဟာ အတူတူသေကြဖို့ ဆုံးဖြတ်လိုက်ကြပြီ။ ဒီတော့ မင်းရဲ့တာဝန်က အဲဒါဟာ ငါ့အမိန့်ပဲ။ မင်းရဲ့တာဝန်ဟာ တို့ရဲ့အလောင်းတွေကို မီးရှို့အစဖျောက်ပစ်ဖို့ပဲ။ တို့ကို ဘယ်သူတွေကမှ မမှတ်မိစေရဘူး၊ ခါတ်ဆီ လုံလုံလောက်လောက်ရအောင် ရှာထားပါ။ တို့နှစ်ယောက်ရဲ့ အလောင်းတွေကို စောင်နဲ့ပတ်ပြီး၊ ဓါတ်ဆီလောင်း မီးရှို့ပါ။ မီးရှို့ပြီးရင် ငါနေတဲ့အခန်းကိုသွားပြီး ငါ့ကို အမှတ်ရစေနိုင်မဲ့ ပစ္စည်းအားလုံးကို မင်းသိမ်းပါ။ ငါ့ရဲ့ စစ်ဝတ်စုံတွေ၊ စာရွက်စာတမ်း ဒိုင်ယာရီတွေ၊ ငါ အသုံးပြုသမျှပစ္စည်းဆိုရင် အားလုံးပဲယူပါ။ လူထုက 'ဟစ်တလာပိုင်ပစ္စည်း'လို့ ပြောနိုင်တဲ့ပစ္စည်းမှန်သမျှကို မင်း ပြီးတော့ အားလုံးကို မီးရှို့ပစ်ပါ။ ဒါပေမဲ့ ငါ့စားပွဲအပေါ်ဘက်မှာ ချိတ်ထားတဲ့ မဟာဖရက်ဒရစ်ဂျာမန်ဘုရင်မင်းမြတ်ရဲ့ ဓာတ်ပုံကိုတော့ မီးမရှို့နဲ့။ ထပ်ပြောမယ်...မီးမရှို့နဲ့။

မဟာဖရက်ဒရစ်ဘုရင်၏ ဓာတ်ပုံမှာ ဟစ်တလာအမြတ်နိုးဆုံး ပစ္စည်းတစ်ခုဖြစ်လေသည်။ ဓာတ်ပုံထဲမှ ဂျာမန်ဘုရင် မဟာဖရက်ဒရစ်သည် နေ့ရော်ညပါ ပင်ပင်ပန်းပန်း အလုပ်လုပ်နေခဲ့သော ဟစ်တလာအား စစ်နိုင် စစ်ရှုံး အချိန်မရွေး ကာလမပြတ်ပင် ဟစ်တလာအား စူးစူးစိုက်စိုက်ကြီး ကြည့်နေဘိသကဲ့သို့ ထင်စရာပင်ဖြစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတာဝန်တွေကို မင်း နားလည်ရဲ့လား" ဟု ဟစ်တလာက အသံမာမာဖြင့် မေးလိုက်သည်။

လင့်ဂျ်က–

"နားလည်ပါပြီ ခေါင်းဆောင်ကြီးခင်ဗျာ…အမိန့်အတိုင်း ဖြစ်စေရပါမည်" ဟု ဖြေခဲ့လေသည်။

ဟစ်တလာသည် သူ့ရဲဘောကြောင်စွာ ရန်သူ့လက်မှ လွတ်အောင် ထွက်ပြေးသည်ထက် ဘာလင်မြို့မှာပင် သေမည်ဟု ဆုံးဖြတ်ထားကြောင်းကို လင့်ဂျ် ရိပ်မိခဲ့သည်မှာ အတော်ကြာပြီဖြစ်လေသည်။ ဟစ်တလာသည် သူ့အား ရုရှားတပ်များက အရှင်ဖမ်းမိမည်ကို အလွန်စိုးရိမ်သည်။ အသေဖမ်းမိမည်ကိုလည်း စိုးရိမ်သည်။ သူအကြောက်ဆုံးကား သူ့အလောင်းကို မျောက်ပြပြသလို အပြခံရမည့်အရေးပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဟစ်တလာမသေခင်က အီတလီအာဏာရှင် မူဆိုလီနီနှင့် သူ၏အပျော်မယား တို့၏ အလောင်းများကို ပြောက်ကျားတပ်သားများက ဓာတ်ဆီဆိုင်တစ်ဆိုင်တွင် ဇောက်ထိုးဆွဲကာ ပြခဲ့ကြသည်။ ထိုအဖြစ်မျိုးကို ဟစ်တလာ ကြိုတင်၍ တွေးထားမိခြင်းဖြစ်လေသည်။

"သူတို့များ ငါ့ကိုဖမ်းမိသွားမိရင် ငါ့ကို မော်စကိုမြို့ပို့ပြီး ပြပွဲလုပ်ကြလိမ့်မယ်။ အဲဒီလိုမဖြစ်ရဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်စေရဘူး" ဟု တုန်တုန်ယင်ယင်ဖြင့် ပြန်ပြောလေသည်။

ဟစ်တလာက သူ့ကိုယ်သူ သတ်မသေမီ ၁၀ ရက်အတွင်း၌ မြေအောက် ဘန်ကာတိုက်ကြီးတွင် ပါတီနှစ်ရပ် တည်ခင်းကျင်းပခဲ့လေသည်။

ပထမပါတီအား ဧပြီလ ၂၀ ရက်နေ့တွင် ဖြစ်သည်။ ထိုနေ့ကား ဟစ်တလာ၏ အသက် ၅၆ နှစ်မြောက်မွေးနေ့ဖြစ်ရာ မွေးနေ့ပါတီအဖြစ် ကျင်းပခြင်းဖြစ်သည်။ ဟစ်တလာသည် ပါတီတွင် အထူးသဖြင့် ပျော်ပျော်ရွှင်ရွှင်ရှိနေသည်။ ရယ်စရာများနှင့် တသောသောဖြစ်နေကြသည်။

ပါတီပွဲသို့ ဂိုးအားရင်း (လေတပ်)၊ ရစ်ဘင်ထရော့ (နိုင်ငံခြားရေး)၊ ကာနယ်ဂျယ်နရယ်ကိုင်တဲလ် (စစ်ဦးစီးချုပ်)၊ ဘော်ဒါမွန်ရှီးရက် (ဗွူင်ယ်ဒွန်) စသော ဂျာမန်အစိုးရအဖွဲ့ဝင်များ တက်ရောက်ကာ ဟစ်တလာအား အလေးပြုနှုတ်ဆက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


တက်ရောက်သူအားလုံးက ပါတီပေါ်တွင် "နောက်ဆုံးအထိ သစ္စာရှိမည်" ဟူသော စကားများကို အများဆုံးပြောကြသည်။ ဟစ်တလာသည် လ္ဘက်ရည်ကို တစ်ခွက်ပြီးတစ်ခွက် သောက်သည်။ ထိုအချိန်က လ္ဘက်ခြောက်မှာ ရွှေထက်ပင်ရှားပါလှသည်။ ဟစ်တလာသည် လ္ဘက်ရည်မသောက်ရလျှင် နေနိုင်သူမဟုတ်ချေ။ အချစ်တော် အီဗာဘရောင်းက ဟစ်တလာမွေးနေ့အတွက် ဆုတောင်းကာ အခြားသေည့်သည်များနှင့်အတူ ရှန့်ပိန်အရက်နှင့် ကော်ဖီသောက်သည်။

ဟစ်တလာသည် သေခါနီး၍လာသော ရက်များတွင် အီဗာဘရောင်းကိုပို၍ တွယ်တာလာသည်။ မြတ်နိုးလာသည်။ ဟစ်တလာသည် မြေအောက်တိုက်ကြီး၌ ရှိ၍နေသောရက်များအတွင်း အီဗာအား မြေပြင်သို့တက်၍ လမ်းလျှောက်ခိုင်းသည်။ အပါးတော်မြဲ ဟိုင်းန်လင့်ဂျ်က သက်တော်စောင့်အဖြစ် လိုက်ပါခဲ့ရလေသည်။ အီဗာနှင့် လင့်ဂျ်တို့သည် ပျက်စီးနေသော ဘာလင်မြို့ကြီးကို လျှောက်ကြည့်နေစဉ်အတွင်း အီဗာက "ကျွန်မတို့တော့ ဘယ်နည်းနဲ့မှ ရုန်သူ့လက်က လွတ်တော့မယ်မထင်ဘူး၊ ဒါပေမဲ့အဲဒါက အရေးမကြီးဘူး။ ကျွန်မဆန္ဒမှာ ကျွန်မသေရင် ခေါင်းဆောင်ကြီးရဲ့ တရားဝင်မယားအဖြစ်နဲ့ပဲ သေချင်ပါတယ်" ဟူ၍ လင့်ဂျ်အား ပြောပြ၏။ အီဗာ၏အသံမှာ ကြေကွဲဖွယ်ရာဖြစ်နေသည်။ သို့ပေမယ့် လင့်ဂျ်မှာ အပါးတော်မြဲအဆင့်သာဖြစ်၍ မည်သို့မျှ မှတ်ချက်မချသာလေပ။

သို့သော် ဧပြီလ ၂၉ ရက်နေ့တွင် ဟစ်တလာက ခေါ်သဖြင့် လင့်ဂျ်ရောက်သွားသောအခါ၌ အီဗာ၏ ပြောစကားကို ဟစ်တလာအား ပြောပြလိုက်၏။ အတော်ကြာ ငြိမ်နေပြီးနောက် ဟစ်တလာသည် မြေအောက်စည်းဝေးခန်းမထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေခဲ့သည်။ ခဏကြာလျှင် ဟစ်တလာက လင့်ဂျ်ဘက်သို့ လှည့်ကာ သူ၏ အီဗာဘရောင်းတို့ လက်ထပ်မည်ဖြစ်၍ အခန်းကို လက်ထပ်ပွဲအတွက် အဆင်သင့်ပြင်ဆင်ထားရန် အမိန့်ပေးလေတော့သည်။

"ဟောဒီစားပွဲမှာ ငါနဲ့ အီဗာ ထိုင်မယ်၊ သက်သေလက်မှတ်ထိုးသူတွေလည်း ထိုင်တယ်။ ဂိုးဘဲလ်တို့ကို လက်ထပ်ပေးမယ့် ဘုန်းတော်ကြီး ဝေါလ်တာဝဂ္ဂနာကို အခေါ်လွှတ်ထားပြီး"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ပြောပြီးနောက် ဟာစ်တလာသည် အခန်းမှ ရုတ်တရက်ထွက်သွားလေသည်။

လက်ထပ်ပွဲကို မွန်လွဲပိုင်းတွင် ပြုလုပ်ရန်ဖြစ်ပေ။ သို့သော် မြူနီစီပယ်မြို့ပြအရာရှိတစ်ဦးဖြစ်သူ ဘုန်းတော်ကြီး ဝေါလ်တာဝဂ္ဂနာကို ခဲခဲယဉ်းယဉ်း လိုက်လံရှာဖွေခေါ်ယူရသောကြောင့် သန်းခေါင်ယံ နံနက် ၁ နာရီအချိန်ကျမှ လက်ထပ်ရပြီး၊ ဟာစ်တလာနှင့် အီဗာတို့သည် အကြင်လင်မယားအစစ်ဘဝသို့ ရောက်ကြရလေတော့သည်။

ဤတွင်လည်း တစ်ကြိမ် မြေပုံအခန်းထဲ၌ ပါတီကလေးတစ်ရပ်ကျင်းပကြရသည်။ အခြားသူများ ရှန့်ပိန်အရက်သောက်ကြ၏။ ဟာစ်တလာကမူ သူ့လွှက်ရည်ကိုသာ သောက်လေသည်။ အားလုံးပျော်ကြ၏။ ဘာလင်မြို့ကို ရန်သူဝိုင်းနေသည်ကိုပင် မေ့လျော့နေကြသည်။

အီဗာသည် ခပ်တည်တည် ခပ်မှန်မှန်ပင် နေတတ်သူဖြစ်သည်။ အချိန်ကား အပျော်ကြီးပျော်၍ အရွှင်ကြီးရွှင်နေကြသည်။ ထိုအချိန်က ဟာစ်တလာနှင့် အီဗာတို့ ဇနီးမောင်နှံတို့အား များမကြာမီရက်ပိုင်းအတွင်း သေမင်းကဆွဲခေါ်သွားမည်ကိုပင် တွေးမိသူမရှိသလောက်ပင်ဖြစ်သည်။ မင်္ဂလာပွဲသည် နံနက် ၁ နာရီမှ ၃ နာရီအထိ ကြာမြင့်ခဲ့သည်။

ထို့နောက် ဟာစ်တလာနှင့် ဘာရောင်းတို့ သူတို့ကိုယ်သူတို့ သတ်သေကြပြီးနောက် ဟိုင်းန်လင့်ဂျ်သည် အလောင်းများကို စောင်များနှင့် လုံခြုံစွာရစ်ပတ်လိုက်ကြသည်။ ကိုယ်ရံတော် တပ်သားနှစ်ဦးက ဟာစ်တလာ၏အလောင်းကို အပြင်သို့ ထုတ်ယူသွားသည်။ အီဗာ၏အလောင်းကိုမူ ဗိုလ်မှူး ဂူအင်ဂျ်ကဆိုသူက ပွေ့ထုတ်သွားသည်။ သေချိန်၌ အီဗာသည် အပြာရင့်ရောင်ပေါ်၌ အဖြူပြောက်ကလေးများရှိသော ပိုးဂါဝန်ကို ဝတ်ထားသည်။ အီတလီလုပ်ဖိနပ် အညိုရောင်ကို စီးထားသည်။ လက်ကောက်တွင် ပလက်တီနမ်ဖြင့်လုပ်၍ စိန်စီထားသော လက်ပတ်နာရီကို ပတ်ထားသည်။ ထိုနာရီမှာ ဟာစ်တလာ ချစ်လက်ဆောင်ပေးထားသော နာရီဖြစ်သော် အီဗာအမြဲပတ်လေ့ရှိခဲ့သည်။

အပါးတော် ဟိုင်းန်လင့်ဂျ်သည် ညနေ ၃း၃၀ နာရီတွင် အခြားသူများနှင့်အတူ ဟာစ်တလာနှင့် အီဗာတို့၏အလောင်းများကို၊ ဓာတ်ဆီရွှဲရွှဲ

www.burmeseclassic.com

www.burmeseclassic.com



လောင်း၍ မီးရှို့ကြသည်။ သို့သော် ဓာတ်ဆီမီးဗီပီ ခဏနှင့် မီးကျ၍သွားသည်။ အလောင်းများကို မီးမစွဲသေးဘဲ အဝတ်များကိုသာ မီးလောင်ကျွမ်းနေသည်ကို တွေ့ရသည်။ ဟစ်တလာသည် သူ့အလောင်းကို ပြာကျစေချင်ကြောင်း ဟိုင်းန်လင့်ဂျ် နားလည်ထားသည်။ သို့သော် အလောင်းများမှာ မှတ်မိနိုင်လောက်သော အနေအထားတွင်ပင် ရှိနေသေးသည်။ ထိုစဉ်အတွင်းဝန်ကြီး မာတင်ဘော်မန်းသည် ဦးစီးဦးကိုင်ပြု၍ အလောင်းပြာကျစေရေးကို ဆောင်ရွက်သည်။ ဟစ်တလာသည် ဘော်မန်းအား တိတ်တဆိတ်အမိန့်ပေးထားခဲ့ဟန်တူလေသည်။

ဟိုင်းန်လင့်ဂျ်သည် တစ်နာရီမျှ စောင့်ကြည့်ပြီးနောက် မြေတိုက်ကြီးအတွင်းသို့ဝင်ကာ ဟစ်တလာ၏ အသုံးအဆောင်ပစ္စည်းများကို အမိန့်အတိုင်း ဖျောက်ဖျက်ပစ်ရလေသည်။ နာရီအတော်ကြာပြီးနောက် မီးသင်္ဂြိုဟ်ရာသို့ ပြန်ရောက်လာခဲ့သောအခါတွင် ဟစ်တလာနှင့် အီဗာတို့အလောင်းများကို မတွေ့ရတော့ပေ။ ကိုယ်ရံတော် ကွန်မင်ဒိုတပ်သားများ၏ အပြောအရ ဟစ်တလာမောင်နှံ၏ အလောင်းများကို ရိုက်စတက်လွှတ်တော်မှားဆောင် လှိုဏ်ဂူဝက်သောနေရာ၌ မြှုပ်နှံထားလိုက်ကြပြီဟု သိရလေသည်။ ဟစ်တလာ၏ အလောင်းကို မီးရှို့ခဲ့သော မာတင်ဘော်မန်းသည် ဂျာမန်တို့ လက်နက်ချလုဆဲဆဲ ၁၉၄၅ မေလ ၁ ရက်နေ့ ညတွင် ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ ယနေ့တိုင် သူ့အား ဖမ်းဆီးမိခြင်းမရှိဘဲ လွတ်မြောက်နေသည့် နာဇီထိပ်တန်း စစ်ရာဇဝတ်ကောင်ဖြစ်သည်။ ဟစ်တလာ၏ ကိုယ်ရံတော် ဟိုင်းန်လင့်ဂျ်သည်လည်း လွတ်မြောက်ပြီးနောက် ၁၉၈၀ မတ် ၉ အသက် (၆၇)တွင် အနောက်ဂျာမနီနိုင်ငံ ဘာရီမန်းတွင် ကွယ်လွန်သွားခဲ့သည်။

တစ်ကမ္ဘာလုံးကို တုန်လှုပ်စေခဲ့သော ဂျာမနီအာဏာရှင် နာဇီဟစ်တလာသည် ဤသို့ဖြင့် မထင်မရှား လောကကို စွန့်ခွာသွားခဲ့ရလေ သည်။

ဟစ်တလာ မီးသင်္ဂြိုဟ်ပြီးနောက် ၁၉၄၅ မေလ ၁ ရက်နေ့တွင် ဟစ်တလာကွယ်လွန်သွားပြီးဖြစ်ကြောင်း သတင်းကို ဂျာမန်ရေဒီယိုမှ ကြေညာလေသည်။ နောက်တစ်နေ့တွင် ရုရှားတပ်နီတော်သည် ဘာလင်မြို့တော်ကို လုံးဝသိမ်းပြီး ၅ ရက်မျှအကြာ ၁၉၄၅ မေလ ၇ ရက်နေ့တွင် နာဇီဂျာမနီသည် ချွင်းချက်မရှိ လုံးဝလက်နက်ချခဲ့လေသည်။ သို့ဖြင့် ဥရောပ

www.burmeseclassic.com

www.burmeseclassic.com



စစ်ပွဲကြီးကား ပြီးသွားခဲ့လေသည်။ ကမ္ဘာစစ်မျက်နှာတွင် ဂျပန်တစ်နိုင်ငံတည်းသာ ကျန်ရှိလျက်ရှိသည်။

ထို့နောက် ၁၉၄၅ ဇူလိုင်လ ၁၇ ရက်မှ ဩဂုတ်လ ၁ ရက်နေ့အထိ ပို့ဒမ်မြို့တွင် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ဆိုဗီယက်ခေါင်းဆောင်တို့ သွားဆုံဆွေးနွေး၍ ပို့စဒမ်စာချုပ်(Postdam Agreement) ကို ရေးထိုးချုပ်ဆိုခဲ့ကြ  ည်။ စာချုပ်မှာ ဒုတိယအပြီး ဂျာမနီနှင့်ပတ်သက်သော မူဝါဒကို ကြီးသုံး ကြီးတို့ သ ာ်မံအတည်ပြုကြခြင်းဖြစ်သည်။ ၁၉၄၅ ဖေဖော်ဝါရီလအတွင်းက ယော်လ်တာ၌ မူကြမ်းချခဲ့သော သဘောထားပင်ဖြစ်သည်။

ထိုကာလအတွင်း ကျင်းပနေစဉ်ကပင် ၁၉၄၅ ဇူလိုင် ၂၆ ရက်နေ့တွင် ပို့စဒမ်ကြေညာချက်ကို ထုတ်ပြန်ကာ ဂျပန်နိုင်ငံအား လက်နက်ချရန် တောင်းဆိုခဲ့သည်။ ကြေညာချက်ကို အမေရိကန်သမ္မတ ရူစဗဲ့၊ တရုတ်သမ္မတချန်ကေရှိတ်နှင့် ဗြိတိသျှဝန်ကြီးချုပ် ချာချီတို့ လက်မှတ်ရေးထိုးခဲ့သည်။

ဂျပန်နိုင်ငံအနေဖြင့် စစ်နိုင်ရန် မျှော်လင့်ချက်မရှိသော်လည်း ဂျပန်အာဏာပိုင်အသိုင်းအဝန်းတွင် ပို့စဒမ်ကြေညာချက်အား လက်မခံရေး အငြင်းပွားနေခဲ့သည်။ ထိုသို့ နှောင့်နှေးနေစဉ်အတွင်း ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့၊ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းပေါ်ရှိ ဟီရိုရှီးမားမြို့(Hiroshima)ပေါ်သို့ အမေရိကန်ပြည်ထောင်စုသည် အဏုမြူဗုံးတစ်လုံး ကြဲချခဲ့သည်။ အဆိုပါဗုံးကြောင့် ဟီရိုရှီးမားမြို့တွင် နေထိုင်သူလူဦးရေ ၃၄၄,၀၀၀ ရှိသည့်အနက် သေဆုံးသူနှင့် ပျောက်ဆုံးသူဦးရေ ၇၁၀၀၀နှင့် ဒဏ်ရာရသူပေါင်း ၆၈၀၀၀ ရှိခဲ့သည်။

နောက်ဆုံးရက်အကြာ ဩဂုတ်လ ၉ ရက်နေ့ နံနက် ၁၁ နာရီ ၃၀ မိနစ်တွင် ဂျပန်နိုင်ငံ ကျူရှူးကျွန်းပေါ်ရှိ နာဂါဆာကီး(Nagasaki)မြို့ပေါ်သို့ အမေရိကန်ပြည်ထောင်စုက နောက်ထပ် အဏုမြူဗုံးတစ်လုံး ကြဲကျခဲ့ပြန်သည်။ ဒုတိယဗုံးကြောင့် လူပေါင်း ၃၅၀၀၀ သေဆုံးပြီး၊ ၆၀၀၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ အဏုမြူဗုံးနှစ်လုံးကြောင့် ထိခိုက်ဒဏ်ရာရသူများမှာ ယနေ့ပအထိ သားစဉ်မြေးဆက် ခံစားနေကြရဆဲဖြစ်သည်။

ဆိုဗီယက်ပြည်ထောင်စုကလည်း ဆိုဗီယက်၊ အမေရိကန်နှင့် ဗြိတိန်ကြီးသုံးကြီးသဘောတူညီချက်အရ ၁၉၄၅ ဩဂုတ်လ ၈ ရက်နေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်နိုင်ငံကို စစ်ကြေညာပြီး ဆိုဗီယက်တပ်များသည် ဂျပန်လက်အောက်ရှိ မန်ချူးရီးယားပြည်ကို ဝင်ရောက်တိုက်ခိုက်ပြီး မန်ချူးရီးယားပြည်သူအား ဖက်ဆစ်တို့လက်မှ ကယ်တင်ခဲ့သည်။

မဟာမိတ်လေယာဉ်များကလည်း ဂျပန်နိုင်ငံ တိုကျိုမြို့အပါအဝင် မြို့ကြီးများနှင့် စစ်အခြေစိုက်စခန်းများကို ဩဂုတ်လ ၁၃ ရက်နေ့တွင် ဗုံးကြဲတိုက်ခိုက်ခဲ့ပြန်သည်။

ထို့နောက် ဩဂုတ်လ ၁၄ ရက်နေ့တွင် ဂျပန်ဧကရာဇ်ဘုရင် ဟီရိုဟီတိုသည် အစိုးရနှင့်စစ်ဘက်ဆိုင်ရာအကြီးအကဲများကို အစည်းအဝေးခေါ်ယူပြီး တိုင်းပြည် ဆက်လက်မနစ်နာစေရန် ပို့စ်ဒမ်ကြေညာချက်ကို လက်ခံရမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချခဲ့သည်။ ထိုနေ့ ည ၁၁ နာရီတွင် ဂျပန်အစိုးရသည် မဟာမိတ်လေးနိုင်ငံသို့ ပို့စ်ဒမ်ကြေညာချက်ကို ချွင်းချက်မရှိလက်ခံကြောင်း အကြောင်းပြန်ကြားခဲ့သည်။

ယင်းနောက် ၁၉၄၅ ဩဂုတ်လ ၁၅ ရက်နေ့တွင် ဂျပန်ဧကရာဇ်ဘုရင် ဟီရိုဟီတိုက လက်နက်ချကြောင်း တိုင်းပြည်သို့ အသံလွှင့်ကြေညာခဲ့သည်။ ဂျပန်တို့၏ လက်နက်ချအခမ်းအနားကို ၁၉၄၅ စက်တင်ဘာ ၂ ရက်နေ့တွင် ဂျပန်ပင်လယ်အော်၌ ရပ်နားထားသော အမေရိကန်စစ်သင်္ဘော မစ်ဆူရီ(Missouri) ပေါ်၌ ကျင်းပကာ ဗိုလ်ချုပ်ကြီး မက်အာသာနှင့် မဟာမိတ်စစ်ဗိုလ်ချုပ်များ ရှေ့မှောက်တွင် ဂျပန်ဗိုလ်ချုပ်ကြီး အူမဲဇူယိုရှီဂျီရို (Gen. Umezu Yoshijiro) က လက်နက်ချစာချုပ်ကို လက်မှတ်ရေးထိုးခဲ့လေသည်။ ယင်းနေ့ကို 'ဗွီဂျေ-ဒေး'(VJ-Day) ခေါ် ဂျပန်ကို အောင်နိုင်သောနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ ဤသို့ဖြင့် ၁၉၃၉ စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်ခဲ့သော ဒုတိယကမ္ဘာစစ်ကြီးသည် (၆) နှစ်နှင့် ၁ ရက်အကြာ ၁၉၄၅ စက်တင်ဘာ ၂ ရက်နေ့တွင် လုံးဝပြီးဆုံးသွားခဲ့လေသည်။

**စစ်တရားခံများအရေး**

ယော်လ်တာ(Yalta) နှင့် ပို့စ်ဒမ်(Potsdam) ညီလာခံများက အပြည်ပြည်ဆိုင်ရာဥပဒေကို စစ်ဆင်၍ပြီးခဲ့သော ဒုတိယကမ္ဘာစစ်အတွင်း၌

www.burmeseclassic.com

www.burmeseclassic.com



ဇာမ်းဆီးရမိသူ စစ်သုံ့ပန်းများ၊ အရပ်သားများအား အစုလိုက်အပြုံလိုက် လူမဆန်စွာ ညှဉ်းပန်းသတ်ဖြတ်သည်။ ရောမစစ်ရာဇဝတ်များကို ကျူးလွန်ခဲ့သော စစ်တရားခံများကို အပြစ်ပေးနိုင်ရန် မူသစ်တစ်ရပ် ချမှတ်ခဲ့၏။ ထိုမူသစ်အရ စစ်တရားခံများ၏ စာရင်းကို ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလတွင် ကြေညာခဲ့သည်။ ဂျာမနီနိုင်ငံ၊ နူရင်ဘာ့ခ်မြို့၌ အပြည်ပြည်ဆိုင်ရာ စစ်တရားရုံး ဖွင့်လှစ်၍ နာဇီစစ်တရားခံ ၂၂ ဦးအား စစ်ဆေးပြီး ၁၁ ဦးကို ၁၉၄၆ အောက်တိုဘာလတွင် ကြိုးပေးကွပ်မျက်ခဲ့သည်။ မာတင်ဘောမန်းမှာ မျက်ကွယ်၌ ကြိုးပေးပြစ်ဒဏ်ခံရသော်လည်း လွတ်မြောက်နေခဲ့သည်။ ကျန်လူများကို တစ်သက်တကျွန်းထောင်ဒဏ်နှင့် နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခဲ့သည်။

ဂျပန်စစ်တရားခံ (၂၈) ဦးအား မြန်မာ၊ မလေး၊ ယိုးဒယား (ထိုင်း)၊ အင်ဒိုနီးရှား၊ စကော်ပူ၊ ဘိုနီယို၊ ဖိလစ်ပိုင်နှင့် တရုတ်ပြည်ကြီးအပါအဝင် နိုင်ငံအသီးသီးမှ လူပေါင်းသန်းချီ၍ ရက်စက်စွာ ညှဉ်းပန်းသတ်ဖြတ်မှု အပါအဝင် စွဲချက်ပေါင်း (၅၅) ခုဖြင့် တိုကျိုစစ်ခုံရုံး၌ ကြားနာစစ်ဆေးခဲ့သည်။

တိုကျိုစစ်ခုံရုံးကို ၁၉၄၆ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် စတင်ဖွင့်လှစ်၍ တရားလိုဘက်မှ တင်ပြသည့် သက်သေပြချက်များနှင့် သက်သေခံပစ္စည်းများကို အသေးစိတ်စစ်ဆေးမေးမြန်းခဲ့ရာ ၁၉၄၇ ဇန်နဝါရီလ ၂၄ ရက်တွင် အပြီးသတ်နိုင်ခဲ့သည်။ ထိုသို့ လပေါင်း ၂ နှစ် ၆ လကျော် တိုင်တိုင် စစ်ဆေးလာခဲ့ရသော တိုကျိုစစ်ခုံရုံး၏ သက်တမ်းအတွင်း တရားခံ ၂၈ ယောက်အနက် အရားခံ ၂ ယောက်လျော့သွားပြီး ၂၆ ယောက်သာ ကျန်ရှိတော့သည်။ အဘယ့်ကြောင့်ဆိုသော် တရားခံတစ်ဦးဖြစ်သူ ဂျပန်ရေတပ်မတော်မှ ရေကြောင်းဗိုလ်ချုပ်ကြီး နာဂါနိုနှင့် အခြားတရားခံတစ်ဦးဖြစ်သူ နိုင်ငံခြားရေးဝန်ကြီး မတ်ဆုအိုကာတို့သည် စစ်ခုံရုံး စတင်ဖွင့်လှစ်ခဲ့ပြီးနောက် များမကြာမီမှာပင် မမာမကျန်းဖြစ်ကာ ကွယ်လွန်သွားကြသောကြောင့်ဖြစ်သည်။

တဖန် ၁၉၄၈ နိုဝင်ဘာတွင် တရားခံများအား ရုံးတော်မှ အပြစ်ရှိမရှိ ဆုံးဖြတ်၍ စီရင်ချက်ချသည့်အချိန်တွင် တရားခံ ၂၆ ယောက်အနက်

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် တရားခံတစ်ယောက် ပါဝင်လာခြင်းမရှိတော့ဘဲ ၂၅ ယောက်သာ တွေ့ကြရပြန်သည်။ ထိုသို့ စီရင်ချက်ချရာတွင် ပါဝင်ခြင်းမရှိဘဲ ကြွင်းကျန်နေသည့် တရားခံမှာ ဒေါက်တာ အိုကာဝါဖြစ်သည်။ ဒေါက်တာ အိုကာဝါအား ထိုသို့ စီင်ချက်ချသည့်အချိန်တွင် သူသည် ရုံးတော်တွင် အမှုစစ်ဆေးနေစဉ်ကာလအတွင်း စိတ်ဖောက်ပြန်လာကာ ဦးနှောက်ပျက်သွားခဲ့သောကြောင့်ဖြစ်သည်။

သို့ဖြင့် ၁၉၄၈ နိုဝင်ဘာလတွင် တိုကျိုစစ်ခုံရုံးသည် တရားခံ ၂၅ ယောက်အနက် စစ်တရားခံ အမှတ် ၁ ဖြစ်သော ဗိုလ်ချုပ်ကြီး တိုဂျိုနှင့် တကွ အီတာဂါကီ၊ ဟီရိုတာ၊ ကီမူရာ၊ မတ်ဆုအီ၊ ဒိုအီဟာရာ၊ မူတို စသည့်တရားခံ (၇) ဦးတို့ကို သေဒဏ်ချမှတ်ခဲ့သည်။ ထို့နောက် တိုဂိုမှာ ထောင်ဒဏ်အနှစ် ၂၀ နှင့် ရှီဂဲမစ်ဆုမှာ ထောင်ဒဏ် ၇ နှစ် အပြစ်ဒဏ်ပေးခြင်းခံရသည်။ ကျန်တရားခံ ၁၈ ယောက်တို့မှာ ထောင်ဒဏ် တစ်သက်အပြစ်ပေးခြင်း ခံခဲ့ကြရသည်။

သို့ဖြင့် ဂျင်နရယ်တိုဂျိုအပါအဝင် တရားခံ (၇) ယောက်တို့ကို ၁၉၄၈ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် နံနက်စောစောတွင် ကြိုးပေးကွပ်မျက်လိုက်လေသည်။

## ကမ္ဘာ့ကုလသမဂ္ဂ

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားနေစဉ်မှာပင် ဂျာမနီနှင့် ဂျပန်တို့ကို အောင်နိုင်ရေးအတွက် အတ္တလန္တိတ်ကြိုးပမ်းခဲ့သည်။ ဗြိတိသျှဝန်ကြီးချုပ် ချာချီနှင့် အမေရိကန်ပြည်ထောင်စုသမ္မတ ဖရင်ကလင်ရုစဘဲ့လ်တို့သည် ကမ္ဘာကြီး၏ အနာဂတ်ရေးနှင့် ပတ်သက်၍ အခြေခံအချက် (၈) ချက်ကို အတည်ပြုခဲ့ကြသည်။ အတ္တလန္တိတ်ပဋိညာဉ်စာတမ်းဟု အမည်တွင်ခဲ့သော ယင်းအခြေခံအချက် ၈ ချက်ကို ၁၉၄၂ ဇန်နဝါရီလတွင် ၂၆ နိုင်ငံကိုယ်စားလှယ်တို့က ဝါရှင်တန်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ညီညွတ်သည့် နိုင်ငံများ၏ ကြေညာချက်အရ အမည်ရသည့် Declaration by United Nations ဟူ၍ အမည်ပေးခဲ့သည်။

ထို့နောက် ၁၉၄၄ ဩဂုတ်လတွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန် ဒမ်ဘာတန်အုတ်၌ ကုလသမဂ္ဂအဖွဲ့ (UNO) ထူထောင်ရေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး အမေရိကန်၊ ဗြိတိန်၊ တရုတ်နှင့် ဆိုဗီယက်တို့က တင်ပြသည့် အဆိုပြုချက်များကို ၃၉ နိုင်ငံမှ ကိုယ်စားလှယ်များက အတည်ပြုပေးခဲ့ကြသည်။

ယင်းနောက် အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့တွင် ၁၉၄၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်မှ ဇွန်လ ၂၆ ရက်နေ့အထိ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းရေးဆိုင်ရာ ကုလသမဂ္ဂ ညီလာခံ၌ နိုင်ငံပေါင်း ၅၀ မှ ကိုယ်စားလှယ်များက ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို ရေးဆွဲခဲ့ကြသည်။ ရေးဆွဲပြီးနောက် ဇွန်လ ၂၆ ရက်နေ့တွင် ပဋိညာဉ်စာတမ်းကို ကိုယ်စားလှယ် ၅၀ က အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။ ညီလာခံတွင် ပါဝင်ခြင်းမရှိသော ပိုလန်နိုင်ငံသည်သည့် နောက်ပိုင်းတွင် ပါဝင် လက်မှတ်ရေးထိုးခဲ့သောကြောင့် ကနဦးလက်မှတ် ရေးထိုးသူ (၅၁) နိုင်ငံ ပါဝင်ခဲ့လေသည်။

ဤသို့ဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးသည် ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် တရားဝင်ရှိလာခဲ့ရာ ယခုအခါ ၆၉ နှစ်အတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့ပြီဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီး စတင်ဖွဲ့စည်းစဉ်က အဖွဲ့ဝင် (၅၁) နိုင်ငံသာ ရှိသော်လည်း ယခုအခါ ၂၀၁၃ ခုနှစ် ၆၈ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပသည့်အချိန်အထိ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိလာခဲ့ပြီဖြစ်သည်။

ကုလသမဂ္ဂသက်တမ်း ၆၉ နှစ်သက်တမ်းအတွင်း အဓိကရည်မှန်းချက်ဖြစ်သော အနာဂတ်လူသားများ၊ မျိုးဆက်များအား စစ်မက်ဘေးအန္တရာယ်ဆိုး မကြုံရလေအောင် ကာကွယ်တားဆီးရန်နှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပိုမိုကောင်းမွန်သော လူနေမှုဘဝအဆင့်အတန်းများ နှင့်တိုးရေးကို ကူညီဆောင်ရွက်ရန် သန္နိဋ္ဌာန်ကြီးများကို အထိုက်အလျောက် အောင်မြင်စွာ ဖြည့်စွမ်းနိုင်ခဲ့သည်။ သို့သော် ကုလသမဂ္ဂအဖွဲ့ကြီးသည် တတိယ

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့စစ်ကို ရှောင်လွဲနိုင်ခဲ့သော်လည်း မျက်မှောက်ကာလအထိ ဖြစ်ပွား လျက်ရှိသော ဒေသန္တရစစ်ပွဲများကိုမူ ဟန့်တားနိုင်ခြင်းမရှိပေ။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ တချက်လွှတ်တားမြစ်ပိတ်ပင်ခွင့် အမိန့်အာဏာ ဗီတို (Veto) ကို ကြီးငါးကြီး (အမေရိကန်၊ ဗြိတိန်၊ ရုရှား၊ ပြင်သစ်၊ တရုတ်) တို့၏ လက်ထဲတွင် အပ်နှံထားရာ အာဏာရှင်စနစ် ဖြုတ်ချရေး၊ ဒီမိုကရေ စီနှင့် လူ့အခွင့်အရေး၊ လူသားမျိုးနွယ်တစ်ရပ်လုံး သေကြေပျက်သုဉ်းစေမည့် နျူကလီးယားလက်နက်၊ ဓာတုလက်နက်များ ဖျက်သိမ်းရေးနှင့် နျူကလီး ယားလက်နက်များ သယ်ဆောင်နိုင်သည့် ဒုံးပျံများ စမ်းသပ်မှု ပိတ်ပင် ရေးတို့၌ မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကိုသာ ရှေ့တန်းတင် စဉ်းစားဆုံးဖြတ် နေသောကြောင့် အောင်မြင်မှုမရှိပေ။ ကြီးငါးကြီးအနက် တရုတ်နိုင်ငံသည် တစ်ပါတီစစ်အာဏာရှင်စနစ် ကျင့်သုံးလျက်ရှိပြီး၊ ရုရှားသည် ဟန်ပြဒီမို ကရေစီစနစ် ကျင့်သုံးနေသော စစ်အာဏာရှင်နိုင်ငံဖြစ်သည်။ ထို့ကြောင့် ယင်းနှစ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အဖောက်ပြန်ဆုံးသော အင်အားကြီးနိုင်ငံများ ဖြစ်ကြပြီး အာဏာရှင်နိုင်ငံ များ၊ လူ့အခွင့်အရေးချိုးဖောက်သော နိုင်ငံများကိုလည်း အကာအကွယ်ပြု ထားသည့်အပြင် အာဏာရှင်စနစ် တည်မြဲရေးအတွက် နောက်ကွယ်မှ အားပေးကူညီ၍ စစ်လက်နက်ပစ္စည်းများ၊ အကြံဉာဏ်များ၊ ငွေကြေးများ ထောက်ပံ့ပေးလျက်ရှိသည်။ ကမ္ဘာ့စစ်ကြီးနှစ်ခု ပြီးဆုံးချိန်မှစ၍ မျက်မှောက် ကာလနှစ် ၆၀ ကျော်ကာလအတွင်း ဒေသန္တရကန့်သတ် စစ်ပွဲများ အကြိမ် ၁၇၀ ခန့် ဖြစ်ပွားခဲ့ရာ သေဆုံးသူပေါင်း ၃၅ သိန်းကျော်ခန့်အထိရှိသော ကြောင့် ဒုတိယ ကမ္ဘာစစ်ကြီးနှင့် ပထမကမ္ဘာစစ်ကြီးနှစ်ခု သေဆုံးမှုထက် များပြား နေပေသည်။

ထို့ပြင် ကမ္ဘာ့နိုင်ငံကြီးများသည် မိမိတို့အမျိုးသား အကျိုးစီးပွား အတွက် အပြိုင်အဆိုင် စစ်အုပ်စုများဖွဲ့ကာ စစ်အသုံးစရိတ်များကို ကြေးဝါ ခမန်းလိလိတိုးမြှင့်၍ စစ်အင်အားကို အဆမတန် တိုးချဲ့နေလျက်ရှိရာ ကမ္ဘာ့ ကုလသမဂ္ဂကြီးသည် မည်သို့မျှမတတ်နိုင်ဘဲ လက်ပိုက်ကြည့်နေရသည့် အနေအထားရှိသည်။ တစ်နည်းဆိုရသော် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ရုပ်ကွက်သာရေး၊ နာရေးကိစ္စ၊ လူမှုရေးကိစ္စများကိုသာ ကူညီဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



ပေးနေရသော ရပ်ကွက်မမှာရုံအဆင့်လောက်သာ ရှိပြီး၊ ဒေသန္တရကာန့်သတ် စစ်ပွဲများ၊ စစ်အင်အားတိုးချဲ့နေမှုများ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၊ ဘာသာရေးအစွန်းရောက်အကြမ်းဖက်မှု၊ သတ်ဖြတ်မှုများကိုမူ ထိန်းသိမ်းကာကွယ်နိုင်စွမ်းမရှိကြောင်း လေ့လာတွေ့ရှိရလေသည်။

မည်သို့ဆိုစေ လူသားအားလုံးသည် စစ်ကိုရှောင်လွှဲနိုင်သော်လည်း ငြိမ်းချမ်းရေးကို ရှောင်လွှဲမရဆိုသကဲ့သို့ ကမ္ဘာကြီး ငြိမ်းချမ်းသာယာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားတိုင်း အသိစိတ်ဓာတ်အပြည့်ဖြင့် ဝိုင်းဝန်းကာကွယ်ရန်မှာ လူသားတိုင်း၏ တာဝန်ပင်မဟုတ်ပါလော။

**ကိုးကားသောစာနယ်ဇင်းများ**


၁။ Manveli, Roger and Heinrich Faenkel, **Adolf Hitler**, Grafton Books, 1978

၂။ John Toland, **Adolf Hitler** Ballantine Books Edition, 1977.

၃။ လင်းယုန်မောင်မောင်၊ **ဟစ်တလာ**၊ ရာပြည့်စာအုပ်တိုက် သတ္တမ အကြိမ် ၂၀၀၆။

၄။ လင်းယုန်မောင်မောင်၊ **တိုက်ပွဲစစ်နိုင်ရုံးမှတ်တမ်းများ** စိတ်ကူးချိုချို စာအုပ်တိုက်၊ တတိယအကြိမ် ၂၀၁၁။

၅။ မောင်ဝံသ၊ **အတ္တုပ္ပတ္တိအတိမ်ခေါင်** Myanmar Heritag Publication ပကြိမ်၊ ၂၀၀၇။

၆။ ဗိုလ်မှူးချစ်ကောင်း၊ **နိုင်ငံရေးအတိမ်ခေါင်** ကလောင်ပျံစာအုပ်တိုက်၊ ပကြိမ် ၁၉၆၇။

၇။ သန်းဝင်းလှိုင် "ဒုတိယကမ္ဘာစစ်ဒိုင်ယာရီ" ၂၀၁၃ ခုနှစ်၊ ဇက်ဝင်ဘာ ၆ ရက်၊ **မိုးမခအွန်လိုင်းမီဒီယာ**။


○

www.burmeseclassic.com

www.burmeseclassic.com



## သန်းဝင်းလှိုင်

အမည်ရင်းဦးသန်းဝင်းဖြစ်သည်။ ၁၉၅၈ ခု၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၌ အမိဒေါ်တင်အေး (ကွယ်လွန်)၊ အဖဦးစိန်ထွန်း (ဗေဒင်လက္ခဏာဆရာ)(ကွယ်လွန်)တို့မှ ဖွားမြင်သည့် တစ်ဦးတည်းသောသားဖြစ်သည်။

ငယ်စဉ်က စာပေနှင့်ပန်းချီဝါသနာထုံ၍ ကျောင်းနံရံကပ်စာစောင်တို့တွင် ဆောင်းပါးများရေးသားကာ ပန်းချီသရုပ်ဖော်ပုံများ ရေးဆွဲခဲ့သည်။ ကျောင်းပန်းချီပြိုင်ပွဲ၌ ဆုအကြိမ်ကြိမ်ရရှိခဲ့သည်။ ကျောင်းနေစဉ်ထပင် ကျောင်းစာကြည့်တိုက်မှူးအဖြစ် အကြိမ်ကြိမ်ဆောင်ရွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ၁၀ တန်းအောင်မြင်ပြီးနောက် ၁၉၈၀ ပြည့်နှစ်တွင် တပ်မတော် (လေတပ်) သို့ ဝင်ရောက်၍ စစ်မှုထမ်းရွက်ခဲ့သည်။ ၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလထုတ် သင့်ဘဝမဂ္ဂဇင်း၌ အမှာဂတ်အာကာသလွန်းပျံယာဉ် သိပ္ပံ ဆောင်းပါးဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ ၁၉၈၂ တွင် တပ်မတော် (လေတပ်) မှ နုတ်ထွက်ခဲ့သည်။ ၁၉၉၂ ခုနှစ် ထုတ်ဝေခဲ့သော ကျောက်မျက် ရတနာလက်စွဲ စာအုပ်သည် ပထမဆုံး လုံးချင်းစာအုပ်ဖြစ်ပြီး ဆက်လက်၍ နေမဝင်သေးသည့်ဘုရင်များ (ပ၊ ဒုတွဲ)၊ လူတိုင်းအတွက် သုတဗေဒင်၊ ရုပ်တုမှပြောသော မြန်မာ့သမိုင်းဝင် ပုဂ္ဂိုလ်ထူးများ၊ ၂၀ ရာစု မြန်မာ့သမိုင်းကို ပြောပြနေသောနေ့ရက်များ၊ အနှစ်ချုပ်မြန်မာ့သမိုင်း အဘိဓာန် (ပ၊ ဒုတွဲ)၊ ၂၀ ရာစု အကျော်ကြားဆုံး အာရှခေါင်းဆောင်များ၊ အသုံးချရှုပသျှတ္တရပညာ၊ အကျော်စေပယျစာဆိုတော်များ၊ မြန်မာ့သမိုင်းတွင် မေ့ပျောက်၍မရသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဥညဏ်အော်မြည် ကုန်းဘောင်တည်၊ ချိုယ်ချဲ့ဆန့်ကျင်ရေး ငြိမ်းချမ်းရေးဖခင်ကြီး မျိုးချစ်စာဆိုတော်ကြီး သခင်ကိုယ်တော်မှိုင်း၊ နီပေါနန်းကျဘုရင်၊ ဒုတိယ မြောက် အယ်လီဇဘက်ဘုရင်မ၊ ဂျပန်ကေရာဇ်ဘုရင်၊ နိုင်ငံ့ဥသျှောင်မင်း ဧကရာဇ်များ၊ နိုင်ငံတော်လုပ်ကြံမှု တရားခံဂဠုန်ဦးစော၏ နောက်ဆုံးနေ့များ၊ သူတို့မြင်သော ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါက်တာဘမော်၏ နိုင်ငံရေးဆောင် ရွက်ချက်များ၊ ၁၉ ရာစု မြန်မာ့သမိုင်းကို ပြောပြနေသော နေ့ရက်များ၊ အထင်ကရ မြန်မာ့နိုင်ငံရေး ခေါင်းဆောင်များ၊ မြန်မာ့သမိုင်းတစ်ကွေ့မှ နိုင်ငံခြားသားများ အာဇာနည်နေ့ကိုဖြင့် အမှေသင့်ပါ၊ လူငယ်ဂုဏ်ရည် မြင့်တက်စေဖို့၊ ဗိုလ်ချုပ်အောင်ဆန်း ဘွဲ့ကဗျာနှင့် သီချင်းများ တော်လှန်ရေး ကောင်စီ ဘာကြောင့်အာဏာသိမ်းခဲ့သလဲ စသည်တို့ ရေးသားထုတ်ဝေခဲ့ သည်။ သို့သော် ဝန်ကြီးချုပ်ဦးနုဘဝနှင့် စာပေမှတ်တမ်း၊ တို့ဖခင် ဗိုလ်ချုပ်အောင်ဆန်း ဘာမှာခဲ့သလဲ၊ ရှုံးဖျက်ခဲ့ရသော ဗမာပြည်၊ အနက် ဖော်ရခက်သော နေ့စဉ်သုံး မြန်မာဝေါဟာရများ အဘိဓာန်၊ ဗိုလ်ချုပ် အောင်ဆန်း၏ ဘဝနှင့် ခေတ်ပုံ မှတ်တမ်း၊ မြန်မာ့သမိုင်းဝင် စာချုပ်စာတမ်း များ၊ လူငယ်နီတိ၊ နှစ် ၃၀၀ နိုင်ငံရေး အဘိဓာန်၊ သခင်သန်းထွန်း၏

www.burmeseclassic.com

www.burmeseclassic.com



အတိတ် ပန်းပွင့် အနာဂတ်ပုံရိပ် ရှေးခေတ်မြန်မာ စစ်ပညာ အဘိဓာန်၊ အာထာရှင်ဗိုလ်နေဝင်း၏ တတ်သိမ်းပိုင်း၊ နေပြည်တော် မင်းသားကြီး၊ မြန်မာ့နန်းစဉ်ရာဇဝင်နှင့် နန်းစေလွှေ သုတေသနစာတမ်းများ၊ သခင်ငွေကာသစ် စသည့် စာအုပ်များသည် ယနေ့တိုင် မထုတ်ဝေရသေးပေ။

ယခင်က သုတစွယ်စုံ မဂ္ဂဇင်းတွင် ဝင်ထိုင်ဆောင်းပါးရှင်အဖြစ် ၁၉၈၆ မှ ၁၉၉၆ ခုနှစ်အထိ (၁၀) နှစ်တိုင်တိုင်ရေးသားခဲ့သည်။ ထို့ပြင် မြန်မာ့ဈေးကွက်စီးပွားရေးဂျာနယ် နှင့် မြရိပ်ညို ဂျာနယ်တို့တွင် ပထမဆုံး တာဝန်ခံ ထုတ်ဝေခဲ့ပြီး ယင်းဂျာနယ် အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ သန်းဝင်းလှိုင်ကလောင်အမည်အပြင် သိပ္ပံချစ်သူ၊ ရွှေပြည်အောင်၊ စိန်လှိုင်တင်၊ နေရဲစွမ်း၊ ပြည်ဟိန်းအောင်၊ သန်းရွှေနိုင် စသည့် ကလောင်ကွဲများဖြင့် ပိတောက်ပွင့်သစ်၊ မြန်မာသစ်၊ နွယ်နီ၊ စံပယ်ဖြူ၊ ချယ်ရီ၊ မှုခ၊ နှလုံးအိမ်၊ ပေဖူးလွှာ မဂ္ဂဇင်းများ၌ ရေးသားခဲ့သည်။ ယခုအခါ မိုးမခ၊ ခေတ်ပြိုင်၊ သစ္စာ၊ မိုးကြိုး၊ ချိုးလင်းပြာ၊ အလင်းအိမ် စသည့် အင်တာနက် စာမျက်နှာများ၌ သမိုင်းဆိုင်ရာ ဆောင်းပါးများနှင့် စာပေဆိုင်ရာ ဆောင်းပါး များ ရေးသားလျက်ရှိသည်။

၂၀၀၀ ပြည့်နှစ်၊ မေလတွင် နအဖစစ်အစိုးရက ရုပ်တုမပြောသော မြန်မာ့သမိုင်းဝင် ပုဂ္ဂိုလ်ထူးများ စာအုပ်ကိုအကြောင်းပြု၍ ပုဒ်မ ၁၇/၂၀ ဖြင့် ထောင်ဒဏ် ၇ နှစ်ချမှတ်ခဲ့ရာ အင်းစိန်၊ သာယာဝတီထောင်များ၌ ရက်ပေါင်း ၂၃၈၇ ရက် (၆ နှစ် နှင့် ၈ လ) တိတိကျခံပြီးနောက် ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် သာယာဝတီထောင်မှ ပြန်လည် လွတ်မြောက်လာခဲ့သည်။ လွတ်မြောက်ခဲ့ပြီးနောက် သမိုင်းဆိုင်ရာစာပေများ ဆက် လက်ရေးသားခဲ့ရာ သမိုင်းဆိုင်ရာစာအုပ် စုစုပေါင်း (၁၅) အုပ် ပိတ်ပင် တားမြစ်ခြင်းခံရပြီး နအဖစစ်အစိုးရက ၎င်းအား ပြန်လည်ဖမ်းဆီးရန် စီစဉ်နေသည်ကို ကြိုတင်သိရှိခဲ့သဖြင့် ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ထိုင်းနိုင်ငံသို့ ခေတ္တတိမ်းရှောင်လာခဲ့သည်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင် ဒီမိုကရေစီမိခင်ကြီး ဒေါ်အောင်ဆန်းစုကြည်စာအုပ်ကို ရေးသားထုတ်ဝေ၍ စာပေမြတ်နိုးသူများ အားလုံးကို မေတ္တာဖြင့် ဖြန့်ဝေပေးခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ယင်းနောက် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးအတွေးအမြင်များ၊ အကျော်ဒေယျမြန်မာ့ အမျိုးသမီးများ၊ မေ့ပျောက်၍မရသော အာဇာနည်နေ့၊ ဒေါ်အောင်ဆန်းစုကြည်၏ လက်ရွေးစင် မိန့်ခွန်းပေါင်းချုပ်၊ ဥူးဂုဏ္ဏသရိယ (သို့မဟုတ်) အမှောင်ခွင်း၍ အလင်းဆောင်နေသူ စသည့်စာအုပ်များ ရေးသား ထုတ်ဝေခဲ့သည်။ ယခုအခါ တတိယနိုင်ငံ၌ အခြေချနေထိုင်ရန် ဖြင်ဆင်လျက်ရှိပြီး SAW အထက်တန်း ကျောင်း၌ ၇၊ ၈၊ ၉၊ ၁၀ တန်း ကျောင်းသားများကို မြန်မာဘာသာနှင့် သမိုင်းဘာသာရပ်များကို ၂၀၁၀ မှ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လအထိ ပို့ချခဲ့သည်။ ယခုအခါ သမိုင်းဆိုင်ရာ စာပေများ ပြုစုလျက်ရှိသည်။

ဆက်သွယ်ရန်လိပ်စာ
***Ph : (66) 897033128***
(ခေတ္တ) ထိုင်းနိုင်ငံ၊ မဲဆောက်မြို့။
***Email : jamesparr007@gmail.com***

○

www.burmeseclassic.com